# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၃၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္လာနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ဥဇဘက်ကစ္စတန်လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်   စက်တင်ဘာ   ၁**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ်ကာရီမော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❁

# ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားရခြင်းကို အဓိကထားတဲ့ နိုင်ငံရေးစေတနာမှန်သက်သက်ဖြင့် လုပ်ဆောင်နေ

**နိုင်ငံတော်သမ္မတ ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

**၁-၉-၂၀၁၄**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဩဂုတ်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများရဲ့ အခြေအနေများကို လက်တွေ့ကျကျသုံးသပ်မယ်ဆိုရင် မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရှိနေပြီး ထိုက်သင့်တဲ့နိုင်ငံရေး အရွေ့တစ်ရပ်လည်း ရှိနေတယ်ဆိုတဲ့အချက်ဟာ ငြင်းဆိုလို့မရနိုင်တဲ့ အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။ **ကျွန်တော်နဲ့အတူ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှာ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေကြသူများအနေနဲ့ နိုင်ငံရေးဖြေလျှော့မှုများနဲ့ နိုင်ငံရေး ယဉ်ကျေးမှုသစ်များ အသက်ဝင်ရှင်သန်ရေးတို့ကို ခိုင်မာတဲ့ သန္နိဋ္ဌာန်ချဆောင်ရွက်နေခြင်းဟာ ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားရခြင်းကို အဓိကထားတဲ့ နိုင်ငံရေး စေတနာမှန်သက်သက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။**

ဒီလိုလုပ်ဆောင်တဲ့နေရာမှာလည်း ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများနဲ့ အခက်အခဲများကို ကျော်လွှားတဲ့အခါမှာ ရှုမြင်တဲ့ပုံစံများပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုများအပေါ် အကောင်းအဆိုး ခွဲခြားတွေ့မြင်နေကြရတာဖြစ်ပါတယ်။ ဒီလိုမတူညီတဲ့ရှုမြင်မှုများနဲ့ ရပ်တည်ချက်များကိုလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး တာဝန်အရှိဆုံးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ နားလည်လက်ခံပြီး *စာမျက်နှာ ၃ ကော်လံ ၁* ✺

# မြန်မာ့လက်ဖက် ဂျပန်ဝယ်ယူမည်

**သတင်း-ဝေယံဦး**

**ရန်ကုန်   ဩဂုတ်   ၃၁**

မြန်မာနိုင်ငံမှ ထွက်ရှိသောသစ်သီးဝလံပန်းမန်များကို အိမ်နီးချင်းနိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးကြိုးစားလျက်ရှိရာ ဂျပန်နိုင်ငံက မြန်မာ့လက်ဖက်အစိုနှင့်လက်ဖက်ခြောက်များကို ဝယ်ယူရန် ကမ်းလှမ်းမှုရှိနေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မြန်မာ့လက်ဖက်အစိုနဲ့အခြောက်ကို ဝယ်ယူနိုင်ဖို့အတွက် ဂျပန်ကုမ္ပဏီတစ်ခုက သံရုံးကတစ်ဆင့်ကမ်းလှမ်းလာပါတယ်။ ဂျပန်နိုင်ငံကို တင်ပို့နိုင်ရေးအတွက် လက်ဖက် အရည်အသွေးကောင်းမွန်မှုနဲ့ ထုပ်ပိုးမှုအပြင် သယ်ဆောင်တင်ပို့မှု အပိုင်းတွေလည်း ကောင်းမွန်ဖို့လိုအပ်ပါတယ်” ဟု ၎င်းကပြောသည်။

မြန်မာ့လက်ဖက်အစိုနှင့်အခြောက်ကို ဝယ်ယူရန် ကမ်းလှမ်းလာသည့်ကုမ္ပဏီမှာ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် Green Tea ကုမ္ပဏီမှဖြစ်ပြီး အရည်အသွေးပြည့်မီသည့် မြန်မာ့လက်ဖက်များကို ဝယ်ယူလိုနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့အနီးဝန်းကျင်နှင့် တာချီလိတ်မြို့ဝန်းကျင်ဒေသ *စာမျက်နှာ ၃ ကော်လံ ၄* ■

**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပိုရှစ်မျက်နှာ ပါရှိပါသည်။**

## ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် မြန်မာ့အမြင့်ဆုံးတံတား



ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်၌တည်ရှိပြီး အရှည်ပေ ၂၂၆၀၊ တံတားကြီး၏ထောက်ပင့်သံတိုင် အမြင့်ဆုံး ပေ ၃၂၀၊ အနိမ့်ဆုံး ၄၅ ပေရှိ နာမည်ကျော် ဂုတ်ထိပ်တံတားကြီး၏ အလှကို တွေ့ရစဉ်။ (သတင်း-စာ-၅)   ဓာတ်ပုံ-ကိုနေ(သီပေါ)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိုးတက်ပြောင်းလဲမှုနှင့်သန်းခေါင်စာရင်း

နိုင်ငံတစ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် စာရင်းဇယား ကိန်းဂဏန်းအချက်အလက်များပေါ်တွင် အခြေခံပြီး ဆောင်ရွက်ကြလေ့ရှိသည်။ တစ်နည်းအားဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင်ပါဝင်သော အချက်အလက်များ တိကျမှန်ကန်မှုသည်အရေးကြီးပါသည်။ ထိုကိန်းဂဏန်းအချက်အလက်များမှန်ကန်မှလည်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဖော်ဆောင်ရာတွင် ထိရောက်မှုရှိမည်ဖြစ်ပါသည်။

ကျေးရွာတစ်ခုချင်းစီမှ မြို့နယ်တစ်ခုချင်းစီအလိုက် နေထိုင်သည့် လူဦးရေ ၊ ကျား၊ မအရေအတွက်၊ အလုပ်အကိုင်ရရှိမှု၊ ပညာတတ်မြောက်မှုအနေအထား ၊ စီးပွားရေးအခြေအနေစသည့် သိရှိနိုင်ရန်မှာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပေါ်တွင်မူတည်လျက်ရှိပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်းနှစ်ပေါင်း ၃၀ ကြာကောက်ယူနိုင်ခြင်းမရှိခဲ့သည့် သန်းခေါင်စာရင်းကို ယခုနှစ်မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယခုအခါ ရှေ့ပြေးလူဦးရေစာရင်းထွက်ပေါ်လာပြီဖြစ်ပါသည်။

ဤရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်ယံအချိန်၌ရှိကြသော (ပြည်ပမြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁၄၁၉၄၂၀ ဖြစ်ပြီး အမျိုးသား ၂၄၈၂၁၁၇၆ ဦးနှင့်အမျိုးသမီး ၂၆၅၉၈၂၄၄ ဦးရှိကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်ထားသည်။ အဆိုပါလူဦးရေသည် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် စာရင်းမကောက်ယူနိုင်သည့်ဒေသအချို့၏ ခန့်မှန်းလူဦးရေကိုပါ ထည့်သွင်းဖော်ပြထားသည်။ လူဦးရေအထူထပ်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၇၃၅၅၀၇၅ ရှိကာ တစ်နိုင်ငံလုံး စုစုပေါင်းလူဦးရေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ ဧရာဝတီတိုင်းဒေသကြီးက လူဦးရေ ၆၁၇၅၁၂၃ ဖြင့် ၁၂ ဒသမ ၀ ရာခိုင်နှုန်းရှိကာ ဒုတိယအများဆုံးဟု ဆိုနိုင်သော်လည်း မန္တလေးတိုင်းဒေသကြီးလူဦးရေ ၆၁၄၅၅၈၈ ဦးနှင့် နိုင်းစာလျှင် မတိမ်းမယိမ်း အနေအထားတွင်ရှိသည်။

ဤရှေ့ပြေးလူဦးရေစာရင်းအရ မြို့ပြလူဦးရေ ၁၄၈၆၄၁၁၉ ဦးရှိရာ စုစုပေါင်း လူဦးရေ၏ ၂၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသနေ ပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ဆိုကြခြင်းဖြစ်သည်။ မြို့ကြီးများ၏လူဦးရေစာရင်းမှာလည်း ရန်ကုန်မြို့က ၅ ဒသမ ၂ သန်းဖြင့် အများဆုံးဖြစ်ပြီး မန္တလေးမြို့က ၁ ဒသမ ၂၃ သန်းရှိကာဒုတိယ အများဆုံးဖြစ်သည်။ မြို့ကြီးများအားလုံးတွင် အမျိုးသမီးသည် အမျိုးသားထက်ပိုများသည်။ လူဦးရေအထူထပ်ဆုံးခရိုင်များအဖြစ် ရန်ကုန်မြောက်ပိုင်း၊ ရန်ကုန်အရှေ့ပိုင်း၊ ပဲခူး၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ရွှေဘို၊ ရန်ကုန်တောင်ပိုင်း၊ မကွေးနှင့် မော်လမြိုင်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

ထိုသို့ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များကို သိရှိလာသည်နှင့်အမျှ ဖော်ဆောင်ဆဲ၊ ဖော်ဆောင်မည့်စီမံကိန်းလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်လျက် ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ပွင့်လန်းလာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းဆင်းပွဲနှင့်တာဝန်ခန့်အပ်

**ရန်ကုန် ဩဂုတ် ၃၁**

နယ်စပ်ဒေသအပါအဝင် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ ကျေးလက်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကိုဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။



အခမ်းအနားသို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးဦးမင်းသန့်၊ အထည်ချုပ်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ နည်းပြများနှင့်သင်တန်းဆင်း သင်တန်းသူ ၁၀၀ တို့ တက်ရောက်ကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ၊ နည်းပြများနှင့်သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး(အပေါ်ယာပုံ) သင်တန်းဆင်း အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြမည့် သင်တန်းသူ ၁၀၀ အား အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးသည်။

သင်တန်းသူများမှာ ဗမာ ၅၄ ဦး၊ နာဂ ၁၀ ဦး၊ ရှမ်း ၁၀ဦး၊ ကယားသုံးဦး၊ ပလောင်လေးဦး၊ လီဆူလေးဦး၊ ချင်း ၁၀ ဦး၊ ရခိုင်ငါးဦးတို့ ဖြစ်သည်။

ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဒေါ်မို့မို့သွင်က အလုပ်သမား အသိအမှတ်ပြုလွှာများပေးအပ်ပြီး အထည်ချုပ်အလုပ်သမား ၅၀ ကို (Myanmar Synergy Garment Co., Ltd.) မန်နေဂျာ ဦးချိုလွင်ဦးအားလည်းကောင်း၊ အလုပ်သမား ၅၀ကို (Cherry Garment Co.,Ltd.) မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်ယဉ်ဌေးအားလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် (Cherry Garment Co.,Ltd.) မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်ယဉ်ဌေးက သင်တန်းဆင်း အထည်ချုပ် အလုပ်သမားများအား အထည်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်လွှာပေးအပ်ပြီး အလုပ်ခန့်အပ်ရခြင်း အကြောင်းရင်းနှင့် အလုပ်သမားများ၏ ခံစားခွင့်နှင့် ရပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသ ကျေးလက်၊ မြို့ပြနေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်းရန်အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ သင်တန်း အမှတ်စဉ်(၁)အား ဩဂုတ် ၄ ရက်မှ ၁၅ ရက်အထိ သင်တန်းဆင်းပြီး (Myanmar Synergy Co.,Ltd.) တွင် အလုပ်တာဝန်များပေးအပ်ကာ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေကြပြီဖြစ်သည်။

ယခုသင်တန်းအမှတ်စဉ်(၂)အား ဩဂုတ် ၁၈ရက်တွင် စတင်ဖွင့်လှစ်ပြီး ၂၉ ရက်တွင် သင်တန်းဆင်းပြီးမြောက်ကာ (Myanmar Synergy Co., Ltd.)တွင် တိုင်းရင်းသူ ၅၀ ၊ (Myanmar Garment Co., Ltd.) တွင် ၅၀ ခွဲဝေအပ်နှင်းကာ အထည်ချုပ်ကျွမ်းကျင် ဝန်ထမ်းများအဖြစ် တာဝန်များထမ်းဆောင်တော့မည် ဖြစ်သည်။

နယ်စပ်ဒေသအပါအဝင် ကျေးလက် မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်ရန် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်း အမှတ်စဉ်(၃)တွင် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူ ၁၄၀ တိုးမြှင့်သင်တန်းပေး၍ အထည်ချုပ်စက်ရုံများတွင် ခန့်အပ်တာဝန်ပေးရန်စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းနှင့် အဆင့်မြင့် စက်ချုပ်(အထူး) သင်တန်းတို့မှ သင်တန်းသူများအား လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် UNICEF တို့ ပူးပေါင်း၍ JJIAWG အစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် UNICEF တို့ ပူးပေါင်း၍ ကလေးသူငယ် တရားစီရင်ရေးနှင့် ဆက်စပ်နှီးနွှယ်သောအဖွဲ့အစည်းများ JJIAWG အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက Hotel 76 Meeting Room ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးဆောင်လျက် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် တရားရေးအရာရှိများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေး၊ ပညာရေးစသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြပြီး ကလေးသူငယ်မှုခင်းများကို ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်နိုင်ရေးအတွက် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



## အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့် လှစ်

**ကျောက်ဖြူ ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ သစ်တောဦးစီးဌာနအမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ကျောက်ဖြူမြို့နယ်သစ်တောဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ကျောက်ဖြူခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းသန်းစိုးက သင်တန်းပို့ချ၍ သင်တန်းကာလမှာ ဩဂုတ် ၂၈ မှ ၃၀ ရက် ထိဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

www.yangoninternationaltradeexhibition.com
The 2nd Yangon International Trade Exhibition 2014
September 18 to 21, 2014
Tatmadaw Hall, Yangon
Supported by:
Co-organizer:
Organized by:
JOBOX
Job Opportunities 4 You
hot line: 09-8626080
A+
HomeCity
SYDNEY
KJTM
J-SAT

# ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ မြို့ပြစီမံကိန်းများ အလေးထားလုပ်ဆောင်

✳ ရှေ့ဖုံးမှ

ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကကျတဲ့ အချက်တစ်ချက်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်သူလူထုကို နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအရ ဦးဆောင်မှုများပေးနေတဲ့ ခေါင်းဆောင်များအနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် သဘောတူခြင်း၊ မတူခြင်းဆိုတာထက် လက်ဝယ်ရရှိထားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အရှိန်အဟုန်များတုံ့နှေးလျော့ကျသွားခြင်းမျိုးမဖြစ်စေဘဲ ဆက်လက် အသက်ဝင်ရှင်သန်ရေးနဲ့ခိုင်မြဲရေးကို တည်ဆောက်ရေးအမြင်နဲ့ ရှုမြင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုခြင်းပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ဟာ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တတိယမူကြမ်းကိုပြုစုနိုင်ခဲ့ပြီး ဆက်လက်ညှိနှိုင်းစရာ အချက်အနည်းငယ်သာ ကျန်တဲ့အထိ တိုးတက်မှုများ ရရှိခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲများကိုတက်လှမ်းဖို့ ပြင်ဆင်ဆောင်ရွက်မှုတစ်ခုအနေနဲ့ တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးမှုကို ပထမဦးဆုံးအကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ များမကြာမီကာလမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အောင်မြင်စွာချုပ်ဆိုပြီး၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များချမှတ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ငြိမ်းချမ်းရေးရဲ့အခြေခံအုတ်မြစ်ကို ကျွန်တော်တို့အစိုးရလက်ထက်မှာ ချမှတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အခါအခွင့်သင့်တိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။ ဩဂုတ်လအတွင်းမှာ “ဝ” အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ (၄)နဲ့ SSPP/SSA မှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များထဲမှာ ထိုအဖွဲ့များအနေနဲ့ ပူးပေါင်းပါဝင်လိုတဲ့ ဆန္ဒများရှိကြောင်းကို ဆွေးနွေးဖလှယ်ခဲ့ကြပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့တဲ့ မပြေလည်မှုတွေ၊ ပဋိပက္ခတွေကို ညှိနှိုင်းအဖြေရှာနေရတာဖြစ်တဲ့အတွက် လိုအပ်တဲ့အချိန်ကာလတစ်ခုကိုဖြတ်သန်းရမယ်ဆိုတာကို နားလည်လက်ခံပေးကြရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးလက်တွေ့ဆန်မှုအရ နိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ခေါင်းဆောင်များအပါအဝင် ပြည်သူတစ်ဦးချင်းစီအနေနဲ့ စိတ်ရင်းစေတနာကောင်းများကို အားပြုပြီး လက်ရှိအခြေအနေများကိုသာမက ကောင်းမွန်တဲ့အနာဂတ်များ မျှော်မှန်းထားရှိပြီး ရဲရဲဝံ့ဝံ့ ဆက်လက်ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ဩဂုတ်လအတွင်းမှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံဒေသတွင်းဖိုရမ်နဲ့ အခြားအရေးပါတဲ့ ဆက်စပ်အစည်းအဝေးများကို နေပြည်တော်မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ လက်ရှိအရေးကြီးတဲ့ ကမ္ဘာ့ရေးရာကိစ္စရပ်များနဲ့ ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ ဒီအစည်းအဝေးများဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတကာဆက်ဆံရေးမှာ အရေးကြီးတဲ့ပွဲကြီးတစ်ပွဲကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ထို့အတူ ယခုလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးများနဲ့ ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နဲ့ ရုရှားဖက်ဒရေးရှင်း၊ အီးယူကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါတယ်။

ပိတ်ဆို့အရေးယူမှုတွေနဲ့ နှစ်ပေါင်းများစွာ အထီးကျန်ခဲ့ရမှုတွေကနေ ရုန်းထွက်နိုင်ဖို့ကြိုးပမ်းနေတဲ့ကာလမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီဆွေးနွေးပွဲကြီးကို အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ခဲ့တဲ့အတွက် နိုင်ငံအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဥက္ကဋ္ဌတာဝန်ယူထားရတဲ့နိုင်ငံအနေနဲ့ ထိုက်တန်တဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုလည်းဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကြီးများ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ဝန်ထမ်းများနဲ့ကျရာကဏ္ဍများမှာ အဆင့်ဆင့် တာဝန်ယူခဲ့ကြတဲ့ပုဂ္ဂိုလ်အသီးသီးကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံရဲ့ဒေသတချို့မှာ ဩဂုတ်လအတွင်းကဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကိစ္စရပ်များဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ခေတ်ကာလများမှာ ရှောင်လွှဲဖို့ခက်ခဲတဲ့ သဘာဝဘေးအန္တရာယ်တွေရဲ့စိန်ခေါ်မှုတွေကို ယခင်ကာလများကထက် ပိုမိုရင်ဆိုင်လာရပြီး ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အမြဲပြင်ဆင်ထားရမယ်ဆိုတဲ့ သတိပေးမှုလည်းဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ရဲ့ ခြိမ်းခြောက်မှုများ၊ ဆိုးကျိုးများကို လျှော့ချနိုင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ရင်ဆိုင်တုံ့ပြန်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်ပြီး အစဉ်တိုးတက်ကောင်းမွန်စေဖို့ ကြိုးပမ်းနေပါတယ်။ အခက်အခဲကြုံတွေ့နေရတဲ့ ပြည်သူတွေကို မွန်မြတ်စွာကူညီခဲ့ကြတဲ့အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ဆောင်ရွက်မှုများကိုလည်း အထူးဂုဏ်ယူဝမ်းမြောက်မိကြောင်းလည်း ပြောကြားလိုပါတယ်။

အသွင်ကူးပြောင်းရေးဆောင်ရွက်ရတဲ့နိုင်ငံတိုင်းမှာ ကြုံတွေ့ရတဲ့ပြဿနာ

**များမကြာမီကာလမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အောင်မြင်စွာချုပ်ဆိုပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များချမှတ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ကို ကျွန်တော်တို့အစိုးရလက်ထက်မှာ ချမှတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

များထဲမှာ ကျေးလက်မြို့ပြ မြေယာစီမံခန့်ခွဲရေးနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ အရေးအကြီးဆုံးနဲ့ခက်ခဲတဲ့ကိစ္စတစ်ရပ်ပဲဖြစ်ပါတယ်။ မြို့ပြနဲ့ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲအသုံးပြုနိုင်ရမှာဖြစ်ပါတယ်။ အိုးမဲ့အိမ်မဲ့များ၊ ကျူးကျော်ကိစ္စရပ်များနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဥပဒေမဲ့ကျူးကျော်မှုများကို အရေးယူဆောင်ရွက်လျက်ရှိသလို အမှန်တကယ် မြေယာမရှိတဲ့ တောင်သူများကို မြေယာခွဲဝေပေးရေးဟာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကြီးမားတဲ့ အထောက်အပံ့ဖြစ်တယ်လို့ ခံယူပြီးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**လက်ရှိ ဆောင်ရွက်နေတဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရန်ကုန်နဲ့ မန္တလေးလို နေရာများမှာသာမကဘဲ မြို့ကြီးများဖြစ်တဲ့ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မုံရွာ၊ မကွေးနဲ့ စစ်တွေလိုနေရာမျိုးမှာ ပြည်သူလူထုအများစု လက်လှမ်းမီစေနိုင်မယ့် ပြည်သူ့အိမ်ရာစီမံကိန်းတွေကို မြို့ရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။**

တစ်ဖက်မှာလည်း မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေ ငါးသန်းကျော်မှီတင်းနေထိုင်တဲ့ ရန်ကုန်မြို့တော်အပါအဝင် အခြားမြို့ကြီးများအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ စနစ်ကျတဲ့ မြို့ပြစီမံကိန်းလုပ်ငန်းများကို အလေးထားလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့ သဟဇာတရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းတို့ကို ပိုင်ဆိုင်ပြီး အာရှတိုက်ရဲ့ နေချင့်စဖွယ်၊ လာရောက်လည်ပတ်ချင်စဖွယ် အကောင်းဆုံးမြို့ကြီးများထဲက မြို့တစ်မြို့အဖြစ် ပေါ်ပေါက်လာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါတယ်။ အာရှတိုက်ရဲ့ အခြားမြို့ကြီးများထက် ရှေးဟောင်းအဆောက်အအုံများ၊ ဗိသုကာလက်ရာများနဲ့ ပြည့်စုံတဲ့ ရန်ကုန်မြို့တော်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ရန်ကုန်မြို့ရဲ့ရှေးဟောင်းဗိသုကာအဆောက်အအုံများထိန်းသိမ်းရေးကို အဓိက ဆောင်ရွက်နေတဲ့ ရန်ကုန်မြို့အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ (YHT) တို့ပူးပေါင်းဆောင်ရွက်နေတာကလည်း ကောင်းမွန်တဲ့ စံပြလုပ်ဆောင်မှုလည်းဖြစ်ပါတယ်။

သမိုင်းဝင်အဆောက်အအုံများအတွက် အထိမ်းအမှတ် ကမ္ပည်းပြားတပ်ဆင်ခြင်းလုပ်ငန်းစဉ်များရဲ့ ပထမဆုံးဆောင်ရွက်မှုအဖြစ် မြို့တော်ခန်းမရဲ့ ကမ္ပည်းပြားတပ်ဆင်ခြင်းကို ဩဂုတ်လအစောပိုင်းက စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး သမိုင်းဝင်ဗိသုကာနေရာ ၁၀၀ ကျော်အတွက် အထိမ်းအမှတ်ကမ္ပည်းပြားများတပ်ဆင်ခြင်းကို ၂၀၁၆ ခုနှစ်အမီ စိုက်ထူနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဩဂုတ်လနောက်ဆုံးပတ်အတွင်းမှာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဟန်ချက်ညီညီဆောင်ရွက်နိုင်မှု၊ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်မှု ပိုမိုမြင့်မားစေဖို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လေးလပတ်အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

---

❀ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှက်ဗ်ကတ် မီဇီယိုယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၃၁**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (25th ASEAN SUMMIT) ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events၌ (25th ASEAN SUMMIT) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၁၅ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၀ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ Sky Palace Hotel ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၂၂၇ နှင့် ၄၁၂၀၅၇ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

■ ရှေ့ဖုံးမှ

တောင်တန်း၊ တောင်ကြောများပေါ်တွင် စိုက်ပျိုးကြပြီး တရုတ်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။ အထူးသဖြင့် မြန်မာ့လက်ဖက်ခြောက်များကိုသာ ကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ဖက်အစိုထုတ်လုပ်မှုမှာ ပြည်တွင်းစားသုံးမှု၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိနေပြီး ကျန်သည့် ၉၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် လက်ဖက်အစိုများဖြစ်သည်။ တရုတ်နိုင်ငံတွင် လက်ဖက်စိုက်ပျိုးမှုမှာ စီးပွားဖြစ်အကြီးအကျယ်စိုက်ပျိုးခြင်းဖြစ်ပြီး စိုက်ဧက သန်းချီကာ စိုက်ပျိုးကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုးမှုတွင် စက်ပစ္စည်းနှင့် နည်းပညာများလိုအပ်လျက်ရှိရာ လောလောဆယ်တွင် လူအင်အားဖြင့်သာစိုက်ပျိုးနေရပြီး စိုက်ပျိုးမှုနည်းပညာများလည်း လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ပမှတင်သွင်းလာသော လက်ဖက်အစိုတစ်ပိဿာလျှင် ၃၅၀၀ ခန့်ရှိသော်လည်း ပြည်တွင်း လက်ဖက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၉၀၀၀ အထိ ရှိနေခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

---

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကမီလော့ဗ် အဗ္ဗဒူလာဇစ် ခါဖစ်ဇိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

# ဗန်းမော်၌ မူကြိုကလေးများအား အာဟာရတိုက်ကျွေး

**ဗန်းမော် ဩဂုတ် ၃၁**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ် ရပ်ကွက်အစိုးရမူကြိုကျောင်း၌ ဖြည့်စွက်စာအာဟာရတိုက်ကျွေးမှုကို အပတ်စဉ်တစ်ပတ်လျှင်နှစ်ကြိမ် တိုက်ကျွေးလျက်ရှိရာ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်အေးအေးခိုင်၊ မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သီနှင့် ဆရာမများသည် ဖြည့်စွက်စာအဖြစ် အာဟာရနှင့်နွားနို့များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **မောင်ခမ်းတီး**

နိုင်ငံတကာသတင်း

# လီဆိုသိုတွင် အစိုးရတပ်များက အာဏာသိမ်း၊ ဝန်ကြီးချုပ် တောင်အာဖရိကသို့ ထွက်ပြေး

**မာဆီရု ဩဂုတ် ၃၁**

အာဖရိကတောင်ပိုင်း လီဆိုသိုနိုင်ငံ ဝန်ကြီးချုပ်သည် တပ်မတော်က အာဏာသိမ်းမှုကြောင့် တောင်အာဖရိကနိုင်ငံသို့ ထွက်ပြေးသွားကြောင်း၊ ၎င်းသည်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မိမိတောင်အာဖရိကသို့ ပြန်လာမည်ဖြစ်ကြောင်း၊ လီဆိုသိုအခြေအနေသည် မိမိ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် အနေအထားဖြစ်ကြောင်း ဝန်ကြီးချုပ် သောမတ်စ်တာဘန်းက ဘီဘီစီသို့ ပြောသည်။




မြို့တော်မာဆီရုတွင် အစိုးရတပ်ဖွဲ့ဝင်များက အဆောက်အအုံများကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

လီဆိုသိုနိုင်ငံသည် ၁၉၆၆ ခုနှစ် လွတ်လပ်ရေးရပြီး ကတည်းက တပ်မတော်မှ အာဏာသိမ်းမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ မစ္စတာ တာဘန်းသည် အစိုးရကို စည်းလုံးညီညွတ်သောအစိုးရအဖြစ် ဦးဆောင်ခဲ့သည်။ သို့သော်လည်း ၎င်း၏ ညွန့်ပေါင်းအဖွဲ့သည် မဲလိမ်သည်ဆိုသော စွပ်စွဲချက်ဖြင့် ဇွန်လတွင် ပါလီမန်ကို ရပ်ဆိုင်းခဲ့သည်။

"ကျွန်တော်ဒီမနက်ပဲ တောင်အာဖရိကကို ပြန်ပြီဖြစ်ပါတယ်။ ကျွန်တော့်အတွက်အန္တရာယ်မဖြစ်ဘူးဆိုရင်တော့ မကြာမီပြန်လာမှာပါ။ အသေခံဖို့တော့ ကျွန်တော် ပြန်လာမှာ မဟုတ်ပါဘူး"ဟု ဝန်ကြီးချုပ်တာဘန်းက ပြောကြားသည်။ **(ဘီဘီစီ)**

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းမြေပြိုမှု သေဆုံးသူ ၂၂ ဦးထိရှိလာ

**ကွီရန်း ဩဂုတ် ၃၁**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ တနင်္ဂနွေနေ့ နံနက်ပိုင်းက အလောင်းနှစ်လောင်း ထပ်မံတွေ့ရှိခဲ့ပြီး ဆက်လက်ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ သေဆုံးသူအရေအတွက် ၂၂ ဦးထိရှိလာပြီဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောခဲ့သည်။

တောင်ကုန်းဒေသဖြစ်သည့် ကွီကျို့ပြည်နယ် ရန်ပင်းရွာအနီးရှိ မီတာ ၆၀၀ အမြင့်ရှိသော တောင်ကုန်းပြိုကျခဲ့ခြင်းဖြစ်သည်။ ၎င်းပြိုကျပြီး လေးရက်မြောက်နေ့အထိ အခြားဒဏ်ရာရရှိသူ ၂၂ ဦးရှိခဲ့ပြီး တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ကယ်ဆယ်ရေးဌာနအရာရှိများက ဆင်ဟွာသို့ ပြောခဲ့သည်။

မြေပြိုမှုကြောင့် ပျောက်ဆုံးဒဏ်ရာရရှိသူများမှာ ရန်ပင်းရွာရှိ အိမ်ထောင်စု ၁၀ခုမှဖြစ်ကြပြီး အများစုမှာ ကလေးများဖြစ်ကြသည်။ အဆိုပါဒေသသည် စီးပွားရေးချို့တဲ့သောဒေသဖြစ်သဖြင့် ရွာသားအများစုသည် မြို့များသို့ အလုပ်လုပ်သွားနေကြရာ ရွာအတွင်း၌ ကလေးများနှင့်သက်ကြီးပိုင်းများသာ ကျန်ခဲ့ကြောင်း ယင်းဒေသနေထိုင်သူများက ပြောသည်။

ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်သည် ကယ်ဆယ်ရေးကို အင်တိုက်အားတိုက်လုပ်ကိုင်လျက်ရှိပြီး မြေပြိုမှုဖြစ်ပွားရသည့်အကြောင်းရင်းကို လေ့လာမှု ပြုလုပ်နေဆဲဖြစ်သည်။ **(ဆင်ဟွာ)**

# အိုင်ဆစ်တို့ကို အမေရိကန်လေကြောင်းမှ တိုက်ခိုက် အဝိုင်းခံနေရသည့်မြို့မှ အရပ်သားများကို ရိက္ခာများချပေး

**ပင်တဂွန် ဩဂုတ် ၃၁**

အမေရိကန်စစ်လေယာဉ်များက အိုင်ဆစ် စစ်သွေးကြွများ အဝိုင်းခံနေရသည့် အမီယာလီမြို့သို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ချပေးခဲ့ကြောင်း ပင်တဂွန်က ပြောသည်။

အဆိုပါ အမီယာလီမြို့၌ ရှီးယိုက်တူရကီလူနည်းစု ၁၅၀၀၀ နေထိုင်လျက်ရှိပြီး ၎င်းတို့အား အိုင်ဆစ်စစ်သွေးကြွများက နှစ်လခန့်ကြာ ပိတ်ဆို့ထားသည်။

အမေရိကန်တို့က အိုင်ဆစ်တို့၏ နေရာများကို လေကြောင်းမှတိုက်ခိုက်ခဲ့သည်။ အီရတ်တပ်မတော်၊ ရှီးယိုက်ပြည်သူ့စစ်နှင့်ကာ့ဒ်တိုက်ခိုက်ရေးသမားများသည် အိုင်ဆစ်တို့၏ ပိတ်ဆို့ထားမှုကိုဖြိုခွင်းရန် ရုန်းကန်ကြိုးစားနေရသည်။

ယူကေ၊ ဩစတြေးလျနှင့်ပြင်သစ်တို့သည် လေကြောင်းမှ လူသားချင်းစာနာမှုအကူအညီများ ဆောင်ရွက်ရာတွင် အမေရိကန်နှင့်အတူ ပူးပေါင်းလုပ်ဆောင်လာကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က ပြောသည်။

အစားအစာ၊ ရေနှင့်ဆေးဝါးအကူအညီများ လေကြောင်းမှ ချပေးခဲ့ကြသည်ဟု ဆိုသည်။ စစ်ဆင်ရေးဆောင်ရွက်ပေးစဉ်အတွင်း အမီယာလီမြို့အတွင်း ပိတ်မိအရပ်သားများကို ကာကွယ်ပေးရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီး ကာဘိုင်က ထပ်လောင်းပြောကြားလိုက်သည်။

အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်စဉ်အတွင်း အိုင်ဆစ်စစ်သွေးကြွများက အရပ်သားများအား အစုအပြုံလိုက်သတ်ဖြတ်သွားမည်ကို စိုးရိမ်မိကြောင်း ကုလသမဂ္ဂက ထုတ်ဖော်ပြောကြားသည်။



စောစောပိုင်းတွင် အမေရိကန်တို့က မိုဆူးလ်ဆည်အနီး အိုင်ဆစ်တို့ကို လေကြောင်းမှ တိုက်ခိုက်မှုအသစ်တစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း သံချပ်ကာယာဉ်တစ်စီး၊ တိုက်ခိုက်ရေးစခန်းများနှင့် လက်နက်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အမေရိကန်စစ်တပ်၏ ကြေညာချက်တွင် ဖော်ပြသည်။ **(ဘီဘီစီ)**

# ဖိလစ်ပိုင်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၂ ဦး ဂိုလန်ကုန်းမြင့်ဒေသ သူပုန်ထောင်ချောက်အတွင်းမှလွတ်မြောက်

**ဂျီနီဗာ ဩဂုတ် ၃၁**

ဆီးရီးယားဂိုလန်ကုန်းမြင့်ဒေသတွင် သူပုန်များ၏ပိတ်ဆို့ခံထားရသည့် ဖိလစ်ပိုင်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၂ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

"မြေပြင် အခြေအနေကတော့ ငြိမ်သက်စပြုနေပါပြီ။ ဒါပေမယ့် တင်းမာမှုတွေကတော့ ရှိနေသေးတာပေါ့။ အသေးစိတ်တော့ မပြောနိုင်သေးပါဘူး"ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အခြားငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၄၀ သည် မိမိတို့ကိုယ်ကိုယ် ပြန်လည်ခုခံကာကွယ်နိုင်မှုကြောင့် သူပုန်တို့၏ ခုနစ်နာရီကြာ အဝိုင်းခံထားရပြီး လွတ်မြောက်သွားခဲ့သည်။

နုဆရာတပ်ဦးနှင့် အဆက်အသွယ်ရှိသော အယ်လ်ခိုင်ဒါဟုယူဆရသော အဆိုပါသူပုန်များက ဖီဂျီငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၄၄ ဦးကို ဖမ်းဆီးထားသည်။ ယင်းသူပုန်တို့သည် အစ္စရေးသိမ်းပိုက်ခံ ဂိုလန်ဒေသသို့ သွားရာနယ်စပ်ဂိတ်ကိုလည်းသိမ်းထားသည်။

"လူတိုင်းအတွက် လုံခြုံဘေးကင်းတဲ့နေရာပါ။ ကျွန်တော်တို့ နေရာဟောင်းကို စွန့်ခွာခဲ့ပါပြီ"ဟု ဖိလစ်ပိုင် ဒုတိယဗိုလ်မှူးကြီး ရာမန်းဇာဂလာက ပြောဆိုလိုက်သည်။

ဖိလစ်ပိုင် ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များသည် ဗုဒ္ဓဟူးနေ့က သူပုန်နှင့် အစိုးရတပ်များအကြားတိုက်ပွဲဖြစ်ပွားစဉ်ကွမ်နီထရာမြို့အနီး အဖမ်းခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**



# ကိုလံဘီယာမြောက်ပိုင်း၌ ဖတ်သူပုန်များအား သုတ်သင်

**ဘိုဂိုတာ ဩဂုတ် ၃၁**

ဘိုလီဘာမြောက်ပိုင်း တိုက်ပွဲတစ်ရပ်အတွင်း ကိုလံဘီယာတပ်ဖွဲ့ဝင်များက အနည်းဆုံး သူပုန်လေးဦးကို သုတ်သင်လိုက်ကြောင်း အာဏာပိုင်များက စနေနေ့က ပြောကြားသည်။

"တိုက်ပွဲအတွင်း အကြမ်းဖက်ဝါဒီလေးဦးကို သုတ်သင်နိုင်ခဲ့ပါတယ်။ အခြားလေးဦးကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီအထဲမှာ နှစ်ဦးကတော့ ဒဏ်ရာရရှိသွားပါတယ်"ဟု ကိုလံဘီယာစစ်ဌာနချုပ် ကြေညာချက်တွင် ဖော်ပြသည်။ "ဒီစစ်ဆင်ရေးဟာ ဒေသခံပြည်သူများအား ဖတ်သူပုန်တွေရန်ကနေ တားဆီးတာပါ"ဟုလည်း ၎င်းကြေညာချက်၌ ဖော်ပြသည်။ အခြားတိုက်ပွဲတစ်ရပ်လည်း ဆန်တာရိုဆာမြို့အနီး ကျေးလက်ဒေသ၌ ဖြစ်ပွားခဲ့ကြောင်း ကိုလံဘီယာတပ်ဖွဲ့က ပြောသည်။ ယင်းတိုက်ပွဲအခြေအနေကို ရှင်းရှင်းလင်းလင်းမသိရသေးဟု ဆိုသည်။ **(ဆင်ဟွာ)**

# အာဖဂန်၌ ယာဉ်မတော်တဆမှုဖြစ်၍ ၂၃ ဦးသေဆုံး

**ဟီရတ် ဩဂုတ် ၃၁**

အာဖဂန်နစ္စတန်အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ဘတ်စ်ကားနှင့် ကုန်တင်ကားတိုက်မိခဲ့ရာ လေးဦး ဒဏ်ရာရရှိခဲ့ပြီး ၂၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

ဟီရတ် အဝေးပြေးလမ်းမကြီးပေါ်၌ တနင်္ဂနွေနေ့နံနက် ဒေသစံတော်ချိန် ၇ နာရီခွဲက မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။ ၎င်းယာဉ်တိုက်မှုသည် ဟီရတ် အစ္စလမ် ကွာလာအဝေးပြေးလမ်းမကြီးပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားပြီး နာရီပိုင်းအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ အဝေးပြေးလမ်းများပေါ်၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းသည် မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ကြောင်း အာဖဂန်အရာရှိများက ပြစ်တင်ပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**

# ကိုလံဘီယာ၌ ဂိုဏ်းအဖွဲ့ဝင် ၆၄ ဦးအား ဖမ်းဆီး

**ဘိုဂိုတာ ဩဂုတ် ၃၁**

ကိုလံဘီယာနိုင်ငံ၌ မတူညီသောဌာနများက Usuga Clan နှင့် La Empresa ရာဇဝတ်ဂိုဏ်းအဖွဲ့ဝင် ၆၄ ဦး ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက ပြောသည်။ Usuga Clan ထိပ်တန်းခေါင်းဆောင် အီဘာအလက်ဂရီယာအလီယားစ်အား ဂိုဏ်းနှစ်ဂိုဏ်းအဖွဲ့ဝင် ၄၇ ဦးနှင့်အတူ ဘူနာဗန်တူရာမြို့၌ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ အခြား ၄၈ ဦးကိုလည်း လူသတ်မှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးမှုများဖြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။ လွန်ခဲ့သည့်ခြောက်လအတွင်း ယင်းမြို့၌ လူ ၂၂ ဦး အသတ်ခံခဲ့ရသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပြည်သူလူထုထံ နေ့စဉ်သတင်းစာများ အချိန်မီ စောစီးစွာရောက်ရှိအောင် စီမံဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ကြေးမုံ၊ မြန်မာ့အလင်း**(ယာပုံ)**နှင့် The New Light of Myanmar သတင်းစာတိုက် ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေးပြီး နေ့စဉ်သတင်းစာများ ရိုက်နှိပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ စာ၊ ပုံထွက်ကောင်းမွန်ရေး၊ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေး၊ စက်များ ကြံ့ခိုင်ရေး၊ ကုန်ကြမ်း/ကုန်ချောနှင့် လုပ်ငန်းသုံးပစ္စည်းများ စနစ်တကျ သုံးစွဲရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရေး၊ ငွေကြေးသုံးစွဲမှုများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စများ ဂရုပြုဆောင်ရွက်ရေး၊ ပြည်သူလူထုထံသို့ နေ့စဉ်သတင်းစာများ အချိန်မီ စောစီးစွာရောက်ရှိအောင် စီမံဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) အရောင်းမြှင့်တင်ရေးခန်းမ (ရန်ကုန်)၌ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The New Light of Myanmar သတင်းစာတိုက်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ပြည်သူလူထုအား အကောင်းဆုံး ဝန်ဆောင်မှုပေးသွားကြရန်၊ ကျေးလက်ဒေသများအထိ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သွားကြရန်နှင့်ပြည်သူလူထုအား စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့် ကဏ္ဍစုံမှ သတင်းမှန်များသိရှိအောင် ဖော်ပြပေးရန်၊ အချိန်နှင့်တစ်ပြေးညီ မြန်မာနှင့်ကမ္ဘာ့ဖြစ်စဉ်မှန်များ ဖော်ပြပေးရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက် သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ဒီပဲယင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေအချို့ ရေလွှမ်း

**ဒီပဲယင်း ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဩဂုတ် ၂၉ ရက် ညက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာအချို့ ချောင်း၊ မြောင်းများတွင် ရေကြီး ရေလျှံခဲ့ပြီး စပါးစိုက်ခင်းများ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရေကြီးရေလျှံမှုကြောင့် ယင်းတွေကျေးရွာအုပ်စုနှင့် လက်တီးကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၂၀၄၉၊ ၂၀၅၂၊ ၂၀၅၄၊ ၂၀၄၆၊ ၂၀၄၇ အတွင်းရှိ မိုးစပါးစိုက်ပြီး လယ်ယာမြေဧက ၄၀၀ ခန့် ရေလွှမ်းမိုးလျက်ရှိကြောင်း သိရသည်။ အခုလို ရေလွှမ်းမိုးပြီး လယ်ကွင်းတွေ နစ်မြုပ်တာ နှစ်ရက်ရှိပြီ၊ မိုးဆက် ရွာပြီး နောက်ထပ် သုံး၊ လေးရက်ခန့် နစ်မြုပ်ခဲ့ရင် စိုက်ပြီး လယ်ယာမြေတွေ ထိခိုက်ပျက်စီးဆုံးရှုံးမှု ရှိနိုင်ကြောင်း တောင်သူတစ်ဦးက ပြောသည်။



**သိန်းထွန်း (iprd)**

# ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် မြန်မာ့အမြင့်ဆုံးတံတား

နောင်ချို ဩဂုတ် ၃၁

**မန္တလေး-လားရှိုးရထားလမ်း ပေါ်ရှိ နာမည်ကျော် ဂုတ်ထိပ်တံတား ကြီးသို့ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာမှု များပြားကြောင်း ဧည့်လမ်းညွှန်များထံမှ သိရသည်။**

နာမည်ကျော် ဂုတ်ထိပ်တံတားကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုဘူတာ အလွန် ခုနစ်မိုင်အကွာ မိုင်တိုင် (၄၆၃/၀၉) တွင် တည်ရှိသည်။ အင်္ဂလိပ်ကိုလိုနီ လက်ထက်က ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သည့် အဆိုပါဂုတ်ထိပ်တံတားကို ဖြတ်သန်းလေ့လာရန် ကမ္ဘာလှည့် ခရီးသွားများသည် မန္တလေးနှင့်ပြင်ဦးလွင်တို့မှ ရထားစီး၍ လာရောက်မှုများရှိပြီး နိုင်ငံခြားသားများအတွက် ရထားလက်မှတ်ကို ယခင်ကကဲ့သို့ ဒေါ်လာဖြင့် ဝယ်ယူရန်မလိုဘဲ ပြည်တွင်းခရီးသွားများနှင့် ဈေးနှုန်းတူ မြန်မာကျပ်ငွေဖြင့် ဝယ်ယူစီးနင်းနိုင်ရန် သတ်မှတ်ထားသည်။

"သီပေါကိုသွားတဲ့ ကမ္ဘာလှည့်ခရီးသည်တွေက လမ်းမှာ ဂုတ်ထိပ်တံတားပေါ် ဖြတ်ကြည့်ချင်လို့ ရထားနဲ့ သွားတာများတယ်။ မန္တလေးက စီးတာရှိသလိုတချို့လည်း အစောကြီးထရတာကြောင့် ပြင်ဦးလွင်က နေစီးတာများတယ်။ မိုးတွင်းဆို ရထားတွေက မကြာခဏလမ်းချော်တာတို့ တွဲချော်တာတို့ဖြစ်တတ်ပြီး အချိန်မမှန်တဲ့အခါ ခရီးသွားတွေအတွက် အခက်အခဲအချို့တော့ရှိတာပေါ့" ဟု ဧည့်လမ်းညွှန်ကိုဝေဖြိုးက ဆိုသည်။

ကမ္ဘာလှည့် ခရီးသွားများအား ကားဖြင့် ဝန်ဆောင်မှုပေးနေသည့် ကိုဘိုဘိုကလည်း "သီပေါကနေ ပြန်တဲ့တိုးရစ်တွေက ဂုတ်ထိပ်ကြည့်ဖို့ သီပေါကနေ နောင်ချိုအထိ ရထားပဲ စီးကြတာများတယ်၊ သူတို့ရဲ့ခရီးဆောင်အိတ်တွေကို ကျွန်တော်တို့က ကားနဲ့တင်ပြီး နောင်ချိုမှာ စောင့်နေရတယ်။ နောင်ချိုရောက်မှ ကားနဲ့တစ်ဆင့်လိုရာကို ပြန်ကြတာ။ တချို့ဆို အချိန်မရလို့ နေ့ချင်းပြန် လာရောက်လေ့လာပြီး ရထားဆုံတဲ့အခါ ပြန်လိုက်သွားတာတွေလည်း ရှိတတ်တယ်"ဟု ပြောပြသည်။

ဂုတ်ထိပ်တံတားကြီးကို လန်ဒန်ရှိ ဆာအေအမ်ရင်းဒဲလ်အင် ကုမ္ပဏီမှ ပုံစံရေးဆွဲ၍ အမေရိကန်ပြည်ထောင်စုရှိ ပင်ဆယ်ဗေးလ်နီးယားနှင့် မေရီလင်း တံတားတည်ဆောက်ရေး ကုမ္ပဏီက ၁၉၀၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး အရှည် ပေ ၂၂၆၀ ရှိသည်။ တံတားကြီးကိုထောက်ပင့်ထားသော သံတိုင်မှာ အမြင့်ဆုံး ပေ ၃၂၀ ဖြစ်၍ အနိမ့်ဆုံးသံတိုင်မှာ ၄၅ ပေရှိသည်။

ထူးခြားချက်မှာ အခြားသော တံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်၍ ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ခုကိုဖြတ်ကာ ခဲရာခဲဆစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားတည်ဆောက်ချိန် စုစုပေါင်း ကိုးလသာကြာမြင့်ခဲ့ပြီး တံတားကုန်ကျငွေမှာ စတာလင်ပေါင် ၁၁၃၂၀၀ ခန့် ကုန်ကျခဲ့ကြောင်း မြန်မာ့မီးရထား မှတ်တမ်းများအရ သိရသည်။ **ကိုနေ(သီပေါ)**

## မူးယစ်အကြမ်းဖက် အကျင့်ပျက် အမှန်တရားဖြင့် တိုက်ဖျက်

# ဖခင်ဖြစ်သူ၏ ပေါ့ဆမှုကြောင့် တူမီးသေနတ်ပေါက်ထွက်၍ ကလေးနှစ်ဦးဒဏ်ရာအပြင်းအထန်ရရှိ

**မြိတ် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ချောင်းကျေးရွာအုပ်စု ပနိုကျေးရွာတွင် ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲက ဖခင်ဖြစ်သူ၏ ပေါ့ဆမှုကြောင့် တူမီးသေနတ်ပေါက်ထွက်၍ ကလေးနှစ်ဦး ဒဏ်ရာများအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဦးမောင်ထွေးငယ်သည် ပနိုကျေးရွာရှိ ၎င်း၏နေအိမ်တွင်ရှိနေစဉ် တူမီးယမ်းထောင်းသေနတ်ပေါက်ထွက်သံကြားရပြီး ကလေးများ၏ငိုသံကြားရ၍ သွားရောက်ကြည့်ရှုခဲ့ရာ ၎င်း၏သမီးဖြစ်သူ မအိန္ဒြာခိုင်နှင့် မချစ်ချစ်တို့ကို တူမီးယမ်းထောင်းသေနတ် ဒဏ်ရာများဖြင့် မြင်တွေ့ခဲ့ရသည်။

ဦးမောင်ထွေးငယ်သည် ဒင်မှ ပြောင်းဝအထိအရှည် လေးပေ ငါးလက်မခန့်ရှိ လက်လုပ်တူမီးယမ်းထောင်းသေနတ်တစ်လက် (ယမ်းမပါ)အား ယမ်းထောင်းကာ ခဲသီးကျည်ထည့်လျက် လိုအပ်လျှင်အသုံးပြုရန်အတွက် ထမင်းအိုးတည်သည့် ခေါင်မိုးကျပ်ခိုးစင်တွင် ထိုးထားခဲ့ရာမှ အပူရှိန်ကြောင့် တူမီးယမ်းထောင်းသေနတ်ပေါက်ထွက်ပြီး ၎င်း၏သမီးနှစ်ဦးအား ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါယမ်းပေါက်ထွက်မှုကြောင့် မအိန္ဒြာခိုင် (၈ နှစ်)၏ ကျောကုန်းတွင် ခဲသီးကျည်ဝင် ဒဏ်ရာ ခြောက်ချက်၊ ယာဘက်ပေါင်ရင်းတွင် ခဲသီးကျည်အထွက် ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)နှင့် မချစ်ချစ် (၂ နှစ်)၏ ဝဲဘက်လက်မောင်းတွင် ခဲသီးကျည် ပွန်းပဲ့ဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ)တို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါတူမီးယမ်းထောင်းသေနတ်ကို ယမ်းထောင်းကာ ခဲသီးကျည်ထည့်လျက် ပေါ့ဆစွာထားရှိသူ ဦးမောင်ထွေးငယ် (၃၉ နှစ်)အား သမုတ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# တမူးနှင့်မဘိမ်းမြို့နယ်တို့တွင် ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

ဩဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု(၇)တမူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ စော်ဘွား(၅)ရပ်ကွက် 'ဆန်းစစ်' လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာသူ သက်ထူး၊ မျိုးမင်းအောင်နှင့် ဂင်္ဂါမောင်ဆိုသူတို့အား ရှာဖွေရာ သက်ထူးဆိုသူ ကိုင်ဆောင်လာသည့် ကြွပ်ကြွပ်အိတ်နှင့် ၎င်း၏ဆိုင်ကယ်တူးဘောက်အတွင်းမှ သိန်းဖြူအလေးချိန် ၁၂၀ ဂရမ်သိမ်းဆည်းရမိသဖြင့် သက်ထူး(ခ)မြတ်ထူး(၃၃ နှစ်)၊ မျိုးမင်းအောင် (ခ) အဲလေး (၂၇ နှစ်)နှင့် ဂင်္ဂါမောင် (၂၀ နှစ်)တို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။



**သက်ထူး၊ မျိုးမင်းအောင်နှင့် ဂင်္ဂါမောင်တို့အား ဖမ်းဆီးရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။**

အလားတူ ဩဂုတ် ၂၉ ရက်က မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ပွေးတူးကျေးရွာနေ ကျော်အေးဆိုသူ၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မခင်ထွေးဆိုသူအား တွေ့ရှိရပြီး ဘိန်းဖြူ ၇ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀ သိမ်းဆည်းရမိသဖြင့် ကျော်အေး(၄၄ နှစ်)နှင့် မခင်ထွေး(၄၀နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**ကျော်အေးနှင့်မခင်ထွေးတို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။**

**(သတင်းစဉ်)**




ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ HR ပြဿနာ

ပါမောက္ခ-ဒေါက်တာအောင်ထွန်းသက်

ကျွန်တော့်ကို လူတွေကမကြာခဏဆိုသလို ဝေဖန်ကြတာကိုကြုံတွေ့ရပါတယ်။

ကျွန်တော့် ဆွေးနွေးမှုတွေ၊ တင်ပြမှုတွေကို နားထောင်ပြီးရင် တချို့က ဆရာပြောတာကို လက်ခံပါတယ်။ ဒါပေမယ့် ဆရာ့ရဲ့တင်ပြမှုတွေက သီအိုရီတွေများတယ်၊ လက်တွေ့မကျဘူး။ လက်တွေ့မှာ ကျင့်သုံးလို့မရဘူး၊ အသုံးမတည့်ဘူး။ ဒါကြောင့် လက်တွေ့ကျကျ တင်ပြဆွေးနွေးပေးပါလို့ ပြောကြတယ်။

အခုလိုပြောတာကို နားလည်ပါတယ်။ လက်ခံပါတယ်။ ကျွန်တော်က ကျောင်းဆရာ၊ စာထဲမှာပဲ မွေ့လျော်တဲ့သူ။ စာတွေဖတ်တယ်၊ လေ့လာတယ်၊ သုံးသပ်ဆင်ခြင်တယ်။ ဒါကြောင့်လည်း ကျွန်တော့်ရဲ့ တင်ပြချက်တွေဟာ သီအိုရီဆန်နေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဆင်ခြေပေးတာ မဟုတ်ပေမဲ့ စဉ်းစားချက်တစ်ခုကိုတော့ တင်ပြချင်ပါတယ်။

**သီအိုရီတွေကို ဘယ်ကရသလဲ။ ဒီမေးခွန်းရဲ့အဖြေက ရှင်းရှင်းလေးပါ။ သီအိုရီဆိုတာ လက်တွေ့အခြေအနေတွေ၊ အနေအထားတွေကို စနစ်တကျ စုစည်းသုံးသပ်ပြီး စုဖွဲ့ထားတာတွေသာ ဖြစ်ပါတယ်။ သီအိုရီဟာ လေထဲကမလာဘဲ တကယ့်လက်တွေ့ ဘဝဖြစ်စဉ်တွေကို စနစ်တကျသုတေသနပြုလုပ်ဆောင်မှုတွေက ရလာတာဖြစ်ပါတယ်။ သုတေသနလုပ်ရာမှာလည်း လက်တွေ့အခြေအနေတွေကို စနစ်တကျစုစည်းပြီး ကောက်နုတ်ချက်တွေ ဖြစ်ပါတယ်။**

ကျွန်တော်ဟာ တက္ကသိုလ်မှာ တာဝန်ယူစဉ်က စီမံခန့်ခွဲမှုသိပ္ပံပညာကို အထူးပြုခဲ့သူဖြစ်တယ်။ ပါရဂူဘွဲ့ကိုစီမံခန့်ခွဲမှု သိပ္ပံဘာသာနဲ့ရခဲ့တာ။ အခွင့်အရေးရလို့ နိုင်ငံရဲ့တာဝန်ပေးချက်အရ ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့ရတယ်။ ဌာနအတွင်း ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ ပြဿနာတွေ အမြောက်အမြားတွေ့ကြုံရတယ်။ ဒါပေမယ့် ဒီပြဿနာပေါင်းစုံဟာ ကျွန်တော့်အတွက်မဆန်းဘူး၊ မစိမ်းပါဘူး။

ဒီပြဿနာတွေအားလုံးဟာ စာအုပ်တွေထဲမှာ သီအိုရီအဖြစ် ထုတ်ဖော်ပြီးသား။ သီအိုရီပိုင်ရင် လက်တွေ့ပြဿနာတွေမှာ အခက်အခဲမရှိနိုင်ပါဘူး။ သီအိုရီမပိုင်ဘဲ လက်တွေ့ပြဿနာတွေ ဖြေရှင်းနေရင် ခရီးရောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘွဲ့လွန်သင်တန်းတွေမှာ ကျွန်တော်စာသင်တဲ့အခါ ကျောင်းသားတွေကို အမြဲတိုက်တွန်းအကြံပြုခဲ့ပါတယ်။ ကျောင်းတက်ချိန်မှာ ရသလောက်သီအိုရီတွေယူသွားပါ။ ဒီသီအိုရီတွေဟာ လက်တွေ့ပြဿနာဖြေရှင်းနိုင်ဖို့ အထောက်အကူအများကြီး ရှိနိုင်တာကို သတိပေးခဲ့ပါတယ်။

**လက်ရှိအချိန်မှာ မြန်မာနိုင်ငံအတွင်း ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများအထဲက ကျွန်တော့်အထင်တော့ ပြည်သူပြည်သားတွေရဲ့ စွမ်းဆောင်ရည်ပြဿနာပဲဖြစ်ပါတယ်။ တစ်နည်းပြောရရင် Capacity ပြဿနာလို့ သတ်မှတ်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ကဏ္ဍမှာဖြစ်စေ၊ ပုဂ္ဂလိက အပိုင်းမှာဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းအတွင်းဖြစ်စေ စွမ်းဆောင်ရည်ပြည့်ဝမှုဟာ အခြေခံလိုအပ်ချက်ဖြစ်နေပါတယ်။ တာဝန်သိပါ၊ တာဝန်ယူပါလို့ နိုင်ငံ့အကြီးအကဲက တိုက်တွန်းသလို အားလုံးက တာဝန်သိတဲ့၊ တာဝန်ယူတဲ့ စွမ်းရည်ရှိရမှာသာ ဖြစ်ပါတယ်။**

**စွမ်းရည်နဲ့ပတ်သက်လာရင် အများကတော့ ပညာရေးစနစ်ကို လက်ညှိုးထိုးကြတယ်။ ပညာရေးစနစ်အားနည်းမှုတွေကြောင့် အခုလိုဖြစ်ရတာကို သုံးသပ်ကြတယ်။ ဒါပေမယ့် တစ်ခုသတိပြုရမယ့်ကိစ္စက ပညာရေးစနစ် ဘယ်လောက်ကောင်းကောင်း၊ ပညာရေးစနစ်ဟာ အသိတရား Knowledge နဲ့ကျွမ်းကျင်မှု (Skills)ကိုသာပေးနိုင်မှာဖြစ်ပါတယ်။ "သိခြင်း၊ တတ်ခြင်း" ကို ပြုစုပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်တယ်။ ဒါပေမယ့် လူတစ်ဦးရဲ့ စွမ်းရည်ဟာ သိရုံတတ်ရုံနဲ့ မလုံလောက်ပါဘူး။ သိပြီး၊ တတ်ပြီးသူတွေအပြည့်ပါ။ သိပေမယ့်၊ တတ်ပေမယ့် ဆန္ဒမပါရင်မဖြစ်ပါဘူး။ ဒါကြောင့် စိတ်ပါအောင်၊ လုပ်ချင်တဲ့စိတ်ရှိအောင် ပညာရေးစနစ်က ဖန်တီးလို့မရပါဘူး။ မိမိရဲ့ကိုယ်ပိုင်အသိစိတ်နဲ့ လုပ်သင့်တဲ့အလုပ်ကို တစိုက်မတ်မတ်လုပ်ဆောင်ဖို့သာ လိုအပ်ပါတယ်။**

စွမ်းရည်နဲ့ပတ်သက်လာရင် နယ်ပယ်တိုင်းမှာ အားနည်းနေတာ တွေ့ရပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ရှေ့နေတွေ၊ တရားသူကြီးများရဲ့ စွမ်းရည်တိုးမြှင့်ဖို့လိုနေသလို ကျန်းမာရေးကဏ္ဍမှာလည်း ဆရာဝန်များရဲ့ စွမ်းရည်ကို အခုထက်မြင့်မားအောင် လုပ်ဆောင်ဖို့ လိုအပ်နေတာ တွေ့ရပါတယ်။ ကျောင်းဆရာ၊ ဆရာမတွေ၊ အင်ဂျင်နီယာတွေ နေရာတိုင်းမှာ စွမ်းရည်တိုးအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အလုပ်ခွင်မှာ စွမ်းရည်တိုးမြှင့်မှုဟာ အမှန်တော့ HR ပြဿနာတစ်ခုသာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ အခွင့်အရေးရတိုင်း HR အကြောင်း ဟောပြောခဲ့ပါတယ်။ HRဟာ Human Resources လူသားအရင်းအနှီးဖြစ်တယ်။ လုပ်ငန်းတစ်ခုမှာ အရင်းအနှီးတွေမျိုးစုံရှိပါတယ်။ သဘာဝအရင်းအနှီး၊ ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး၊ ငွေကြေးအရင်းအနှီး၊ ဒီအရင်းအနှီးမျိုးစုံထက်ပိုပြီးအရေးပါတာက လူသားအရင်းအနှီးဖြစ်ပါတယ်။ စက်ပစ္စည်းတွေ ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်ခေတ်မီမီ နောက်ဆုံးမှာဝန်ထမ်းတွေရဲ့ အရည်အသွေးဟာ ပဓာနကျပါတယ်။

ပွင့်လင်းလာတဲ့ စီးပွားရေးအနေအထားကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မြန်မာပြည်အတွင်း ဝင်ရောက်လာပြီး နိုင်ငံခြားကုမ္ပဏီအမြောက်အမြား ဖွင့်လှစ်ခဲ့တာ၊ ဖွင့်လှစ်နေတာ တွေ့ရပါတယ်။ အခုလိုအခြေအနေမျိုးမှာ ကျွမ်းကျင်မှုရှိတဲ့၊ စွမ်းရည်ပြည့်ဝတဲ့သူတွေကို ကြိုးစားပြီးရှာဖွေ စုဆောင်းကြတယ်။ ဒါကြောင့်လည်း ပြည်တွင်းလုပ်ငန်းကုမ္ပဏီတွေမှာ HR ပြဿနာအကြီးအကျယ် ရင်ဆိုင်နေရတာတွေ့ရပါတယ်။ မိမိလုပ်ငန်းမှာရှိတဲ့ ထူးချွန်တဲ့သူတွေကို နိုင်ငံခြားကုမ္ပဏီတွေက လုပ်ခလစာအများကြီးပေးပြီး ခေါ်ယူနေတဲ့ စိန်ခေါ်မှုကို ကုမ္ပဏီတိုင်း ရင်ဆိုင်နေရတာ တွေ့ရပါတယ်။ ပြည်တွင်းကုမ္ပဏီ အချင်းချင်းမှာလည်း ဒီပြဿနာဟာ အကြီးမားဆုံးပြဿနာတစ်ခု ဖြစ်ပါတယ်။

HR ပြဿနာကို ဖြေရှင်းနိုင်ဖို့ ပုဂ္ဂလိကလုပ်ငန်းတွေမှာတော့ HR ဌာနတွေ သီးခြားဖွင့်လှစ် တည်ထောင်ပြီး ဆောင်ရွက်လျက်ရှိတယ်။ HR မန်နေဂျာတွေကို သီးသန့်ခန့်ထားပြီး တာဝန်ပေးကြတယ်။ အရင်ကလို အုပ်ချုပ်မှုဌာန Admin အောက်မှာမထားတော့ဘဲ သီးခြားလုပ်ငန်းတစ်ခုအဖြစ် သပ်သပ်ရပ်ရပ်ဆောင်ရွက်နေတာကို ဝမ်းသာစရာတွေ့ရပါတယ်။ HR ဌာနရဲ့ အလုပ်က ပုံမှန်အားဖြင့် သုံးရပ်ပဲရှိပါတယ်။ မိမိကုမ္ပဏီအတွက် အတော်ဆုံး၊ အထူးချွန်ဆုံး၊ အရည်အသွေးပြည့်ဝပြည့်စုံတဲ့ ဝန်ထမ်းတွေကို ဆွဲဆောင်ဖို့၊ Attract လုပ်ဖို့ဖြစ်ပါတယ်။

ဒုတိယတာဝန်က အခုလိုထူးချွန်တဲ့သူကို ဆွဲဆောင်နိုင်ပြီး မိမိလုပ်ငန်းမှာ တာဝန်ထမ်းဆောင်စဉ် အရည်အသွေးတိုးမြှင့်အောင်၊ ဖွံ့ဖြိုးလာအောင် ပြုစုအားပေးရမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် Develop လုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ သင်တန်းတွေပေးခြင်း၊ အတွေ့အကြုံအမျိုးမျိုးရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နောက်ဆုံးကတော့ အခုလိုဆွဲဆောင်ပြီး ပြုစုပျိုးထောင်ပြီးတဲ့ ဝန်ထမ်းကို မိမိအလုပ်ဌာနမှာမြဲအောင် ထိန်းဖို့လိုအပ်ပါတယ်။ Retention ဖြစ်ပါတယ်။ ဒီလုပ်ငန်းသုံးရပ်ကို ကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်မယ့် HR ဌာနတွေ လိုအပ်နေတာတွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ HRနဲ့ပတ်သက်လာရင် "War on talent"လို့ခေါ်တဲ့ ပါရမီရှင်တွေရအောင် စစ်ပွဲတွေခင်းနေရပါတယ်။ အဓိပ္ပာယ်ကတော့ အရည်အသွေးရှိတဲ့သူတွေကို အလုအယက်ရှာဖွေပြီး စုစည်းနေရတာတွေ့ရပါတယ်။ အခုလို စွမ်းရည်ပြည့်ဝတဲ့ဝန်ထမ်းတွေကို စုစည်းဖို့ သမားရိုးကျ အတွေးအခေါ် အယူအဆတွေနဲ့ ဆောင်ရွက်လို့မဖြစ်တော့ဘဲ စိတ်ထားပြောင်းလဲရမှာသာ ဖြစ်ပါတယ်။ ဝန်ထမ်းတစ်ဦးကို ဆွဲဆောင်ရာမှာ လုပ်ခလစာကြီးကြီးပေးရုံနဲ့ မလုံလောက်တော့ပါဘူး။ ဝန်ထမ်းကို အသိအမှတ်ပြုတာ၊ လေးစားတာ၊ နေရာပေးတာ၊ တိုင်ပင်တာ၊ ဆွေးနွေးတာ ဒါတွေအားလုံးကို လုပ်နိုင်မှ စွမ်းရည်ပြည့်ဝတဲ့ ဝန်ထမ်းတွေရမှာသာဖြစ်ပါတယ်။

ထူးခြားချက်တစ်ရပ်က ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ HR ဌာနတွေဖွင့်ပြီး ဆောင်ရွက်နေကြပေမဲ့ အစိုးရဌာနတွေမှာတော့ HR ဌာနတွေကို သီးခြားမဖွင့်ဘဲ Admin နဲ့ တွဲဖက်ထားတာတွေ့ရပါတယ်။ ဝန်ထမ်းရေးရာအဖြစ်သတ်မှတ်ပေးပြီး ခွင့်ရက်တွက်ချက်မှု၊ လုပ်ခလစာသတ်မှတ်မှု၊ ရာထူးတိုးမြှင့်မှု၊ အငြိမ်းစားယူမှု၊ အလုပ်မှရပ်နားမှု အစရှိတဲ့ သာမန်ဝန်ထမ်းရေးရာကိစ္စတွေကိုပဲ အာရုံစိုက်နေကြတာတွေ့ရပါတယ်။ နိုင်ငံတော်သမ္မတကြီးဖော်ထုတ်ခဲ့တဲ့ Third Wave ပြုပြင်ပြောင်းလဲမှုမှာ တာဝန်သိမှုနဲ့ တာဝန်ယူမှုကို ဦးစားပေးတိုက်တွန်းနေတာဖြစ်ပါတယ်။ ဒါတွေဟာ HR ပြဿနာသာဖြစ်ပါတယ်။

အဖွဲ့အစည်းတွေမှာ Performance Management System စွမ်းဆောင်ရည် စီမံခန့်ခွဲမှုစနစ်ဖော်ထုတ်ဖို့ လိုအပ်နေပါတယ်။ အလုပ်တာဝန်ကိုဆောင်ရွက်ရာမှာ မျှော်မှန်းတဲ့ရလဒ် (Results) ရရှိအောင် မည်သို့မည်ပုံ စီမံခန့်ခွဲရမလဲဆိုတာကို အလေးအနက်ထားဖို့ လိုအပ်မှာဖြစ်တယ်။ ဝန်ထမ်းတစ်ဦးကို အကဲဖြတ်ရာမှာ သူ့ရဲ့စွမ်းရည်၊ ရရှိတဲ့ရလဒ်အပေါ်အခြေခံပြီး သုံးသပ်ရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ရလဒ်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှုစနစ် Results - Based Management (RBM)ကို အကောင်အထည်ဖော်ရန် လိုအပ်နေပါတယ်။

**အခုလို အခြေခံကျလာတဲ့ HR ပြဿနာကို ဖြေရှင်းနိုင်ဖို့ ကျွမ်းကျင်မှုရှိတဲ့ HR ပညာရှင်တွေ မွေးထုတ်ရမှာဖြစ်တယ်။ စီးပွားရေးတက္ကသိုလ်က ဘွဲ့လွန်သင်တန်းတွေမှာ HR အထူးပြုတဲ့သူတွေ မွေးထုတ်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြန်မာနိုင်ငံမှာ HR ကျွမ်းကျင်သူများ စုစည်းဖွဲ့စည်းခဲ့တဲ့ အသင်းတစ်သင်းမှာ နာယကအဖြစ်ဆောင်ရွက်ပြီး HR ပညာမြန်မာနိုင်ငံအတွင်း ယခုထက် ပြန့်ပွားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။**

> "HR ပြဿနာကို ဖြေရှင်းနိုင်ဖို့ ပုဂ္ဂလိကလုပ်ငန်းတွေမှာတော့ HR ဌာနတွေ သီးခြားဖွင့်လှစ် တည်ထောင်ပြီး ဆောင်ရွက်လျက်ရှိတယ်။ HR မန်နေဂျာတွေကို သီးသန့်ခန့်ထားပြီး တာဝန်ပေးကြတယ်။ အရင်ကလို အုပ်ချုပ်မှုဌာန Admin အောက်မှာမထားတော့ဘဲ သီးခြားလုပ်ငန်းတစ်ခုအဖြစ် သပ်သပ်ရပ်ရပ်ဆောင်ရွက်နေတာကို ဝမ်းသာစရာ တွေ့ရပါတယ်"

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့

## Union Civil Service Board

## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

*(ယမန်နေ့မှအဆက်)*

(ခ) **နှစ်တိုးလစာရပ်ဆိုင်းခြင်း** ဆိုသည်မှာ ဝန်ထမ်း၏ ရာထူးလစာနှုန်းအတွင်း ရှေ့လာမည့်နှစ်တိုးလစာ စေ့ရောက်သည့်အချိန်တွင် နှစ်တိုးထုတ်ယူခွင့်မပြုဘဲ ကာလအကန့်အသတ်ဖြင့် ထိုနှစ်တိုးကို ရွှေ့ဆိုင်းထားခြင်းကိုဆိုသည်။ ယင်းပြစ်ဒဏ်ကိုချမှတ်ရာ၌ ဝန်ထမ်းတွင် ထင်ရှားစွာတွေ့ရှိရသည့် အပြစ်၏အတိမ်အနက်ကိုထောက်ချင့်၍-

(၁) ပြစ်ဒဏ်ကာလကိုသတ်မှတ်ပေးရမည်။ ပြစ်ဒဏ်ကာလကိုရေတွက်ရာ၌ ရှေ့လာမည့်နှစ်တိုးလစာ စေ့ရောက်သည့်နေ့ရက်မှအစပြု၍ ရေတွက်ရမည်။

(၂) နှစ်တိုးလစာရပ်ဆိုင်းခြင်းကြောင့် နောင်ရရန်ရှိသော နှစ်တိုးလစာများ ရွှေ့သွားခြင်းမရှိစေရဟု သော်လည်းကောင်း၊ ရွှေ့သွားစေရမည်ဟု သော်လည်းကောင်း သတ်မှတ်ပေးရမည်။ နောင်နှစ်တိုးလစာများ ရွှေ့သွားစေရမည်ဟု သတ်မှတ်လျှင် မည်သည့်ကာလအပိုင်းအခြားအထိ ရွှေ့သွားစေရမည်ကို ဖော်ပြရမည်။

(၃) ပြစ်ဒဏ်စောင့်ဆိုင်းဆဲကာလနှင့် ပြစ်ဒဏ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ၊

(ဂ) **ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း** ဆိုသည်မှာ သာမန်အားဖြင့် ဝန်ထမ်းကို ရာထူးတိုးမြှင့်ပေးရန် အလှည့်ကျရောက်သည့်အချိန်တွင် တိုးမြှင့်ခန့်ထားခြင်းမပြုသေးဘဲ ကာလအကန့်အသတ်ဖြင့် ရွှေ့ဆိုင်းထားခြင်းကိုဆိုသည်။ ယင်းပြစ်ဒဏ်ကိုချမှတ်ရာတွင်-

(၁) ပြစ်ဒဏ်ကာလကို ရေတွက်ရာ၌ ဝန်ထမ်းကိုရာထူးတိုးမြှင့်ခန့်ထားရန် အလှည့်ကျရောက်သည့် အချိန်မှအစပြု၍ ရေတွက်ရမည်။ ယင်းသို့စတင်ရေတွက်ချိန်တွင် ပြစ်ဒဏ်စတင်သက်ရောက်သည်။

(၂) ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်ဝန်ထမ်းကို ရာထူးတိုးမြှင့်ခံရခွင့် လက်လွတ်ဆုံးရှုံးသွားခြင်းမရှိစေဘဲ ပြစ်ဒဏ်ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိသာ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းထားရမည်။

(၃) ယင်းပြစ်ဒဏ်ကာလအတွင်း နှစ်တိုးစေ့ရောက်ပါက ပုံမှန်ခွင့်ပြုပေးရမည်။

(၄) ယင်းဝန်ထမ်းအတွက် တိုးမြှင့်ပေးရမည့် ရာထူးနေရာချန်ထားပေးခြင်းမပြုရ။ *(ဆက်လက်ဖော်ပြပါမည်)*

## ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်

ယခင်ဖော်ပြခဲ့သော ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေး စီမံကိန်း ရေလမ်းကြောင်း အထူးသတိပေးနှိုးဆော်ချက်အား လုပ်ငန်းလိုအပ်ချက်အရ ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်သတိပေးနှိုးဆော်အပ်ပါသည်။

ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ပင်မတံတားသံပေါင်များတပ်ဆင်ရာတွင် လှိုင်မြစ်အတွင်း ရေလယ်ခန်းဖွင့် သုံးခန်းရှိသည့်အနက် အလယ်အခန်း RP-3 နှင့် RP-4 အကြား၊ လှိုင်သာယာဘက်အခန်း RP-4နှင့် RP-5အကြား ရေလမ်းကြောင်းများအား ဩဂုတ် ၂၈ ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်အခန်း RP-2နှင့် RP-3 အကြား ရေလမ်းကြောင်းကို ဖွင့်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော လှေ/သင်္ဘောများသည် ဩဂုတ် ၃၁ ရက်မှစ၍ ဘုရင့်နောင်ဘက် အခန်းRP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းမှ ဖြတ်သန်းသွားလာကြပါရန်နှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

(၁) ညနေ ၆ နာရီမှနံနက် ၆ နာရီအတွင်း မည်သည့်ရေယာဉ်မှ ဖြတ်သန်းသွားလာခြင်းမပြုရ။

(၂) ရေယာဉ်အားလုံး ရေဆန်ဖြင့်သာ ဖြတ်သန်းခွင့်ပြုမည်။

(၃) အရှည်ပေ ၁၂၀၊ အကျယ် ၂၅ ပေထက် မပိုသော(ကုန်မပါ)စက်တပ်ရေယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်။

(၄) ဘုရင့်နောင်တံတား၏ အထက်ဘက် အောင်ဇေယျကြိုးတံတားနှင့် အောက်ဘက် သီရိမင်္ဂလာဈေးသစ်အကြား ရေပြင်အတွင်း မည်သည့် စက်တပ်/စက်မဲ့ရေယာဉ်မျှ ကျောက်ချ ရပ်နားခွင့်မပြု။

(၅) သဲသမ္ဗန်များ လုံးဝဖြတ်သန်းခွင့်မပြု။

(၆) မည်သည့်စက်မဲ့ ရေယာဉ်များကိုမျှတွဲ၍ဖြစ်စေ၊ တွန်း၍ဖြစ်စေ ဖြတ်သန်းခွင့်မပြုရ။

(၇) ဖြတ်သန်းသွားမည့် ရေယာဉ်များသည် သတ်မှတ်ထားသည့် စစ်ဆေးရေးနေရာတွင် ရပ်တန့်အစစ်ဆေးခံပြီး ခွင့်ပြုချက်ရမှသာ ဖြတ်သန်းသွားရမည်။

(၈) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာ မောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များမှ တာဝန်ခံ၍ အထူးအလေးထားဆောင်ရွက်ရန်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် လူငယ်များ၏အခန်းကဏ္ဍအရေးပါ အနာဂတ်အတွက် လူငယ်များကို ပြုစုပျိုးထောင်ရမည်

**မန္တလေး ဩဂုတ် ၃၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးမြင့်သန်းနှင့် ဒေါက်တာဝင်းလှိုင်တို့နှင့် အတူ မန္တလေးမြို့ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း နီလာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို တက်ရောက်ချီးမြှင့်ခဲ့သည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အထက(၁၅) မန္တလေးမှ ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူအား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-တင်မောင်

ရှေးဦးစွာ အသစ်ဖွင့်လှစ်သော နီလာကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ အနာဂတ်အတွက် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ လူတော်လူကောင်းများနှင့် အနာဂတ်ခေါင်းဆောင်များ ပေါ်ထွန်းရေးအတွက် မိဘဆရာများက ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ ကျောင်းပေါင်း ၄၅၂ ကျောင်းကို အဆင့်မြှင့်တင်ပေးခဲ့ပြီး မူလတန်းဆရာ ဆရာမပေါင်း ၃၀၀၀ ကျော်ကို ခန့်ထားပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး၏ ပညာရေးဆိုင်ရာအားပေးမှုများကြောင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုများရှိလာပြီး ပညာရေး တိုင်းဒေသကြီးအဖြစ် ရှုမြင်လာကြပါကြောင်း၊ ထို့ကြောင့် ရှေ့ဆက်လက်၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ မိဘ၊ဆရာ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်များက ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ဆုပေးပွဲကျင်းပရာ မန္တလေးမြို့အမှတ်(၁၅)အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၃ ဦးတို့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ဂုဏ်ပြုလွှာများကိုပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ နီလာကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့သည့် ခရစ်စတယ်မင်္ဂလာ မန္တလေး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အောင်မြေသာစံမြို့နယ် ပညာရေးမှူး ဒေါက်တာကျော်လွင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်းတွင် အသုံးပြုရန် စာသင်ခုံအစုံ ၃၀ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့က ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ယခုဖွင့်လှစ်သည့် နီလာကျောင်းဆောင်သစ်သည် ပေ(၉၀×၃၀)ရှိ ကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုငွေကျပ် ၆၄၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်း ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်း ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၃)ရပ်ကွက်တွင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်သည့် တိုးချောင်းကြီးချောင်း ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ပြီးစီးမှု၊ ရပ်ကွက်အတွင်း ရေမကျော်စေရေးတာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ထူးကဲဒီရေ မြင့်တက်ခြင်းကြောင့် ရေများဝင်ရောက်ခြင်းအတွက် ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၂၇) ရပ်ကွက် ရွှေပင်လုံအိမ်ရာအနီး ဘုရင့်နောင်လမ်း၌ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းမှ ရေထုတ်ပြွန် Box Culvert တည်ဆောက်ပြီးစီးမှုနှင့် ဆက်စပ်ရေမြောင်းများ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရပ်ကွက်အတွင်း ရေဝင်ရောက်မှုမရှိစေရေး မြေဖို့ကာကွယ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၃)ရပ်ကွက်အတွင်းရှိ သိမ်ချောင်းရေစီးဆင်းမှုကောင်းမွန်စေရေး စက်ယန္တရားဖြင့် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ကြာကြီးချောင်းရေတံခါးအသစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဧရာဝဏ်ရတနာအထပ်မြင့်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းရှိ High Tech ကုမ္ပဏီက စတင်ထုတ်လုပ်လျက်ရှိသည့် Precast Concrete ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး အမျိုးအစားအလိုက် Precast များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဧရာဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းသည် Precast, Prestress အစိတ်အပိုင်းများ ပေါင်းစပ်ဆောင်ရွက်သည့် နည်းပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပထမဦးဆုံး ဆောင်ရွက်သည့် အထပ်မြင့် တည်ဆောက်ရေးစီမံကိန်းဖြစ်သည်။ အဆောက်အအုံတစ်လုံးလျှင် Precast အမျိုးအစား ခြောက်မျိုးပါဝင်၍ အစိတ်အပိုင်းပေါင်း ၄၄၈၄ ခု ထုတ်လုပ်တပ်ဆင်ရမည်ဖြစ်ကြောင်း၊ အဆောက်အအုံ ၄၉ လုံးအတွက် Precast အစိတ်အပိုင်းပေါင်း ၂၁၉၇၁၆ လိုအပ်ကြောင်း၊ Precast ထုတ်လုပ်မည့် ကုမ္ပဏီငါးခုက ထုတ်လုပ်သွားပြီး Precast ခြောက်မျိုးမှာ Fascade (ပြင်ပနံရံ)၊ Precast Slab (ကြမ်းခင်းပြား)၊ Infill Wall (အခန်းခြားနံရံ)၊ Staircase (လှေကား)၊ Refuse Chute (အမှိုက်ပစ်ပြွန်)တို့ဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဘုရင့်နောင်တံတားအမှတ်(၂) စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အစိုးရက ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ခြင်းမှာ ပြည်သူများသွားလာမှု အဆင်ပြေစေရေးနှင့် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးစေလိုကြောင်း၊ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလတွင် ရန်ကုန်မြစ်အတွင်း သတ်မှတ်ထားသော ရေလမ်းကြောင်းမှ ရေယာဉ်များသွားလာစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခဲ့သော်လည်း တွဲသဘော်တစ်စင်း စီမံကိန်းလုပ်ငန်းခွင်အနီး နစ်မြုပ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ အလားတူဖြစ်စဉ်မျိုး လုံးဝထပ်မံမဖြစ်စေရေး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ချက်များအတိုင်း တိတိကျကျ ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တပ်ဆင်ရန် ကျန်ရှိသော တံတားသံပေါင်များ တပ်ဆင်ရေးဆောင်ရွက်နေသည့် ကာလတွင် တွန်းသင်္ဘောများ/ဆွဲသင်္ဘောများ၊ အခြားသင်္ဘောကြီးများ လုံးဝဖြတ်သန်းသွားလာခြင်း မရှိစေရေးနှင့် စက်တပ်လှေနှင့် မဖြစ်မနေသွားလာရန် လိုအပ်သည့် ရေယာဉ်ငယ်များသာ စနစ်တကျကြီးကြပ်ထိန်းသိမ်း၍ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာရေး ကြီးကြပ်ဆောင်ရွက်ရန်၊ တံတားသံပေါင်တပ်ဆင်ခြင်း လုပ်ငန်းခွင်အတွင်း မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများမရှိစေရေး Safety First အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာများ၊ လမ်းများ ရေကျော်နစ်မြုပ် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ဩဂုတ် ၂၉ ရက် ည ၁၁ နာရီမှ ၃၀ ရက် နံနက် ၆ နာရီအထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေဘိုခရိုင်အတွင်း ရွှေဘိုမြို့ ရပ်ကွက်အချို့၊ ကျေးရွာအချို့၊ ရေကျော်၊ နစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ရွှေဘိုမြို့ရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်ရှိ အချို့နေရာများတွင် အမြင့်နှစ်ပေခန့်အထိ ရေများဝင်ရောက်ခဲ့ခြင်း၊ မူးကမ်း-ရေကြည်ဝ-မူးမြစ်အတွင်း ရေတိုးလာခြင်း၊ ပန်းရုံရွာနှင့် လိပ်ချင်းကျေးရွာကြားရှိ သီးလုံးကွင်းအမှတ် ၂၉၆၄(က)၊ (ခ)တွင် မစိုက်ပျိုးရသေးသည့် ကွင်းများအတွင်း ရေများဝင်ရောက်ခဲ့ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့အပြင် အရှည်ပေ ၁၀၀၊ အကျယ် ၁၈ ပေရှိ ဘုတ်ကုန်းရွာနှင့် မဟာနန္ဒာကန်တော်ကူး သစ်သားတံတား ရေတိုက်စားပျက်စီးခဲ့ခြင်း၊ ဝက်မြို့ဆည် ဆည်ပေါင်ရေကျော်၍ ဆင်းကွတ်ကန်အတွင်း ရေများဝင်ရောက်ခဲ့ပြီး အဆိုပါရေကန်၏ ရေပိုလွှဲကျိုးပေါက်ကာ အိမ်ခြေ ၁၀၀ ခန့်ရှိ ဆင်းကွတ်ကျေးရွာနှင့် အိမ်ခြေ ၂၁၀ ခန့်ရှိ မင်းကျောင်းကျေးရွာသို့ အမြင့်ငါးပေခန့်ရှိ ရေများ ရုတ်တရက်ဝင်ရောက်ခဲ့ရာ လူဦးရေ ၁၁၇၀ ခန့် ရေဘေးကြုံတွေ့ရခြင်းများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ထို့အပြင် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ မိုင်တိုင်(၆/၀)နှင့် (၆/၁) ကြား အရှည်ပေ ၂၀ ရှိ ကိုးပင်ချောင်းတံတားအမှတ် (၁/၇)၏ ရွှေဘိုဘက်ခြမ်း ချဉ်းကပ်လမ်း ၂၅ ပေခန့် ရေတိုက်စားခံခဲ့ရကြောင်း၊ အဆိုပါ ရေနစ်မြုပ် နေရာများသို့ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် ရွှေဘိုတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်း အဖွဲ့ဝင်များ ရောက်ရှိခဲ့ပြီး ပြည်သူလူထုနှင့် ပူးပေါင်းကာရေစီးရေလာကောင်းမွန်ရေး ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပေးခဲ့ရာ **(အောက်ပုံ)** ယင်းနေ့ ညနေ ၅ နာရီတွင် ရေများ ပြန်လည်ကျဆင်းသွားခဲ့ကြောင်းနှင့် ရေဘေးသင့် ပြည်သူများအတွက် ထမင်းထုပ်များ ဝေငှခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် တံတားများကို အမြန်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကျော်၊ နစ်မြုပ်မှုများ ဖြစ်ပွားခဲ့သော်လည်း ရေများအချိန်ကြာမြင့်စွာ တန့်အိမှုမရှိဘဲ အမြန်ကျဆင်းသွားရခြင်းမှာ မိုးရာသီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားလာပါက ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ကယ်တန်းချောင်း ပြန်လည်တူးဖော်ခြင်း၊ သီးကုန်းကျေးရွာမြောက်ဘက်ရှိ ရေဆိုးချောင်းနှင့် ချောင်းလက်တံများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို ယခင်နှစ်ကတည်းက အစီအမံရှိရှိဖြင့် ကြိုတင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ရေကျော်၊ နစ်မြုပ်ခဲ့သည့် ကျေးရွာများနှင့် တံတားပြုပြင်ဆောင်ရွက်မှုအခြေအနေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးတို့ ရောက်ရှိခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးခဲ့ရာ ပျက်စီးခဲ့သည့် မဟာနန္ဒာကန်တော်ကူး သစ်သားတံတားနှင့် ကိုးပင်ချောင်း တံတား ပြန်လည်ပြုပြင်မှုများ ပြီးစီးခဲ့ပြီး ညနေပိုင်းတွင် ခရီးသွားပြည်သူများ၊ ဆိုင်ကယ်များနှင့် ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းနှင့် အဆိုပါ ရေကျော်နစ်မြုပ်မှုများကြောင့် လူ၊ တိရစ္ဆာန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။



အလားတူ ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ဒီပဲယင်းမြို့နယ်နှင့် ကွမ်းလှမြို့နယ်များတွင်လည်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှု ဖြစ်ပွားခဲ့ပါက ရေကြီးနစ်မြုပ်မှုများ အချိန်ကြာမြင့်စွာဖြစ်ပွားမှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရေဆိုးထုတ်ခြင်း၊ ရေမြောင်းများဆယ်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

ပြည်တွင်းသတင်း

# အစိုးရသစ်လက်ထက်တွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ တိုးတက်လာ အဆင်းရဲဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရန် အနာဂတ်ကာလတွင် ဖြစ်လာတော့မည်

**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရှမ်းပြည်နယ် ညောင်ရွှေနှင့်တောင်ကြီးမြို့ **(အောက်ယာပုံ)**၌ ကျင်းပသော အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ အလှူငွေထောက်ပံ့ပေးအပ်သည့် အခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားကာ အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။





အခမ်းအနားများသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများတက်ရောက်ကြသည်။

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီမှ အလှူငွေထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး ဒေါက်တာခင်ရွှေက လှူဒါန်းထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပညာရေးကဏ္ဍများတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ် ၄၇၁ သိန်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က ဦးတင်အေး (ပညာရေးဖောင်ဒေးရှင်း)အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဒေါက်တာခင်ရွှေက ပညာရေးကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၄၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အင်းလေး ဖောင်တော်ဦးဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေကျပ် ၂၅ သိန်းကို လှူဒါန်းခဲ့သည်။

ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ အလှူငွေထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မြို့တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး ဒေါက်တာခင်ရွှေက လှူဒါန်းထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်ကြီးနှင့်လွိုင်လင်မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေး၊ ပညာရေးများတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်သိန်း ၃၇၀ ကိုလည်းကောင်း၊ ဒေါက်တာခင်ရွှေက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပညာရေးဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ တောင်ကြီးနှင့် လွိုင်လင်မြို့နယ်ရှိ ပညာရေးကျောင်းများအတွက် ဗလာစာအုပ် ဒါဇင် ၆၅၀ ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က တောင်ကြီးမြို့နယ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွေတော်ကက္ကူဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေကျပ် ၃၅ သိန်းကို လှူဒါန်းပြီး ဒေါက်တာခင်ရွှေက သာသနာ့နုဂ္ဂဟ အသင်းဖွဲ့စည်းရန် မတည်ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲ အခမ်းအနားများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုအခါ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကိုဖွဲ့စည်းတည်ထောင်ပြီး ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးနေကြောင်း၊ ဒီမိုကရေစီစနစ်သည် မွန်မြတ်သည့်စနစ်တစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးနီးပါး ဒီမိုကရေစီစနစ် ကျင့်သုံးနေကြကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမှ နိုင်ငံတကာမျက်နှာစာတွင် ဝင်ဆံ့ပြီး လူမှုရေး၊ စီးပွားရေးတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကမ္ဘာပေါ်တွင် ကိုယ်စားပြုသည့် ဒီမိုကရေစီစနစ်ကိုသာ အားလုံးက ကျင့်သုံးနေကြကြောင်း။

မိမိတို့လည်း ကိုယ်စားပြုသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ တချို့က စနစ်ကို နားမလည်ဘဲ လွဲမှားစွာကောက်ယူနေသည့်အတွက် ရှင်းပြလိုကြောင်း၊ တစ်နိုင်ငံလုံးက အာဏာသုံးရပ်မှာ ပါဝင်၍မရသည့်အတွက် ပြည်သူများ၏ ကိုယ်စားလှယ်များကို လွှတ်တော်ထဲသို့ပို့ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏အသံကို သယ်ဆောင်လာပြီး လွှတ်တော်ထဲမှာ မေးခွန်းမေးခြင်း၊ အဆိုများ၊ ဥပဒေကြမ်းများတင်သွင်းခြင်းသည် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများ၊ ပြည်သူများ၏ လိုလားချက်များကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

ယခုအခါ ပြည်သူများသည် မိမိတို့ရပ်ရွာအလိုက် မိမိတို့ကို အုပ်ချုပ်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ပိုင်ခွင့်ရရှိနေခြင်းသည်လည်း ဒီမိုကရေစီ၏ အနှစ်သာရကို ခံစားရသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ တိုးတက်လာသည်ကို ငြင်းမရပါကြောင်း၊ အခြေခိုင်မြဲလာသည်နှင့်အမျှ မိမိတို့နိုင်ငံကို အဆင်းရဲဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရန်၊ ဒေသတွင်းနိုင်ငံများကို ကျော်ဖြတ်နိုင်ရန်မှာ မဝေးတော့သည့် အနာဂတ်ကာလတွင် ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ယခုရေတွင်းတူး၊ အခုရေကြည်သောက်ရန် မဖြစ်နိုင်ဘဲ မည်သည့်လုပ်ငန်းမဆို အချိန်ယူရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီက ရှမ်းပြည်နယ်ရှိ တောင်ကြီး၊ လွိုင်လင်၊ ညောင်ရွှေ၊ ပင်းတယ၊ ရွာငံမြို့နယ်များသို့ လာရောက်ထောက်ပံ့မှုမှာ စုစုပေါင်းငွေကျပ် ၁၈၃၁ သိန်းနှင့် ဗလာစာအုပ်ဒါဇင် ၁၃၅၀ တို့ဖြစ်ပြီး ယင်းလှူဒါန်းငွေများကို ဇေကမ္ဘာကုမ္ပဏီလီမိတက်က ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများ၏ ဝန်ကြီးများအဆင့် လယ်ယာသစ်တောအစည်းအဝေးတက်ရောက်မည့် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများလေ့လာကြည့်ရှုနိုင်ရန် စိုက်ကွင်း၊ ပြကွင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံအနေဖြင့် (၃၆)ကြိမ်မြောက် အာဆီယံ ၁၀ နိုင်ငံ၏ လယ်ယာနှင့် သစ်တောကဏ္ဍဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အာဆီယံ သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ဝန်ကြီးများအဆင့် အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်မှစတင်၍ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ဧည့်သည်နိုင်ငံများ၊ ဝန်ကြီးများနှင့်အတူ အဆင့်မြင့်အရာရှိကြီးများအား အိမ်ရှင်မြန်မာနိုင်ငံ၏ လှိုက်လှဲဖော်ရွေပျူငှာစွာ ကြိုဆိုခြင်းနှင့်အတူ မြန်မာ့လယ်ယာသစ်တောကဏ္ဍ၏ ပကတိအခြေအနေများကို လေ့လာကြည့်ရှုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် ပါဝင်တက်ရောက်ကြမည့် ဧည့်သည်နိုင်ငံများမှ ဝန်ကြီးများနှင့် ဧည့်သည်တော်များအား လေ့လာကြည့်ရှုပြသနိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန ပြခန်းဆောက်လုပ်ပြီးစီးမှု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြခန်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးပြခန်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ပင်မ ရှင်းလင်းဆောင်ဆောက်လုပ်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ဝင်ငွေတွက်ခြေကိုက်သည့် အမယ်သစ်သီးနှံ ကညွတ်စိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ မှန်လုံအိမ်စနစ်ဖြင့် စိုက်ပျိုးထားသော ကန်စွန်းစိုက်ခင်းနှင့် ကညွတ်သီးနှံစိုက်ခင်း၊ တိုင်ထောင်ပဲစိုက်ခင်း၊ စပ်မျိုးခရမ်းသီးစိုက်ခင်း၊ သခွားမွှေး သီးနှံစိုက်ခင်း၊ ငရုတ်သီးနှံစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ပြောင်းချိုသီးနှံစိုက်ခင်းများ၊ ဖရုံသီးနှံစိုက်ခင်း၊ စင်တင်ဘူးစိုက်ခင်း၊ ဖရဲသီးစိုက်ခင်းတို့ကို စစ်ဆေးကြည့်ရှုပြီး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ကွင်းများနှင့် Net House ပိုက် အမိုးအကာစနစ်ဖြင့် စိုက်ပျိုးထားရှိသော စိုက်ကွင်းများကို စိုက်ကွင်းတစ်ကွင်းချင်းအလိုက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တစ်ဧကလျှင် ပိဿာတစ်ထောင်ထွက်ရှိသည့် ငွေချည်(၉) ရွှေတောင်(၈) တောင်သူပညာပေးချည်မျှင်ရှည်ဝါ ဂွမ်းသီးနှံစိုက်ကွင်းသို့ ရောက်ရှိပြီး ဝါသီးများမှ ဝါဂွမ်းများ စတင်ဆွတ်ခူး ဆောင်ရွက်ထားရှိမှု၊ တစ်ဧကလျှင် တန် ၈၀ ထွက်ရှိသည့် ဈေးကွက်ရရှိရန် သေချာနေသော အိန္ဒိယစိုက်နည်းစနစ်ဖြင့် ကြံတစ်ဆစ်ချင်းစီ ပျိုးထောင်စိုက်ပျိုးထားသော သက်တမ်း(၈)လသားအရွယ်ရှိ ကြံစိုက်ခင်းနှင့် ကြံမျက်စိတစ်စေ့ချင်းပျိုးထောင်သည့်ကိရိယာ၊ တောင်သူများကိုယ်တိုင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် ကညွတ်စိုက်ခင်း၊ နယူးရောကုမ္ပဏီ၏ ပိုက်ကွန်စနစ်၊ ခေတ်မီတိုက်ရိုက် ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းနှင့်၊ အော်ဂဲနစ် သစ်သီးဝလံအရောင်းပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✲ *ကျောဖုံးမှ*

များသာ သွားလာမောင်းနှင်နိုင်သော လမ်းဖြစ်သည်။

သို့ဖြစ်၍ လမ်းဖောက်လုပ်ရေး BOT ယူထားသော အေးရှားဝေါလ်ကုမ္ပဏီသည်ဒေသဖွံ့ဖြိုးရေး တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးများမြင့်မားလာပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်၍ သွားလာမောင်းနှင်နေကြသော မော်တော်ကားများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ၁၂ ပေ နှစ်လမ်း၊ ၂၄ ပေ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါ သိန်းနီမှ ချင်းရွှေဟော်အထိ ၆၆ မိုင်ရှိသည့် အနက်မိုင်တိုင်အမှတ်(၃၉)မှ (၄၃) အတွင်း ပြီးတောင်လေးမိုင်သာ ကတ္တရာခင်းရန်ကျန်တော့ပြီး ၆၂ မိုင် ကတ္တရာခင်းပြီးကြောင်း သိရသည်။

ကျွန်တော်သည် ယခု ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း)မြို့တော် လားရှိုးသို့ ခေတ္တရောက်ရှိခဲ့စဉ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအောင်မြင့်ဦး (ယခု ဒုတိယအင်ဂျင်နီယာချုပ်-စီမံကိန်း)၏ စီစဉ်ပေးမှုဖြင့် လားရှိုးမြို့နယ် ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးအောင်အောင် အေးရှားဝေါလ်ကုမ္ပဏီမှ လမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာ ဦးစိုင်းကံမင်းတို့နှင့်အတူ ကားတစ်စီးဖြင့် လားရှိုးမှသိန်းနီ၊ သိန်းနီမှ ပြုံးတောင်ကြီးပေါ်အထိ သွားရောက်လေ့လာခဲ့ရာ လမ်းတစ်နေရာ၌တွေ့ရသော လမ်းဖောက်လုပ်ရေးစီမံကိန်း ဒါရိုက်တာ ဦးတင်ကိုကိုနှင့် စီမံကိန်းအင်ဂျင်နီယာ ဦးစိုင်းကံမင်းတို့က တောင်ပေါ်လမ်းကြီးဖောက်လုပ်ခဲ့ပုံကို ရှင်းပြကြသည်။

တောင်ပေါ်ကားလမ်း ၆၆ မိုင်တွင် ယခင်က ဘေလီတံတား ခြောက်စင်းနှင့် ရေပြွန်ပိုက်လုံးတံတား ၄၀၅စင်း စုစုပေါင်းတံတား ၄၁၁ စင်းကို RCC ကွန်ကရစ်တံတားများအဖြစ် ပြန်လည်တည်ဆောက်ခဲ့ပြီးပြီဟုလည်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် (မြောက်ပိုင်း) တောင်ပေါ်ဒေသ သိန်းနီ- ကွမ်းလုံ- ချင်းရွှေဟော် ကားလမ်းကို ကားနှင့် ဖြတ်သန်းသွားလာဖူးသည်မှာ ကျွန်တော်သည် ယခုအကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိပြီဖြစ်သည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က လောက်ကိုင်ဒေသ ဘိန်းအစားထိုးစားသုံးသီးနှံစိုက်ပျိုးရေး ဆောင်ရွက်နေမှုကို သတင်းဆောင်းပါးရေးရန် သတင်းစာတိုက်၏တာဝန်ဖြင့် မူဆယ်မှ ကွတ်ခိုင်-သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်- လောက်ကိုင်အထိ ကားတစ်စီးဖြင့် သတင်းခရီးဆန့်ခဲ့ဖူးသည်။ ထိုစဉ်က သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော် ကားလမ်းသည် ကားတစ်စီးစာသာ မောင်းရသည့် တောင်ပေါ်ကားလမ်း ခပ်ကြမ်းကြမ်းဖြစ်သည်။ တောင်ပေါ်တောင်ကြား၊ တောင်ခါးပန်းများမှ မောင်းရသော ကားလမ်းဖြစ်၍ကားပေါ်မှ ငုံ့ကြည့်လိုက်တိုင်းအလွန်နက်သော ချောက်ကမ်းပါးများကိုသာ တွေ့မြင်ခဲ့ရသည်။ ပြုံးတောင်ကြီးပေါ်ရောက်ပြန်တော့လည်း ပြိုကျလာသော မြေများကြောင့် လမ်းပိတ်သွားသဖြင့် အေးရှားဝေါလ်ကုမ္ပဏီက လာရောက်ဖယ်ရှားပေးမှ ရှေ့ခရီးဆက်၍ရသောလမ်းဖြစ်သည်။

ယခုတော့ ထိုသို့မဟုတ်တော့ပြီ၊ လားရှိုးမှ စတင်မောင်းလာသော ကျွန်တော်တို့ ကားကလေးသည် မန္တလေး-လားရှိုး- မူဆယ် အဝေးပြေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၂၀၆/၄) သိန်းနီမြို့အလွန်မှ စတင်ပွဲထွက်ခဲ့ပြီး ကွမ်းလုံသို့ ဦးတည်မောင်းနှင်ခဲ့ရာ ကားလမ်းသည် နှစ်လမ်းသွား နိုင်လွန်ကတ္တရာလမ်းဖြစ်၍ ကားချင်းရှောင်ရာ၌ ရပ်ပေးရခြင်းမျိုးမဟုတ်ဘဲ အပြေးရှောင်၍ရသလို အကွေ့ကွေ့လျှင် အပြေးကွေ့၍ရသည်အထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်။ ကျွန်တော်တို့ကားကလေး ပြုံးတောင်ကို ဖြတ်သွားလျှင်လည်း မြေပြိုကျ၍လမ်းပိတ်မည်ကို စိုးရိမ်စရာမလိုအောင် လမ်းများ ချဲ့ထားသည်ကို တွေ့ခဲ့ရသည်။

ထို့ကြောင့် မြန်မာပြည် အရှေ့မြောက်ဖျား ကုန်းမြင့်ဒေသမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လမ်းပန်းဆက်သွယ်ရေးတွင် လမ်းပေါင်း ၉၁ လမ်း၊ မိုင်ပေါင်း ၃၁၃၈ မိုင်ငါးဖာလုံရှိနေပြီ ဖြစ်သည့်အပြင် ရထားလမ်းနှင့် လေကြောင်းလိုင်းပါရှိသဖြင့် ဒေသတွင်းရှိ ပြည်သူများအတွက် သွားလမ်းသာ၍ လာလမ်းဖြောင့်နေကြပြီဖြစ်သည်။

**မိုးလေဝသ အခြေအနေ**

**၃၁-၈-၂၀၁၄**

**နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားအသင့်အတင့်ရှိမည်။

## ပြည်တွင်းသတင်း

*✳ ကျော်ဖုံးမှ*

ရှေးဦးစွာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရေတိုစီမံချက်ဖြစ်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်းနှင့် ရေရှည်စီမံချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် ဘတ်ဂျက်များကို ပိုမိုသုံးစွဲခဲ့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ပညာရေးဝန်ထမ်းများခန့်အပ်ခြင်း၊ ပညာရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်မားရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လွှတ်တော်၏ ဥပဒေပြုရေးကဏ္ဍကို ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဥပဒေ ၁၂ခု၊ တောင်သူလယ်သမား၊ အလုပ်သမားဆိုင်ရာဥပဒေ ၁၀ခု၊ စီးပွားရေးဆိုင်ရာ ဥပဒေ ၁၀ခု၊ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ ၁၂ ခု အပါအဝင် ဥပဒေပေါင်း ၁၁၃ ခု ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လွှတ်တော်အနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးအဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ခွင့်ပြုပေးပြီး ဘတ်ဂျက်ဥပဒေကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် စိစစ်အတည်ပြုပေးလျက် ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်ကို အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပြဋ္ဌာန်းပြီး တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀၀ စီဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ကောက်သင်းကောက်ကွက်ပြည့်နှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရပါတီအားလုံးပါဝင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကိုလည်း ပြင်ဆင်ပေးခဲ့ပါကြောင်း၊ လူမှုပတ်ဝန်းကျင်နယ်ပယ်အသီးသီးနှင့် သက်ဆိုင်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ညောင်ရွှေမြို့နယ်သို့ အလှူငွေ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒေါက်တာခင်ရွှေက လှူဒါန်းထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပင်းတယမြို့နယ်အတွက် ငွေကျပ် ၂၀၅ သိန်း၊ ရွာငံမြို့နယ်အတွက် ငွေကျပ်သိန်း ၂၄၀ ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သာသနာ့နုဂ္ဂဟအသင်းအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွန့် မိသားစုက အလှူငွေကျပ် ၁၅သိန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းတို့ကို လည်းကောင်း၊ ဒေါက်တာခင်ရွှေက ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ဗလာစာအုပ်ဒါဇင် ၂၅၀ နှင့် ပင်းတယမြို့နယ် ဓမ္မကျောင်းတော်အတွက် အလှူငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ပင်းတယမြို့နယ် မြင်းမူးကျေးရွာအုပ်စု လက်လဲကျေးရွာ ဘုန်းတော်ကြီးကျောင်း သိမ်ဆောက်လုပ်ရန်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်က အလှူငွေကျပ် သိန်း ၁၀၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပင်းတယမြို့နယ် ခုတင် ၅၀ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အခမဲ့ အထွေထွေရောဂါကုသမှုခံယူကြမည့် လူနာများနှင့် ဆေးရုံတက်ရောက်နေသည့် လူနာများကို ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းဆေးရုံသည် ၂၀၁၁ခုနှစ်က ၂၅ခုတင်ဆံ့ ဆေးရုံဖြစ်ပြီး အဆောင်နှစ်ဆောင်သာ ရှိခဲ့သည်။ ယခုအချိန်တွင် လူနာဆောင်၊ နားနေဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် ခရီးဝေးလူနာရှင်များ ချက်ပြုတ်ရန်အတွက် မီးဖိုဆောင် အပါအဝင် အဆောင်ကိုးဆောင် ဆောက်လုပ်ခဲ့ပြီးဖြစ်ကာ လူနာများ ကြည့်ရှုနိုင်ရန်အတွက် Sky Net ရုပ်သံလိုင်းကို ပြသပေးခြင်း၊ စာအုပ်များဖတ်ရှုရန် ထားရှိပေးခြင်း၊ ဆရာဝန်၊ ဆရာမများ ဆေးပညာအစဉ်အမြဲတိုးတက်မှုကို လေ့လာသိရှိနိုင်စေရန် အင်တာနက် ချိတ်ဆက်ကာ e-learning centre ဖွင့်လှစ်ပေးထားသည်။

Vein Detector စက်ကိုလည်း လာရောက် လှူဒါန်းထားသဖြင့် ကလေးငယ်များ၊ မွေးကင်းစများ၊ အသက် ၆၀ ကျော်များနှင့် အဝလွန်သူများကို သွေးကြောရှာရာ၌ လွယ်ကူလာသဖြင့် လူနာများအတွက် သက်သာမှုများ ရှိလာခဲ့ကြောင်းသိရသည်။

ထို့နောက် ဒေါက်တာခင်ရွှေက အလှူငွေကျပ်သိန်း ၅၀ကို လှူဒါန်းရာ ဒေါက်တာ သန်းမင်းထွဋ်က လက်ခံခဲ့သည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပင်းတယမြို့နယ်ဓမ္မာရုံ၌ ကျင်းပသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသာသနာ့နုဂ္ဂဟ အသင်းဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို တက်ရောက်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေကျပ် ၃၅ သိန်းကို လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# သဘာဝနေရောင်ခြည်စွမ်းအင်ဖြင့် နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်

**အရေး-ကျော်သူထက်၊ သူရဇော် (သတင်းစဉ်)**
**ဓာတ်ပုံ-တင်ထွန်းအောင် (သတင်းစဉ်)**

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်များကို ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

သို့သော် မြန်မာနိုင်ငံတွင် နှစ်စဉ် နွေရာသီ၌ လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို ပြည်သူများ ကြုံတွေ့ခံစားနေရသည်။ ထို့ကြောင့် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို ဖြည့်ဆည်းနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများဖြင့် ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၀ကုန်ကျမည့် ၁၅၀ မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးနိုင်သော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ရုံကို မြန်မာနိုင်ငံတွင် တည်ဆောက်ရန် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ဩဂုတ် ၂၈ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

၎င်းစက်ရုံနှစ်ရုံကို မြင်းခြံခရိုင် နဘူးအိုင်နှင့် မိတ္ထီလာခရိုင် ဝမ်းတွင်းဒေသတို့တွင် အမေရိကန်နိုင်ငံ ACO ကုမ္ပဏီက ၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အဆိုပါစက်ရုံနှစ်ရုံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀ အထိ ဖြည့်ဆည်းသွားမည်ဟု သိရသည်။

နေစွမ်းအင်မှ လျှပ်စစ်စွမ်းအား ထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးတို့အတွက် ထိရောက်အကျိုးရှိသော စီမံကိန်းအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ထောင်စုအစိုးရအနေဖြင့် နည်းလမ်းမျိုးစုံကို စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်ထုတ်လုပ်ဆောင်ရွက်သွားမည့်အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**မေး ။ ။ ဩဂုတ်လ ၂၈ ရက်နေ့က လက်မှတ်ရေးထိုးခဲ့တဲ့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ရရှိမယ့် အကျိုးကျေးဇူးတွေကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ် ၃၀၀ ရှိတဲ့ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းဖြင့် အဓိကအကျိုးကျေးဇူးက မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ နေစွမ်းအင်က သန့်စင်သော စွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တာကြောင့် ဒီနေ့အချိန်မှာ ကမ္ဘာကအလေးထားနေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း မရှိဘဲ လျှပ်စစ်ဓာတ်အားကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ရရှိစေပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံအနေနဲ့ လက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုမှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**



ဦးခင်မောင်ဝင်း ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ လက်ရှိဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားပေးစက် တပ်ဆင်အင်အားက ၄၁၄၆ မဂ္ဂါဝပ် ရှိပါတယ်။ အဲဒီမှာ ရေအားလျှပ်စစ်က ၇၂ ဒသမ ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့က ၂၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးက ၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရာခိုင်နှုန်းက တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုဦးရေရဲ့ ၃၂ ရာခိုင်နှုန်းခန့်ရှိပါတယ်။

**မေး ။ ။ တည်ဆောက်ရေးကာလကို အချိန်ဘယ်လောက် သတ်မှတ်ထားလဲ သိပါရစေ။ ဘယ်အချိန်လောက်မှာ လျှပ်စစ်ဓာတ်အားတွေ ဖြန့်ဖြူးပေးနိုင်ဖို့ခန့်မှန်းထားပါသလဲ။**

ဖြေ ။ ။ ACO Investment Group LLC က တည်ဆောက်မယ့် ၃၀၀ မဂ္ဂါဝပ် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ရေးကာလကို ၃၆ လ သတ်မှတ် သဘောတူထားပါတယ်။ ပထမဆုံးစက်ရုံရဲ့ ဓာတ်အားထုတ်လုပ်ခြင်းကို ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းခန့်မှာ စတင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့နှစ်ဖက်ညှိနှိုင်းထားပါတယ်။

**မေး ။ ။ နေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံက ရရှိလာမည့် ဓာတ်အားတွေကို ဖြန့်ဝေပေးမယ့်အစီအစဉ်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ နဘူးအိုင် နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံကထွက်ရှိမည့် ဓာတ်အားကို မြင်းခြံ ၂၃၀ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ကေဗွီ ဓာတ်အားလိုင်းနဲ့ချိတ်ဆက်ပါမယ်။ ဝမ်းတွင်းနေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံက ထွက်ရှိမယ့် ဓာတ်အားကို သပြေဝ ၂၃၀ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပါမယ်။ အဲဒီကနေ နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်နဲ့ ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ မြန်မာလုပ်သားတွေ အလုပ်အကိုင်ရရှိနိုင်မှု အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ စက်ရုံတည်ဆောက်ရာတွင် ကုမ္ပဏီအနေနဲ့ပြည်ပပညာရှင်အချို့သာ လာရောက်မှာဖြစ်ပြီး ပြည်တွင်းကျွမ်းကျင်လုပ်သားတွေခေါ်ယူအသုံးပြု ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများရှိနေမှာဖြစ်ပါတယ်။ ဒါ့အပြင် စက်ရုံရေရှည်ထိန်းသိမ်း မောင်းနှင်ရာမှာလည်း ပြည်တွင်းက လုပ်သားတွေကို နည်းပညာသင်ကြားစေပြီး ခန့်အပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ လက်ရှိတည်ဆောက်ဆဲ၊ တည်ဆောက်ရန်ရှိတဲ့ ရေအား၊ နေရောင်ခြည်စွမ်းအင်သုံး၊ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ ။ ။ လက်ရှိဆောင်ရွက်ဆဲ စီမံကိန်းတွေအနေနဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ခုနစ်ခု၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ရှစ်ခု ရှိပါတယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့မှာ သဘောတူစာချုပ်(MOA) လက်မှတ်ရေးထိုးခဲ့တဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အမေရိကန်အခြေစိုက် ACO Investment Group LLC က ဆောင်ရွက်မယ့် နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းကို အခုမှ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပါပဲ။ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းတွေကို စတင်တည်ဆောက်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းတွေနဲ့ ESIA လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းကဏ္ဍစုံမှာ နိုင်ငံတကာက ပါဝင်ဆောင်ရွက်ဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနဲ့ အလားလာရှိတဲ့ အခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍစုံမှာ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုပုံစံနဲ့ JV/BOT စနစ် (ဒါမှမဟုတ်) BOT စနစ်နဲ့ တရုတ်နိုင်ငံ၊ ထိုင်း၊ စင်ကာပူနဲ့ အမေရိကန်နိုင်ငံတို့မှ ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း လျှပ်စစ်ဓာတ်အားက တိုးတက်သုံးစွဲနေမှာဖြစ်လို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်က နှစ်စဉ် ၁၃ ရာခိုင်နှုန်းလောက် တိုးတက်လိုအပ်နေမှာ ဖြစ်ပါတယ်။ ဒီလိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဖို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းများရှိ နေပါတယ်။

**မေး ။ ။ ထွက်ရှိလာမည့် လျှပ်စစ်ကိုဘယ်ဈေးနဲ့ ရောင်းမလဲဆိုတာနဲ့ ဒေသခံတွေအတွက် အကျိုးခံစားခွင့် ဘယ်လိုရှိမလဲဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ ။ စက်ရုံမှ ဓာတ်အားကို ရောင်းချသွားမှာဖြစ်ပြီး၊ ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်(Power Purchase Agreement) ချုပ်ဆိုရေး နှစ်ဦးနှစ်ဖက် အမြန်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘောတူစာချုပ် ချုပ်ဆိုရာမှာ လည်း ဓာတ်အားခဈေးနှုန်းကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စက်ရုံအနီး ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေ၊ စက်မှုနယ်မြေတွေကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မှာဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းမရှိသေးတဲ့ ဒေသနေပြည်သူတွေ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မယ့် အကျိုးကျေးဇူးတွေရရှိလာမှာဖြစ်ပါတယ်။

## မြန်မာ့လေကြောင်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း အမှတ်စဉ် (၁/၂၀၁၄) လေယာဉ်မောင်၊ လေယာဉ်မယ် သင်တန်းဆင်းပွဲကို ဩဂုတ် ၂၈ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပညာသိပ္ပံကျောင်း၌ ကျင်းပရာ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆင့်ရ မနွေးဒါလီစိုး၊ ဒုတိယဆင့်ရ မမေဇင်ဖူးနှင့် တတိယဆင့်ရ မနွေးယုလှိုင်ထွန်းတို့အား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လီဗာပူး စပါးကို ဂိုးပြတ်နိုင်

**လန်ဒန် ဩဂုတ် ၃၁**

ပရီမီယာလိဂ်ပွဲစဉ်(၃)တနင်္ဂနွေ ပွဲစဉ်ဖြစ်သည့် စပါးနှင့် လီဗာပူးပွဲတွင် လီဗာပူးက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီအတွက် တိုက်စစ်မှူး ဘာလော့တယ်လီကို ဝယ်ယူ အားဖြည့်ထားသော လီဗာပူးတို့က အိမ်ကွင်းရလဒ်ကောင်းသည့် စပါးကို ရှစ်မိနစ်တွင် စတာလင်းက ပထမဂိုးသွင်းယူပေးပြီး ၄၉ မိနစ် တွင် ဂျရတ်က ပယ်နယ်တီမှ ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ မိုရီနိုက မိနစ် ၆၀ တွင် တတိယဂိုးသွင်းယူပြီး စပါးတို့ကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ ၆၁ မိနစ်တွင် ဘာလော့တယ်လီကို မာကိုဗစ်နှင့် လူစားလဲခဲ့သည်။

အခြားပွဲဖြစ်သည့် ဗီလာနှင့် ဟားလ်စီးတီးပွဲတွင် ဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **သီဟ**



ပြည်တွင်းသတင်း

# မြစ်ပေါက်(၂)ဝမ်းပြည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးနေသည့်မြောင်းများ အောက်တိုဘာလကုန်တွင် မြေဧက ၁၅၀ ခန့်ကို ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**မြင်းမူ ဩဂုတ် ၃၁**

နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က မြစ်ပေါက်(၂)ဝမ်းပြည့် လျှပ်စစ် မြစ်ရေတင်စီမံကိန်းကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၁ ရက်က စက်ယန္တရားကြီးများဖြင့် စတင်၍ အကောင်အထည် ဖော်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင်စီမံကိန်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ပြီး နှစ်ကုန်တွင် စိုက်ပျိုးရေ ပေးဝေသွားနိုင်တော့မည်ဖြစ်သည်။

ရေဝတီမြစ်ရေကို (9 Cusee Pump) နှစ်စုံဖြင့် စုပ်တင်ပြီး လယ်ယာမြေဧက ၄၅၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေသွားမည့် စီမံကိန်းဖြစ်၍ ဒေသဝမ်းစာဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားရေး အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်သည်။



တောင်သူများ မိုးကိုမျှော်ပြီး သီးနှံတစ်မျိုးတည်းကို စိုက်ပျိုးနေရသောအခြေအနေမှ စိုက်ပျိုးရေ ရရှိတော့မည်ဖြစ်၍ ရာသီမရွေး စိုက်ပျိုးလုပ်ကိုင်နိုင်တော့မည် ဖြစ်သည်။ အဆိုပါ မြစ်ပေါက်(၂) ဝမ်းပြည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းကို ပင်မမြောင်းအရှည်ပေ ၅၄၅၀၊ လက်တံ /လက်တံခွဲအရှည် ၂၆၀၇၅ ပေ ၊ တူးမြောင်းအဆောက်အအုံ ၁၂၉ ခု၊ လျှပ်စစ်ဆိုင်ရာ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းပေ ၁၀၀၀ တို့ ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း မြေကြီးလုပ်ငန်း ၃၅၄၄၃ ကျင်း၊ ၆၉ ဒသမ ၈၄ ရာခိုင်နှုန်း၊ တူးမြောင်းအဆောက်အအုံ လေးခု ၅ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယခု ဖောက်လုပ်ပြီးသည့်ရေမြောင်းများအား အသုံးပြုပြီး စိုက်ပျိုးမြေဧက ၁၅၀ ခန့်ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးရေပေးဝေနိုင်ရေး လျာထားစီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြောင်းမကြီး ဝဲ/ယာ တွင် ကုန်ထုတ်လမ်း (မြောင်းစစ်လမ်း) ၁၅ ပေ အကျယ်ပါရှိပြီး မြောင်းမကြီး၏ အရွယ်အစားမှာ ငါးပေအကျယ် (လေးပေခြောက်လက်မ)၊ လက်တံမြောင်း အရွယ်အစားမှာ လေးပေအကျယ် (လေးပေအမြင့်)ရှိကြောင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ EE ဦးခင်မောင်ထွေး၏ ပြောပြချက်အရ သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**




## တရုတ်-အာဆီယံ လှယဉ်ကျေးမယ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အိန္ဒြာသီရိကို ပထမဆုရရှိ

**ရန်ကုန် ဩဂုတ် ၃၁**

တရုတ်နိုင်ငံ တာ့လျန်မြို့၌ ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည့် တရုတ်-အာဆီယံ လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် အိန္ဒြာသီရိကိုမှာ ပထမဆုဆွတ်ခူးရရှိခဲ့ကာ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲဆင်နိုင်ခဲ့ပြီး ယနေ့ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်လေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာခဲ့သည်။

အဆိုပါ တရုတ်-အာဆီယံ လှယဉ်ကျေးမယ်ပြိုင်ပွဲသည် (၁၀) ကြိမ်မြောက်ဖြစ်ပြီး ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဩဂုတ် ၂၀ ရက်က စတင်ထွက်ခွာခဲ့ပြီး ဩဂုတ် ၂၆ ရက်အထိ တရုတ်နိုင်ငံ၌ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ကာ ဩဂုတ် ၂၈ ရက်က ပဏာမပြိုင်ပွဲ ကျင်းပခဲ့ပြီး ဩဂုတ် ၂၉ ရက်က နောက်ဆုံးဆန်ခါတင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အိမ်ရှင်တရုတ်နိုင်ငံအပါအဝင် အာဆီယံ(၁၀)နိုင်ငံမှ အလှမယ် ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲ၌ နိုင်ငံကိုယ်စားပြုရိုးရာဝတ်စုံ၊ အားကစားဝတ်စုံနှင့် ကြိုက်နှစ်သက်ရာ ညနေခင်းပွဲတက်ဝတ်စုံတို့ကို ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ရကြောင်း သိရသည်။

ယခု မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် ပထမဆုရရှိခဲ့သည့် အိန္ဒြာသီရိကိုသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အလှမယ်ပြိုင်ပွဲတွင်လည်း အလှမယ်သရဖူဆုကို ရရှိခဲ့သည်။ အလှမယ်အိန္ဒြာသီရိကိုသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် နေထိုင်ပြီး နိုင်ငံခြားဘာသာ B.A (Thi) ဘွဲ့ရရှိထားသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

အလှမယ် ချောစုလင်းဖြူသန့်ကလည်း International Friendship Award ကိုရရှိခဲ့သည်။ သူသည် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်တွင်နေထိုင်ပြီး B.A (Journalism), Honous တက်ရောက်နေသူဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်**

## အိုင်အိုဒင်းဆားရောင်းချရေးနှင့် စားသောက်ကုန်များ ဆိုးဆေးမပါရေး စစ်ဆေး



**သီပေါ ဩဂုတ် ၃၁**

ဒေသခံ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးကုန်ပစ္စည်းများ ဝယ်ယူစားသုံးနိုင်ရေးကို ရည်ရွယ်လျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိဈေးများ၌ ရောင်းချသည့် ကုန်ပစ္စည်းများတွင် ဆားများ အိုင်အိုဒင်းပါဝင်မှု ရှိ မရှိ၊ ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးများပါဝင်မှု ရှိ မရှိ စသည့် လုပ်ငန်းများ စစ်ဆေးရန် ဩဂုတ် ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သီပေါမြို့ စည်ပင်သာယာရေးဈေးကြီးနှင့် ဝက်ဝံပုံကျဈေးအတွင်း ရောင်းချနေသည့် ဆားများတွင် အိုင်အိုဒင်း ပါဝင်မှု ရှိ မရှိ၊ ငါးပိ၊ ငါးခြောက်၊ လက်ဖက်၊ မုန့်မျိုးစုံ၊ ကြက်သား၊ ဝက်သားနှင့် ကွမ်းပစ္စည်းများစသည့် လူသုံးစားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးများပါဝင်မှု ရှိ မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စသည့်ကိစ္စရပ်များကို ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဒုတိယဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များ ပူးပေါင်း၍ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

**သတိပေးတားမြစ်**

အဆိုပါ ဈေးများအတွင်း ရောင်းချသည့် ဆားများတွင် အိုင်အိုဒင်း ပါဝင်မှု ရှိ မရှိ၊ စားသောက်ကုန်ပစ္စည်း နမူနာများကို ရောင်းချသည့် ဆိုင်၊ ရောင်းချသူအမည်နှင့် တကွ မှတ်တမ်းရယူပြီး ဓာတ်ခွဲခန်းသို့ ပို့ဆောင်စမ်းသပ်စစ်ဆေးကာ ဓာတုဆိုးဆေးများပါဝင်သည့် ကုန်ပစ္စည်းများကို ရောင်းချကြောင်းတွေ့ရှိပါက ဆက်လက် မရောင်းချရေးအတွက် သတိပေးတားမြစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေး

**ဒီပဲယင်း ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် တောတန်းအုပ်စု တောတန်းကျေးရွာ မူလတန်းကျောင်းတွင် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ဒီပဲယင်းမြို့နယ်ရုံးမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၅ ကတ် ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ဆက်လက်၍ မုံရွာမြို့ အလှူရှင် ဦးအောင်မျိုးဟိန်း(စိန်နဂါးနာရီအရောင်းပြခန်း)နှင့်ဇနီး ဒေါ်မိမိဇင်မိသားစုတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်သူ ၁၄၅ ဦးအတွက် ကုန်ကျစရိတ်ငွေများ လှူဒါန်းပြီး တောတန်းကျေးရွာဘုန်းကြီးကျောင်းတွင် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်များကို ထမင်းနှင့် အချိုပွဲများ ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် နေပြည်တော် ၃၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့က ကြီးမှူး၍ ဆေးပညာပေးဟောပြောပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ဇီဝက ခန်းမ၌ စက်တင်ဘာ ၆ ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တွဲဖက်ပါမောက္ခ ဦးသိန်းမြင့်၊ ဒေါက်တာဦးသူရစံနှင့် ဒေါက်တာဒေါ်မေသန္တာဦးတို့က ဆွေးနွေးဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဩဂုတ် ၁၄ ရက်က ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကံကလေးကျေးရွာမှ ဦးဇော်ဇော်ထွန်း-ဒေါ်စန်းစန်းဝင်းတို့က သားယောကျ်ားလေး သုံးမြွှာပူးမွေးခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်မြို့ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းဌွေးက ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်စဉ်။

မြင့်နိုင်

## အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သောနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

နှစ်စဉ် ကမ္ဘာ့လူဦးရေသန်းနှစ်ထောင်ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးနေကြပြီး သန်း ၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သောနောက်ဆက်တွဲကျန်းမာရေးပြဿနာများ ခံစားနေရကြောင်း၊ လူငယ် အမျိုးသား အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများကို တွေ့ရှိရကြောင်း၊ အရက်သောက်သုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပွားသော ရောဂါများအပြင် မတော်တဆ ထိခိုက်မှုဖြစ်ပွားခြင်းကြောင့် သေဆုံးမှုပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စစ်တမ်းများအရ တွေ့ရှိရပါသည်။

အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့်အာရုံကြောရောဂါဖြစ်ခြင်း ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်း၊ စိတ်ရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။

ထို့အပြင် အရက်ကြောင့်ဖြစ်သောနောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုင်ရာပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကို သတ်သေရန်ကြိုးစားခြင်းနှင့် သတ်သေခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညအိပ်မပျော်ရောဂါရရှိခြင်း၊ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့်လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်စေရန်နှင့် မသောက်သုံးစေရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများ မဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ စွဲလန်းစွာသောက်သုံးခြင်းမှ ရှောင်ကြဉ်ရန်နှင့် အရက်စွဲရောဂါဖြစ်နေပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍ စနစ်တကျကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လုပ်ငန်းခွင် အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မင်္ဂလာဒုံစက်မှုဇုန်ရှိ ဟန်နီ အထည်ချုပ်စက်ရုံ Golden Shine အထည်ချုပ်စက်ရုံနှင့် A1 အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံမှာကြားရာတွင် လုပ်ငန်းခွင် အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာစွာ ချုပ်ဆိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာ ဥပဒေများ၊ နည်းဥပဒေများကို ကောင်းမွန်စွာသိရှိပြီး လိုက်နာဆောင်ရွက်သွားရန်လိုသလို၊ အလုပ်ရှင်များဘက်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိစက်ရုံ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု၊ ကုန်ထုတ်စွမ်းအားတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း။

စက်မှုဇုန်များတွင် အသိပညာပေးဆွေးနွေးပွဲများ၊ စက်ရုံ၊ အလုပ်ရုံများမှ မန်နေဂျာများနှင့် Supervisor တို့အား စက်ရုံအလုပ်ရုံစီမံခန့်ခွဲမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အသိပညာပေး သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ စက်ရုံ အလုပ်ရုံများမှ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထားပြီး တက်ရောက်သွားရန်လိုကြောင်း၊ သို့မှသာ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မှာဖြစ်သလို လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားများ မြင့်မားလာကာ နိုင်ငံတော်၏ GDP တိုးတက်ရေးကိုလည်း များစွာ အထောက်အကူ ပြုနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအလုပ်ရုံများတွင် ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ မိမိတို့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဖြေရှင်းပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခြေခံအလုပ်သမား အဖွဲ့အစည်းများမှ အလုပ်သမားခေါင်းဆောင်များ၏ တင်ပြချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အလုပ်သမားရေးရာ ဆောင်ရန်/ရှောင်ရန် မှတ်စုအကျဉ်းချုပ် အသိပညာပေးစာအုပ်များကို ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သည့် ကင်မရာအိတ် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ကွန်ဟိန်း ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကွန်ဟိန်းမြို့နယ် မြို့မရဲစခန်းက ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သည့် ကင်မရာအိတ်ကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးထွန်းသန်းသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် ဖွင့်လှစ်သော သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း (၄/၂၀၁၄) သင်တန်း အခမ်းအနားတက်ရောက်ပြီး တောင်ကြီးမြို့မှ တာချီလိတ်မြို့သို့ မော်တော်ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက ၎င်း၏ ကင်မရာအိတ်သည် ကွန်ဟိန်းမြို့နယ် နမ့်မဟိုင်းရွာ ချောင်းစုံအနီး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့ကြောင်း သိရသဖြင့် ကွန်ဟိန်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ရာ စခန်းမှူး ဒုရဲမှူးတင်ဝင်း၏ ညွှန်ကြားမှုဖြင့် နယ်ထိန်းတပ်ကြပ်လှဝင်းနှင့်အဖွဲ့က သတင်းဖြန့်ဝေခြင်း၊ ရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ စိုင်းညိုမြင့် (၂၃နှစ်) အမှတ် (၆၁၆) ကမ္ဘဌာန်းလမ်း ရပ်ကွက်(၃) ကွန်ဟိန်းမြို့နှင့် စိုင်းနန္ဒ (၃၁နှစ်) အမှတ်(၄၇၄) ကမ္ဘဌာန်းလမ်း ရပ်ကွက်(၃) ကွန်ဟိန်းမြို့နေသူနှစ်ဦးက ချောင်းစုံအနီး တွေ့ရှိသဖြင့် ကွန်ဟိန်းမြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ရာ မြို့မရဲစခန်းက မူလပိုင်ရှင်ထံ အကြောင်းကြားပြီး ကင်မရာအိတ်အတွင်း ပါရှိသော Nikon D5000၊ LENS 18-200၊ နိုင်ငံသားမှတ်ပုံတင်၊ မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်၊ CB ဘဏ်ငွေစု စာအုပ်နှင့် မြန်မာ့အလင်း သတင်းထောက်ကတ်များကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **မြင့်မိုရ်(တာချီလိတ်)**

## မော်ကျွန်းကျောင်းဈေးတန်းဆိုင်များ ရှောင်တခင်စစ်ဆေး ရက်လွန်မုန့်ထုပ် ၁၂၀ အား တွေ့ရှိ၍ သိမ်းဆည်းဖျက်ဆီး

**မော်လမြိုင်ကျွန်း ဩဂုတ် ၃၁**

မော်လမြိုင်ကျွန်း မြို့ပေါ်ရှိ အထက (၁)၊ အထက (၂)၊ မြို့မအလက၊ မူလွန်ကျောင်းများနှင့် မူလတန်းကျောင်းများအပါအဝင် ကျောင်းပေါင်း ၁၃ ကျောင်းရှိ ကျောင်းဈေးတန်းဆိုင်များတွင် ရောင်းချလျက်ရှိသော အစားအစာ မုန့်မျိုးစုံတို့သည် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ တို့ကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှ စတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးနေမျိုးလင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်နှင်းနှင်းဝေနှင့် ကျန်းမာရေးဝန်ထမ်းများက ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။

ယင်းကျောင်းမုန့်ဈေးတန်းဆိုင်များတွင် ဓာတုဆိုးဆေးပါသော အစားအစာများ၊ ထုတ်လုပ်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်မပါသော အစားအစာများ၊ အရောင်လွန်ကဲစွာဆိုးထားသည့် ဂျယ်လီထုပ်များ၊ ရေခဲထုပ်များ၊ အမှတ်အသားအာမခံချက်မပါသော အစားအစာများ၊ သက်တမ်းကုန်ဆုံးသော မုန့်ထုပ်များကို မရောင်းချရေးနှင့် ဈေးရောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေးတို့ကို အသိပညာပေး ဆွေးနွေးကြပြီး ကျောင်းဈေးဆိုင်အချို့မှ ရက်လွန်မုန့်မျိုးစုံအထုပ်ပေါင်း ၁၂၀ ကို တွေ့ရှိသဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ဝဇ္ဇ)**

## တောင်ကုတ်ကောလိပ်၌ ဘာသာရပ်ဆိုင်ရာ အနုပညာနှင့် အားကစား ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

တောင်ကုတ် ဩဂုတ် ၃၁

တောင်ကုတ်ကောလိပ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာ အနုပညာနှင့် အားကစားရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက တောင်ကုတ်မြို့နယ်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခ ဒေါက်တာသာထွန်းမောင်နှင့် ဌာနမှူးများ၊ ကထိကများနှင့် နည်းပြများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဆက်လက်ကျင်းပ**

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသားများက ရခိုင်စည်တော်တီးခတ်၍ လည်းကောင်း၊ သပြေညိုဆောင်မှ ကျောင်းသူများက ဗုဒ္ဓပူဇနိယ ရခိုင်ဆီမီးခွက်အကဖြင့် လည်းကောင်း ကပြဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခ ဒေါက်တာသာထွန်းမောင်က အမှာစကားပြောကြားပြီးနောက် ဟောပြောပွဲကို ဆက်လက်ကျင်းပသည်။

**(မြို့နယ်ပြန်ဆက်)**











## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၂)တို့မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်)တည်ဆောက်ခြင်းလုပ်ငန်းတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် | | ဌာန |
|---|---|---|---|---|
| (က) | Thin Sheet(1.2mm) | 25.00 | Ton | အထူးစီမံကိန်းကြီးအဖွဲ့(၄) |
| | M.S Plate(ရွယ်စုံ) | 433.00 | Ton | ။ |
| | Angle Iron (ရွယ်စုံ) | 31.00 | Ton | ။ |
| | C.Channel | 52.00 | Ton | ။ |
| (ခ) | Rheobuild-561 | 100 | Drums | အထူးစီမံကိန်းကြီးအဖွဲ့(၂) |
| | M.S Plate(ရွယ်စုံ) | 389.50 | Ton | ။ |
| | Angle Iron(ရွယ်စုံ) | 36.00 | Ton | ။ |
| | C.Channel | 66.5 | Ton | ။ |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၉-၂၀၁၄ ရက်မှ ၁၄-၉-၂၀၁၄ ရက်
**အချိန်** - နံနက် ၉း၃၀ နာရီမှ ညနေ၃း၃၀ နာရီအထိ
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်** - ၁၅-၉-၂၀၁၄ ရက်
**အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ မန္တလေး(ရတနာပုံ)စီမံကိန်းဝင်း အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး ဖုန်း-၀၇၂-၂၂၂၈၀သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၁-၉-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုး

**ညောင်လေးပင် ဩဂုတ် ၃၁**

ဩဂုတ်လဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်း နစ်မြုပ်ခဲ့သောလယ်မြေများကို ယခုအခါ စိုက်ပျိုးစရိတ် ထောက်ပံ့ပေးခဲ့၍ ပျက်စီးဆုံးရှုံး လယ်မြေများပြန်လည်စိုက်ပျိုးနိုင်ပြီ ဖြစ်ကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်အတွင်းမှာ ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေတက်ခဲ့တာကြောင့် စိုက်ပျိုးပြီးလယ်မြေ ၁၂၀၀၀၀ ရှိရာမှ ၈ဧက ၁၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့တယ်။ ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၀ ရှိရာမှ ၃၅ အုပ်စု ထိခိုက်မှုရှိခဲ့သည်။ ယခုအခါမှာတော့ မြို့နယ်လယ်မြေစီမံခန့်ခွဲမှုကော်မတီနဲ့ ကျေးရွာလယ်မြေစီမံခန့်ခွဲမှု ကော်မတီတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ စိုက်ပျိုးစရိတ်ထောက်ပံ့ပေးခဲ့ပါတယ်။ ထိခိုက်မှုရှိတဲ့ လယ်မြေအတွက် ငွေကျပ် ၆၀၀၀ နှုန်းထောက်ပံ့ပေးပြီး လုံးဝပျက်စီးသွားတဲ့ လယ်မြေအတွက် ငွေကျပ် ၁၂၀၀၀ ထောက်ပံ့ပေးပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ရေကြီးရေလျှံဖြစ်မှုကြောင့် စုစုပေါင်းညောင်လေးပင်မြို့နယ်အတွင်း လယ်မြေဧက ၁၈၆၆၉ ထိခိုက်မှုရှိခဲ့ရာ လယ်ယာမြေများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာက စိုက်ပျိုးစရိတ် ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၉၆၁ သိန်းကျော်ကို တောင်သူလယ်သမား ၂၈၆၆ ဦးအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

# ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၉ နံနက် ၉ နာရီက ကျင်းပခဲ့ရာ အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိတို့က ၎င်းတို့ဆောင်ရွက်ရသည့် အမှုလိုက်လုပ်ငန်း၊ စီမံလုပ်ငန်းနှင့် ငွေစာရင်းဘတ်ဂျက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ၎င်းတို့၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်က အသေးစိတ်ရှင်းလင်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ စုစုပေါင်း ၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



**သန့်စင်(ပဲခူး)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၈-၂၀၁၄

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၃၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၈၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၅၀၀-၈၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၄၈၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၉ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၃၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၀-၇၇၉ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၉ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅-၃၁၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၃၃၇၄ ဒသမ ၁၈ သန်း သုံးစွဲမည်

**မိတ္ထီလာ ဩဂုတ် ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်း၊ ရေပေးခြင်းလုပ်ငန်းနှင့် မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် ဆောင်ရွက်ရန် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများသည် ခရိုင်အတွင်းရှိ လုပ်ငန်းအလိုက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ကျေးလက်ဒေသများတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

မိတ္ထီလာခရိုင်အတွင်းရှိ တင်ဒါအောင်မြင်သည့် ကုမ္ပဏီခြောက်ခုမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်းစဉ် ၁၉ ခု၊ တံတားလုပ်ငန်း ၁၅ ခု၊ ရေပေးရေးလုပ်ငန်း ၈၁ ခုနှင့် မီးလင်းရေးလုပ်ငန်း ၇၁၂ ခုတို့ကို ကျေးလက်ဒေသများတွင် တင်ဒါအောင်မြင်ပြီး ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် ၃၃၇၄ ဒသမ ၁၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**






နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# ပရီမီယာလိဂ်၊ ချန်ပီယံလိဂ် စိန်ခေါ်မှုတွေနဲ့ အာဆင်နယ်

ချန်ပီယံလိဂ်ပွဲကို ဆင်နွှဲနိုင်ရေး ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတဲ့ အာဆင်နယ်အသင်းအနေနဲ့ ဖလားရယူရေး မျှော်မှန်းထားပါတယ်ဆိုတဲ့စကားဟာ အလေးအနက်ထားပြီး ပြောတာဖြစ်တယ်လို့ နည်းပြအာဆင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို ဆင်နွှဲနိုင်ဖို့အတွက် ဘက်ရှီးတပ်စ်အသင်းကို နှစ်ကျော့ပေါင်း တစ်ဂိုး-ဂိုးမရှိနဲ့ ဖြတ်ကျော်ခဲ့တဲ့ အာဆင်နယ်ဟာ လက်ရှိခြေစွမ်းနဲ့ ချန်ပီယံလိဂ်မှာ စောစောစီးစီး ထွက်ခွာသွားနိုင်တယ်လို့ ဝေဖန်မှုတွေအပေါ် အာဆင်နယ်နည်းပြဝင်းဂါးက အခုလို တုံ့ပြန်လိုက်တာဖြစ်ပါတယ်။

"အာဆင်နယ်ဟာ ထိပ်တန်းအဆင့်ရှိတဲ့အသင်းဖြစ်ပြီး ကမ္ဘာ့အဆင့်မီ ဘောလုံးသမားလောင်းတွေ အများအပြားရှိနေပါတယ်။ အသင်းတိုင်းကို ခြိမ်းခြောက်နိုင်တဲ့ စွမ်းရည်တွေလည်း ပိုင်ဆိုင်ထားတာမို့ ချန်ပီယံလိဂ်မှာ နောက်ဆုံးဗိုလ်လုပွဲအထိတက်ရောက်နိုင်တဲ့ ခြေစွမ်းရှိပါတယ်" လို့ အာဆင်ဝင်းဂါးက ပြောကြားနေပါတယ်။

အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်အုပ်စုမှာ ဒေ့ါမွန်၊ အန်ဒါလက်ချ်၊ ဂါလာတာစာရေးအသင်းတွေနဲ့ တစ်အုပ်စုတည်း ကျရောက်နေတာမို့ လွယ်ကူတဲ့ အနေအထားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အုပ်စုပွဲစဉ်အဆင့်ကို ကျော်ဖြတ်ဖို့ လူအင်အား အပြည့်အဝရှိနေတယ်လို့ ဆိုပါတယ်။

လောလောဆယ်မှာတော့ အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်က အဲဗာတန်နဲ့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာမို့ ခွဲစိတ်ကုသမှုခံယူထားရတာနဲ့ ကြုံတွေ့နေပါတယ်။ အဲဒီဒဏ်ရာကြောင့် ဂီရော့ဒ်ဟာ ၂၀၁၄ နှစ်ကုန်အထိ အနားယူရမယ့် အနေအထားရှိနေပါတယ်။ ဒါကြောင့် အာဆင်နယ်တိုက်စစ်အား လျော့သွားတာမို့ တိုက်စစ်မှူးအသစ်ခေါ်ယူဖို့ စီစဉ်နေရပြီဖြစ်ပါတယ်။

ဒါပေမယ့် ဩဂုတ် ၃ ရက်မှာ ကုန်ဆုံးခဲ့တဲ့ အပြောင်းအရွှေ့ကာလအတွင်း ပြတ်သားတဲ့ ဆုံးဖြတ်ချက်မချနိုင်ခဲ့တဲ့ အာဆင်ဝင်းဂါးဟာ ဘာစီလိုနာက ခေါ်ယူထားတဲ့ တိုက်စစ်မှူး ဆန်ချက်ဇ်နဲ့ ကြံ့ခိုင်မှုပြည့်ဝလာတဲ့ ဝဲလ်ကော့သ်တို့အားနဲ့ ဆက်လက် ချီတက်ဖို့ ပြင်ဆင်ရတော့မှာဖြစ်ပါတယ်။

အာဆင်ဝင်းဂါးဟာ တိုက်စစ်ထက်မြက်အောင် ပြင်သစ်ကလပ် မိုနာကိုအသင်း တိုက်စစ်မှူး ဖယ်လ်ကာအိုကို တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းနဲ့ ခေါ်ယူဖို့ ကြိုးစားခဲ့သလို ကိုင်ရိုအသင်းတိုက်စစ်မှူး ဘာဆီကိုလည်း ခေါ်ယူနိုင်ရေး စိတ်ဝင်စားခဲ့ပေမယ့် အထမမြောက်ခဲ့ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကစားသမားကောင်းတွေ စုဖွဲ့ပိုင်ဆိုင်ထားတဲ့ အာဆင်နယ်ဟာ ချန်ပီယံလိဂ်မှာရော ပရီမီယာလိဂ်မှာပါ အောင်ပွဲခံနိုင်ရေး စိတ်ဓာတ်ပြင်းပြင်းနဲ့ ကြိုးစားသွားမှာပါလို့ အာဆင်ဝင်းဂါးက ဆိုနေပါတယ်။

ဒီနှစ် ပရီမီယာလိဂ်မှာရော ချန်ပီယံလိဂ်မှာပါ ပြိုင်ဘက်တွေရဲ့ ထက်မြက်မှုနဲ့ ကစားသမားကောင်းတွေ စုဖွဲ့ထားနိုင်မှုကြောင့် ကြမ်းတမ်းခက်ခဲမယ့် လမ်းကြောင်းကို အာဆင်နယ်လျှောက်လှမ်းရမှာတော့ အမှန်ပါပဲ။

**မိုးမြင့်လင်းလက်**

## ချယ်လ်ဆီး သုံးပွဲဆက်တိုက်အနိုင် ရထား

ချယ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် သုံးပွဲကစား သုံးပွဲဆက်တိုက် အနိုင်ရရှိထားသည်။ စနေနေ့က ကစားခဲ့သည့် ပြိုင်ပွဲတွင် ချယ်လ်ဆီးက အဲဗာတန်အိမ်ကွင်း၌ ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းပြိုင်ပွဲတွင် ဒီယေဂိုကော်စတာက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ကော်စတာက ပွဲစပြီး တစ်မိနစ်မှာပင် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးက ပထမသုံးမိနစ်အတွင်းမှာပင် အီဗန်နိုဗစ်က တစ်ဂိုးသွင်းခဲ့သဖြင့် နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။ အဲဗာတန်က မီယာလက်နှင့် နေးလ်စမစ်တို့က ၄၅မိနစ်နှင့် ၆၉ မိနစ်တွင် သွင်းယူပေးပြီး အဲဗာတန်မှ ကိုးလ်မန်း၏ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမှုကြောင့် ချယ်လ်ဆီးတို့ တတိယဂိုး ရရှိခဲ့သည်။ အသစ်စာချုပ်ခဲ့သော အီတိုးက အဲဗာတန်အတွက် ၇၆မိနစ်တွင် တတိယဂိုး သွင်းခဲ့သည်။ မာတစ်နှင့် ရာမီလက်တို့က ချယ်လ်ဆီးအတွက် ၇၄ မိနစ်နှင့် ၇၇မိနစ်တို့တွင် ဂိုးများသွင်းယူပေးကာ ကော်စတာက မိနစ်၉၀တွင် ဆဋ္ဌမဂိုး သွင်းယူပေးခဲ့ကာ အဲဗာတန်တို့အိမ်ကွင်း၌ ချယ်လ်ဆီးကို ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ အသီးသီး သွင်းခဲ့သည်။



## ဩဂုတ် ၃၀/၃၁ ဂိုးရလဒ်များ

သီဟ

| | | |
|---|---|---|
| **နယူးကာဆယ်** | ၃-၃ | ပဲလေ့စ် |
| ကျူပီအာ | ၁-၀ | ဆန်းဒါးလန်း |
| ဆွမ်ဆီး | ၃-၀ | ဝက်စ်ဘရွန်း |
| ဝက်စ်ဟမ်း | ၁-၃ | ဆောက်သမ်တန် |
| မန်စီးတီး | ၀-၁ | စတုတ် |
| မိုနာကို | ၁-၁ | လိုင်လီ |
| ကိန်း | ၀-၁ | ရန်းနက်စ် |
| လန်းစ် | ၄-၂ | ရိမ်းစ် |
| လော်ရီယန့် | ၄-၀ | ဂူအင်ဂမ့် |
| နန့်တက်စ် | ၁-၀ | မောင့်ပယ်လီယာ |
| တူးလော့စ် | ၁-၀ | အီဗီယန် |
| ရှော်လ်ကေး | ၁-၁ | ဘိုင်ယန်မြူးနစ် |
| ချီယေဗို | ၀-၁ | ဂျူဗင်တပ်စ် |
| ရိုးမား | ၂-၀ | ဖီအိုရင်တီးနား |
| ကော်ဒိုဘာ | ၁-၁ | ဆယ်လ်တာဗီဂို |
| ဘီလ်ဘာအို | ၃-၀ | လီဗန်တေး |
| အက်သလက်တီကို | ၂-၁ | အီဘာ |
| အက်စ်ပန်ညို | ၁-၂ | ဆီဗီလာ |
| ရှက်ဖီးဝမ်းနက်စ်ဒေး | ၀-၁ | နော်တင်ဟမ် |
| နော့ဝှစ်ချ် | ၁-၁ | ဘုန်းမောက် |
| လိဒ်ယူနိုက်တက် | ၁-၀ | ဘော်လ်တန် |
| ဝက်ဖို့ဒ် | ၄-၂ | ဟက်ဒါဖီးလ် |
| ဒါဘီ | ၁-၁ | အစ်ဆွစ် |
| မစ်ဒယ်ဘရော့ | ၀-၁ | ရီးဒင်း |
| ဝီဂန် | ၄-၀ | ဘာမင်ဂမ် |
| မီဝေါလ် | ၂-၁ | ဘလက်ပူးလ် |
| ဖူလ်ဟမ် | ၁-၁ | ကာဒစ် |

## ပီအက်စ်ဗွီအနိုင်ရ

ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီက ကစားသည့် နယ်သာလန်အဆင့်မြင့် လိဂ်ပြိုင်ပွဲဖြစ်သည့် ပီအက်စ်ဗွီနှင့် ဗင်တက်ဆီတို့ပွဲတွင် ပီအက်စ်ဗွီက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပီအက်စ်ဗွီအတွက် ပထမဂိုးကို တိုက်စစ်မှူး လုခ်ဒီဂျောင်းက ၄၈ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီး မိနစ် ၉၀ တွင် အဒမ်မဟာက ဒုတိယဂိုးသွင်းယူပေးပြီး ပီအက်စ်ဗွီတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ကောင်းမြတ်သူ - စုသည်းသည်**



## ကျန်းမာရေးသုတ

# မြန်မာနိုင်ငံရှိအတက်ရောဂါဝေဒနာရှင်များ ဆေးကုသမှုကွာဟချက် လျော့ချရန် ကျန်းမာရေးအထောက်အကူပြုစီမံကိန်းများ တိုးမြှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၃၁**

"အတက်ရောဂါ ခံစားနေရသူတွေ တိုင်းကို ဆရာဝန်နဲ့ပြသပြီး ဆေးဝါးကုသမှုခံယူရင်း ကျွန်တော့်လိုပဲ ပုံမှန်အတိုင်း သွားလာနေထိုင်စေချင်ပါတယ်။ ဆေးသောက်ပြီးချိန်က စပြီးမူးတာတွေဘာတွေ မရှိတော့ဘူး။ ဒီအကြောင်းကို ဝေဒနာရှင်အားလုံးကိုရော သူတို့ရဲ့မိသားစုဝင်တွေအားလုံးကိုပါ သိစေချင်ပါတယ်"ဟု အတက်ရောဂါ ခံစားနေရသဖြင့် ဆရာဝန် ညွှန်ကြားချက်အတိုင်း ဆေးသောက်သုံးနေသူ အသက်၁၇ နှစ်အရွယ် မောင်ဖြိုးဟိန်းကျော်က သူ၏ဆန္ဒကို ပြောကြားသည်။

ကမ္ဘာပေါ်တွင် အတက်ရောဂါဝေဒနာ ခံစားရနေသူပေါင်း သန်း ၅၀ ခန့်ရှိနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အတက်ရောဂါရှိသူများ၏ လေးပုံသုံးပုံခန့်၊ တချို့နိုင်ငံများ၌ ၉၀ ရာခိုင်နှုန်းခန့်အထိသည် ဆေးကုသမှုနှင့် လက်လှမ်းမမီဘဲ ရှိနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း WHO ၏ ထုတ်ပြန်ချက်များအရ သိရသည်။ တက်ခြင်းဆိုသည်မှာ ဦးနှောက်အတွင်းရှိ လျှပ်စီးကြောင်းများ ရုတ်တရက် မူမမှန် ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းကာတုန်၍ သတိလစ်သွားခြင်းဖြစ်ကြောင်း၊ ၂၄ နာရီခြား၍ အနည်းဆုံးနှစ်ကြိမ်နှင့် အထက်တက်လျှင် အတက်ရောဂါဟုခေါ်ကြောင်း ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်မှ ကွပ်ကဲရေးမှူး ဒေါက်တာ ဖေသက်ထွန်းက ပြောကြားသည်။

"အတက်ရောဂါဆိုတာ ကူးစက်တတ်တဲ့ ရောဂါမဟုတ်ဘဲ ရေရှည်ဆေးကုသဖို့လိုအပ်တဲ့ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ရောဂါတစ်မျိုးဖြစ်တယ်။ စိတ်ရောဂါလည်း မဟုတ်ဘူး။ အတက်ရောဂါကို ဈေးနှုန်းချိုသာပြီး နေ့စဉ်သောက်သုံးတဲ့ ဆေးဝါးတွေနဲ့ လွယ်ကူစွာကုသလို့ ရနိုင်ပါပြီ။ နေ့စဉ်သောက်ဖို့တော့ လိုပါတယ်။ ဒါဆို ပုံမှန်လူနေမှုဘဝကိုပိုင်ဆိုင်နိုင်မှာပါ။ အတက်ရောဂါဝေဒနာရှင်ကို ပစ်ပယ်မထားသင့်ဘူး။ အတက်ရောဂါသည်အကြောင်း ပိုလေ့လာပြီး အတက်ရောဂါသည်များနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို ခွဲခြားဆက်ဆံတာတွေ၊ အဆိုးမြင်တာတွေ ပပျောက်သွားအောင် ဆောင်ရွက်ကြရပါမယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၌ အတက်ရောဂါ ခံစားနေရသူ ငါးသိန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ဝေဒနာရှင်များ၏ ၈၀ရာခိုင်နှုန်းမှာ ထိရောက်သော ဆေးကုသစောင့်ရှောက်မှုနှင့် လက်လှမ်းမမီသေးဟု ခန့်မှန်းထားကြောင်း၊ အတက်ရောဂါနှင့်ပတ်သက်သော လွဲမှားသည့်အယူအဆများ၊ ကြောက်ရွံ့မှုများနှင့် ခွဲခြားဆက်ဆံမှုများကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အတက်ရောဂါရှိသူအချို့မှာ ကျောင်းမှလည်းကောင်း၊ လုပ်ငန်းခွင်မှလည်းကောင်း ဖယ်ရှားခံရပြီး လက်ထပ်ခြင်းမပြုနိုင်သည့် အခြေအနေအထိ ခံစားနေရကြောင်း၊ အတက်ရောဂါရှိသူ အများစုမှာ အတက်ရောဂါကြောင့် ခွဲခြားဆက်ဆံရမည်စိုးရိမ်သောကြောင့် ကုသမှုမခံယူဘဲ ဖုံးကွယ်ထားခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလူမှုရေး အခက်အခဲများကြောင့် ဆေးကုသမှုမခံယူနိုင်ခြင်း၊ အတက်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ကျွမ်းကျင်ဝန်ထမ်းများ မလုံလောက်ခြင်းတို့ကြောင့် ဆေးကုသမှုခံယူရန် အလှမ်းဝေးလျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံ၌ အတက်ရောဂါကုသမှု ကွာဟချက်မှာ ၈၀ ရာခိုင်နှုန်း ရှိသည်ဟု ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အတက်ရောဂါ စီမံချက်ကို အကောင်အထည်ဖော်နိုင်ရန်စီစဉ်ခဲ့ကြောင်း၊ လေးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် "မြန်မာနိုင်ငံ အတက်ရောဂါ စီမံချက်" ( Myanmar Epilepsy Initiative) ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ကြောင်း၊ အတက်ရောဂါဆိုင်ရာစောင့်ရှောက်မှုတိုးတက်လာစေရန် ကျန်းမာရေးဝန်ထမ်းများအား အတက်ရောဂါဆိုင်ရာသင်တန်းများ ပို့ချလေ့ကျင့်ပေးခြင်း၊ ပြည်သူလူထုကြား အတက်ရောဂါဆိုင်ရာ အသိပညာများတိုးပွားလာစေရန် ရှေ့ပြေးအကောင်အထည်ဖော် ဆောင်ရွက်ချက်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အတက်ရောဂါဆိုင်ရာစီမံချက် မန်နေဂျာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းမင်းသစ်က ပြောကြားသည်။

အတက်ရောဂါ ဖြစ်ပွားသည့် လက္ခဏာများမှာ သတိမေ့မြောကာ တက်သွားခြင်း၊ ကိုယ်ခန္ဓာတစ်ခုလုံး (သို့) တစ်ခြမ်းအကြောဆွဲခြင်း၊ ပါးစပ်မှ အမြှုပ်တစီစီထွက်ခြင်း၊ ဆီး၊ ဝမ်းမထိန်းနိုင်ခြင်း၊ မျက်လုံးသည် အများအားဖြင့် ပွင့်နေပြီး တစ်ဖက်သို့ စွေစောင်းကာ အဝေးသို့ ကြည့်သကဲ့သို့ ရှိနေခြင်းတို့ဖြစ်သည်။

နေပြည်တော် ကျန်းမာပညာဌာန စိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ လှမြသွေးက္ကန္ဒြာကလည်း "ကျောင်းနေအရွယ် ကလေးတစ်ဦးမှာ အတက်ရောဂါရှိနေခဲ့ရင် ပုံမှန်ဆေးကုသမှုခံယူရင်း အတက်ရောဂါ ထိန်းထားနိုင်တယ်ဆိုရင် မိဘတွေအနေနဲ့ ကျောင်းထားပေးသင့်ပါတယ်။ ဆရာတွေကိုလည်း မိမိကလေးရဲ့ အခြေအနေမှန်ကို ပြောပြထားရမယ်။ ဆရာ ဆရာမတွေကလည်း အတက်ရောဂါ အကြောင်းနဲ့ ရှေးဦးသူနာပြုစုနည်းတွေနဲ့ အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေသိထားရင် အကောင်းဆုံးပါပဲ။

"နောက်ပြီး အတန်းဖော်တွေက ပစ်ပယ်မထားဖို့ ကျောင်းတွင်းလှုပ်ရှားမှုတွေမှာ ပါဝင်စေနိုင်ဖို့ မိဘဆရာတွေကကူညီပေးရင် အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်း လမ်းမှာ လျှောက်လှမ်းနိုင်ပါမယ်"ဟုပြောကြားသည်။

အတက်ရောဂါအကြောင်း မှန်ကန်သော အသိပညာများ တိုးပွားလာပြီး အတက်ရောဂါနှင့် ပတ်သက်သော ရှေးရိုးအယူအဆများ၊ အထင်လွဲမှုများကိုဖယ်ရှား၍ မှန်ကန်ထိရောက်သော ဆေးကုသမှုများကို ရရှိခံစားစေရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် အတက်ရောဂါ ကုသပြုစုစောင့်ရှောက်ရေး စီမံချက်ကို ယခုနှစ်အတွင်း၌ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်နှစ်မြို့နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လေ့ကျင့်ထားပြီးသော ကျန်းမာရေးဝန်ထမ်းများကို အတက်ရောဂါ ဖော်ထုတ်တတ်စေရန်၊ ကုသမှုပေးတတ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်တတ်အောင်၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးတတ်အောင် ဆောင်ရွက်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## စာတည်းထံပေးစာ

### စည်းကမ်းမဲ့ဆိုင်များအား ကြပ်မတ်ပေးပါ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၉၀ ထိပ်နှစ်ဖက်တွင် ကားလမ်းကိုပိတ်ဆို့၍ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် လမ်းပေါ်တွင် အကြော်ကြော်ခြင်း၊ လက်ဖက်ရည်ဖျော်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည့်အပြင် ဆိုင်သို့လာသော စားသောက်သူများ၏ ယာဉ်များနှစ်ထပ်ရပ်ထားမှုကြောင့် ရန်ပွဲများလည်း မကြာခဏဖြစ်ပွားလျက်ရှိပါသည်။ လမ်းသူ လမ်းသားများ၏ ကားများရပ်နားရန် လွန်စွာအခက်အခဲကြုံတွေ့နေရပြီး နေ့စဉ်လိုလိုပင် လမ်းပိတ်ဆို့မှု ပြဿနာ ပေါ်ပေါက်လျက်ရှိပါသည်။ လက်ဖက်ရည်ဆိုင်မှ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို နောက်ဖေးလမ်းကြားနှင့် ကားလမ်းပေါ်တွင် စည်းကမ်းမဲ့စွာ ပြန့်ကြဲထားသောကြောင့် ယခင်တိုက်ခန်းအပေါ်ထပ်များတွင် မရှိခဲ့သောခြင်များ လူနေအိမ်အပေါ်ထပ်များတွင် ပေါများလျက် ရှိပါသည်။ သက်ဆိုင်ရာမှ ကူညီဖြေရှင်းပေးပါရန် တင်ပြလိုက်ရပါသည်။

**လမ်း ၉၀ နေသူတစ်ဦး**

### တစ်ဖက်ပိတ်ဆည်ပြုလုပ်နိုင်ရန် ကွင်းဆင်း

**ရမ်းဗြဲ ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မရွတ်ချိန်ကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် တစ်ဖက်ပိတ်ဆည်ရေးပေးရေးလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် ဩဂုတ် ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကောင်းမြတ်ထွန်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ (၁၅၇)



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၂၈ ရက်က ကျောင်းသားကျောင်းသူများ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းအတွင်း ရောင်းချနေသော ဈေးဆိုင်ခန်းများအား ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးခြင်းများကို တာပွန်တိုက်နယ်မှ ဒေါက်တာဆွေဇင်ဝင်းနှင့်အဖွဲ့ စစ်ဆေးစဉ်။**

တင်မြင့်(နတ်တလင်း)

**နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားလွှာ**

သီဟထွန်းကုမ္ပဏီလီမိတက်၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် မုံရွာမြို့၊ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**သီဟထွန်းကုမ္ပဏီလီမိတက်**

ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး)
(၁၁) ကြိမ်မြောက်

**ဗုဒ္ဓနည်း နာမ်+ရုပ် လေ့ကျင့်ရေးတရားအလုပ်စခန်း**

**ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့်ကောင်းစွာဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏ တရားတော်များကို ပိုမို၍ နက်နက်နဲနဲထိုးထိုးထွင်းထွင်း သိမြင်နားလည်လာရန်**

**အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
**နေ့ရက်** - ၃-၉-၂၀၁၄ရက်မှ ၇-၉-၂၀၁၄ရက်အထိ
**နေရာ** - အောင်မင်္ဂလာဓမ္မာရုံ၊ ဆုတောင်းပြည့်မြတ်စွာဘုရား ၇၆လမ်း၊ ၂၆×၂၇လမ်းကြား၊ ဟေမာဇလရပ်၊ မန္တလေးမြို့။
မှတ်ချက်။ ။ **ဆရာကြီး ဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဟောပြောသင်ကြားပြသမှုအတိုင်း ကျင်းပပြုလုပ်ပါမည်။**
**ဖုန်း-၀၉-၉၁၀၀၅၆၇၈၊ ၀၉-၂၀၀၇၇၂၆၊ ၀၉-၄၄၄၀၁၈၀၃၈**

**မွေးသက္ကရာဇ်မှန်**
ဦးမျိုးတင့်၏သား ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ကမ္ဘောဇ ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်အေးထွဋ်မျိုးတင့် ၁၃/ရစန(နိုင်)၀၆၅၄၅၈ ၏ မွေးသက္ကရာဇ်မှန်မှာ ၁-၈-၁၉၉၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(D)မှ နန်းခင်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်ဝင်း ဖြစ်ပါကြောင်း။
**ဦးခွန်မောင်ဝင်း**

**အများသိစေရန်ကြေညာခြင်း**
လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ (၆)အကွက်မှတ် အမက (၁၇)ကျောင်းကွက် ဦးပိုင်အမှတ် ၇၇၇၊ ၇၇၈၊ ၇၇၉ မြေဂရန်အမည်ပေါက် ဦးကျောက်ကြီးချိန် ကေကေအိုင်-၀၉၁၄၉၁ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန်-ဦးကျောက်တင်ဆုံ ဖုန်း-၀၈၂-၂၂၁၃၀၊ လားရှိုးမြို့**

**အမည်မှန်**
တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (D)မှ ခွန်ထွန်းလျှံ၏ အမည်မှန်မှာ ခွန်ထွန်းလှိုင် ဖြစ်ပါကြောင်း။
**ခွန်ထွန်းလှိုင်**

**အမည်မှန်**
လားရှိုးမြို့၊ မောသီရိကွက်သစ်၊ ရပ်ကွက် (၇)၊ နယ်မြေ (၁၈)နေ ဦးထွန်းစိန်၏သား စတုတ္ထတန်းကျောင်းသား စိုင်းကျော်စိုင်းဦး၏ အမည်မှန်မှာ စိုင်းကျော်ဆန်းဦးဖြစ်ပါကြောင်း။ **စိုင်းကျော်ဆန်းဦး**

**မွေးသက္ကရာဇ်မှန်**
ဦးသန်းစိုး၏သမီး ရပ်စောက်မြို့၊ အထက-ရပ်စောက် တက္ကသိုလ်ဝင်တန်း(က)မှ မသိမ့်သီရိစိုး၏မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၂-၁၉၉၉ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးခြင်း**
ကျွန်တော် မောင်မောင်ဦး ၁၃/လလန(နိုင်)၀၄၃၈၀၇ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၁၂၃၅၃၉**

**ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း**
ကျွန်တော်ခင်မောင်ဦး ၁၃/လရန(နိုင်) ၀၅၇၀၅၄၏ ဇနီးဖြစ်သူ မဟော်ကြားဟွမ် ၁၃/လရန(နိုင်)၁၇၃၄၈၈ သည် ၂၅-၆-၂၀၁၃ ရက်၌ ၎င်း၏သဘောဆန္ဒဖြင့် အလိုအလျောက် နေအိမ်မှဆင်းသွားပါသည်။ ကျွန်တော့်ဘက်မှ သုံးကြိမ်တိုင်တိုင် သွားရောက်ခေါ်သော်လည်း ပြန်လာခဲ့ခြင်းမရှိပါသဖြင့် ၂၅-၆-၂၀၁၄ ရက်မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်သည်။နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ခင်မောင်ဦး**
**၁၃/လရန(နိုင်)၀၅၇၀၅၄**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၁၆၅၁၆၊ ကမ်ဘို 125 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမြမောင် ၁၃/မရတ(နိုင်)၀၀၂၀၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၉ယ/၄၅၅၈၇ Zong Shen 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေနှင်းရည်ဆွေဦး ၁၃/လရန (နိုင်) ၁၄၃၄၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**အမည်မှန်**
ဦးမြင့်သိန်း၏သမီး ရပ်စောက်မြို့၊ အထက-ရပ်စောက် နဝမတန်း(က)မှ မရတနာဖြိုး၏ အမည်မှန်မှာ မရတနာ ဖြစ်ပါကြောင်း။
**မရတနာ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တမံစီမံကိန်းဧရိယာအတွင်း လယ်ယာမြေများ လျော်ကြေးငွေပေးအပ်

**အရာတော် ဩဂုတ် ၃၁**

မုံရွာမြို့နယ် ကျောက္ကာဒေသရှိ ထန်းဇလုပ်ဆည် အရှေ့ဘက် ထန်းဇလုပ် ရေကူတမံတည်ဆောက်ရာ စီမံကိန်းဧရိယာအတွင်း၌ ကျရောက်သော အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စုရှိ တောင်သူများအား ဒုတိယအကြိမ်လျော်ကြေးငွေများ ဩဂုတ် ၂၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်များတွင် မိရိုးဖလာလုပ်ကိုင် စားသောက်နေသော တောင်သူများ၏ မြေသင့်လယ်ယာမြေဧရိယာ စုစုပေါင်း ၁၄၄ ဒသမ ၈၁ ဧကအတွက် လျော်ကြေးငွေများ ပေးအပ်ခြင်းဖြစ်သည်။ ပထမအကြိမ် လျော်ကြေးငွေများကို ဩဂုတ် ၄ ရက်က ပေးအပ်ခဲ့ပြီး တောင်သူ ၁၅ ဦး၊ မြေဧက ၃၀ ဒသမ ၃၅ အတွက် ငွေကျပ်သိန်းပေါင်း ၄၅၈ ဒသမ ၂၅ သိန်းကိုပေးအပ်ခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၁ ရက်က ဒုတိယအကြိမ် ထပ်မံပေးအပ်ရာတွင် ရေကူတမံ တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်းပါရှိသော အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စု ဝါးတန်းရွာ အောင်သာကုန်းရွာများနှင့် မုံရွာမြို့နယ် ကျောက္ကာကျေးရွာအုပ်စု ညောင်ပင်တဲကျေးရွာတို့မှ ကျန်ရှိတောင်သူ ၃၅ ဦး၏ ကွင်းပေါင်းသုံးကွင်း၊ ဦးပိုင် ၄၄ ဦး မြေကောင်း၊ (ရေလွယ်/ရေနီး)ဧရိယာ ၁၁၄ ဒသမ ၂၆ ဧကအတွက် မြေယာလျော်ကြေးငွေ ကျပ် ၃၀၃၂၇၂၀၀၀ ကို မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်တို့က တောင်သူများအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လျော်ကြေးငွေပေးအပ်ပွဲသို့ မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အရာတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထိုက်၊ အရာတော်မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းဌေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဘဌေး၊ ဝါးတန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တောင်သူဦးကြီးများ တက်ရောက်ကြသည်။



ထန်းဇလုပ်ရေကူတမံတည်ဆောက်ရေး စီမံကိန်းဧရိယာအတွင်းပါရှိသော လယ်ယာမြေဧကများအတွက် လျော်ကြေးငွေများ ပေးအပ်စဉ်။

မုံရွာမြို့နယ် ကျောက္ကာဒေသရှိ ထန်းဇလုပ်ဆည်ကြီးသည် ဒေသတွင်း လယ်မြေများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိရာ ထိုဆည်ကြီး ရေပိုမိုဝင်ရောက်နိုင်ရန်အတွက် ယင်းဆည်၏အရှေ့ဘက်တွင် ထပ်မံ၍ ထန်းဇလုပ် ရေကူတမံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# အင်းတော်မြို့နယ် မြသီတာကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးဆောင်ရွက်

**အင်းတော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သုက္ခာကျေးရွာအုပ်စု မြသီတာကျေးရွာတွင်၂၄ နာရီ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိရာ မကြာမီ မီးလင်းတော့မည်ဟု သိရသည်။

မြသီတာကျေးရွာသည် အင်းတော်မြို့နယ် ဗန်မောက်-အင်းတော် ဗျူဟာကားလမ်းမပေါ်တွင် တည်ရှိသောကျေးရွာဖြစ်ပြီး အိမ်ထောင်စု ၈၂ စု၊ လူဦးရေ ၂၈၅ ဦးရှိကြောင်း၊ ဗမာ၊ ကဒူးလူမျိုး အများစုနေထိုင်ကြကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြကြောင်း သိရသည်။

ကျေးရွာမီးရရှိရေးအတွက် အင်းတော်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးတင်ထွန်းနိုင်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အင်းတော်-ဗန်မောက် 11KV မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားများသွယ်ယူမှုလုပ်ငန်းကို၂၀၁၄ ခုနှစ် မေလဆန်းပိုင်းမှစတင်ကာ ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင်များက ကွန်ကရစ်ဓာတ်တိုင်များစိုက်ထူခြင်း၊ ကျေးရွာတွင်း ၄၀၀ ဗို့ကြေးလိုင်းကြိုးများသွယ်တန်းတပ်ဆင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၀ KVA ထရန်စဖော်မာတစ်လုံးကိုလည်း တပ်ဆင်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီ ၂၄ နာရီလျှပ်စစ်မီး ရရှိတော့မည်ဖြစ်ကြောင်း ဒေသခံမီးလင်းရေးကော်မတီဝင် ဦးညိုဝင်းက ပြောသည်။

ယခင်က လူနေမှုအဆင့်အတန်းအားနည်းခဲ့သော်လည်း ယခုအခါ ၂၄ နာရီ လျှပ်စစ်မီးရရှိပါက ဒေသတွင်း အသေးစားစက်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(၁၄၉)

# နောင်ချိုမြို့နယ်၌ ကရုဏာအခမဲ့အာယုဒါန ဆေးခန်းဖွင့်

**မန္တလေး ဩဂုတ် ၃၁**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ ကရုဏာ အခမဲ့ အာယုဒါနဆေးခန်းမှ ဩဂုတ်လနောက်ဆုံးပတ်မှ စတင်ပြီး လူနာများကို တာဝန်ကျဆရာဝန်များက စမ်းသပ်ကာလအဖြစ် နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေးကို စနစ်တကျ ဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အာယုဒါနဆေးခန်းတွင် တနင်္ဂနွေ၊ တနင်္လာနေ့တို့၌ ဒေါက်တာညီညီအောင်၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တိုင်း ဝက်ဝံတိုက်နယ် ဆေးရုံအုပ် ဒေါက်တာသန်းသန်းညို၊ ကြာသပတေးနေ့တိုင်း ဈေးနေ့မှအပ ဒေါက်တာ နန်းဖြူစင်ဟိန်း၊ သောကြာနေ့တိုင်း ဈေးနေ့မှအပ ဒေါက်တာ သန့်ဇင်ဦး၊ ဈေးနေ့တိုင်း ဒေါက်တာညီညီအောင်၊ ဒေါ်စန်းစန်းအေးနှင့် လကုန်တစ်ရက်နေ့တိုင်း ဒေါက်တာစိုင်းထူးဟန် စသည့် ဒေသခံ ဆရာဝန်၊ သူနာပြုများက ဆေးကုသခြင်းလုပ်ငန်းများကို ကျန်းမာရေးစေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ဆေးခန်းကို ကရုဏာ အခမဲ့ လူမှုကူညီရေးအသင်းက ဦးစီး၍ နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘန့်ဘွေးကျောင်းတိုက်နာယက ဆရာတော် ဦးဥတ္တမ၏ ဩဝါဒကို ခံယူဆောင်ရွက်ကြခြင်းဖြစ်သည်။ ဆေးခန်းတွင် ကုသမှုများ ဆောင်ရွက်ပေးမည့် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေး စေတနာ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အခြေခံကျန်းမာရေး စောင့်ရှောက်ရာတွင် လိုအပ်သော သားဖွားခန်းအပြင် အတွင်းလူနာများအတွက် လူနာတင်စတီးခုတင် ၁၀ လုံး၊ ဗီရို ၁၀ လုံး စီ၊ စောင်၊ ခေါင်းအုံးအပါအဝင် ဆေးဝါးမျိုးစုံတို့ကို ဝယ်ယူစုဆောင်းထားကြောင်း သိရသည်။ ဒေသတွင်းရှိ ကျေးရွာများနှင့်ခရီးသွားစဉ် ဆေးဝါးကုသမှုခံယူရန် လိုအပ်သူများအား လူမျိုးဘာသာမရွေး လာရောက်ကုသနိုင်ကြောင်း အာယုဒါနဆေးခန်းမှ နှိုးဆော်ထားသည်။

ဒေသခံများအတွက် အချိန်မရွေး သွားလာမှု အဆင်ပြေစေရန်အတွက် အများကောင်းမှုဖြင့် အာယုဒါနဆေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲရှိသော လူနာများအား ကရုဏာအခမဲ့ လူမှုကူညီရေးအသင်းမှ လူနာတင် မော်တော်ယာဉ်များဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်မည့် နောင်ချို၊ ဝက်ဝံ၊ ပြင်ဦးလွင်ဆေးရုံများသို့ ပို့ဆောင်ပေးရန်လည်း စီစဉ်ထားသည်။ ကရုဏာအခမဲ့ ဆေးခန်းအတွက် အလျား ပေ ၇၀၊ အနံ ၂၄ ပေရှိ R.C နှစ်ထပ်ဆောင်ကို ဆောက်လုပ်ထားရှိရာ နောင်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပိုမိုပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်ဆည်း၍ အထူးကုဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကရုဏာအခမဲ့ လူမှုကူညီရေးအသင်းနှင့် အာယုဒါနဆေးခန်းအတွက် ကုန်ကျငွေများကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်အသင်းဝင် အလှူရှင်များထံမှ လည်းကောင်း၊ မတည်ငွေမှ အတိုးအပွားအဖြစ် ဆောင်ရွက်ထားသော လုပ်ငန်းများမှ လည်းကောင်း ရရှိလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ကရုဏာအခမဲ့ လူမှုကူညီရေးအသင်းနှင့် အာယုဒါနဆေးခန်းမှ ဒေသတွင်းကျေးရွာပေါင်း ၄၀ နီးပါးထိ လွှမ်းခြုံ၍ ကျန်းမာရေးနှင့် လူမှုရေးအကူအညီများ ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

အများအကျိုးပြု လူမှုရေးကိစ္စ ဆောင်ရွက်ခြင်းအနေဖြင့် အလျား ပေ ၂၈၀၊ အနံ ၂၈ ပေရှိ ကျောက်ရိုးတံတားကြီးတစ်ခုကို ယာဉ်အသွားအလာခက်ခဲမှု၊ ယာဉ်တိမ်းမှောက်မှုများ မဖြစ်စေရန် အများကောင်းမှု အသင်းရန်ပုံ ငွေကျပ် ၃၇၀၃၄၅၉၅ ဖြင့် တံတားတစ်စင်းကိုလည်း ဆောက်လုပ်ခဲ့သည်။ ထို့ပြင် ပညာရေးကိစ္စ ဆောင်ရွက်ခြင်းတွင်လည်း နောင်ချိုမြို့နယ် ဘန့်ဘွေးအုပ်စု ဘန့်ဘွေးအခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ငွေကျပ် ၁၅၆၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်းနှင့် ဒေသခံရွာမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများကို ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)


## ဖခင်အမည်မှန်
မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (E)မှ မယုယုမော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းအိုင်ဖြစ်ပါကြောင်း။ **ဦးထွန်းအိုင် ၆/ပလန(နိုင်)၀၄၉၁၅၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ကိုင်းကျေးရွာနေ ဦးစိုးဝင်း၏သမီး မအေးအေးအောင်နှင့် မစိုးစိုးအောင် ၅/ကလဝ(နိုင်) ၀၃၆၇၇၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မအေးအေးအောင်(ခ)မစိုးစိုးအောင် ၅/ကလဝ(နိုင်)၀၃၆၇၇၅**

## မွေးသက္ကရာဇ်အမှန်
မော်လမြိုင်မြို့၊ ကော့ခမယ်ကျေးရွာနေ ဦးမြမိုး ၁၀/မလမ (နိုင်) ၂၀၃၅၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၁၉၈၄ ဖြစ်ပါကြောင်း။ **ဦးမြမိုး**

## အမည်ပြောင်း
ဦးမြတ်မျိုးသူ၏သမီး တောင်ငူ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မအိဖြိုးသူအား မအိအိမြတ်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မအိအိမြတ်ဖြိုး(တောင်ငူ)**

## ဖခင်အမည်မှန်
ကျိုင်းတုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအိအိခင် ၁၃/မပတ (နိုင်) ၀၄၇၀၇၃၏ ဖခင်အမည်မှန်မှာ ဦးအောင်ခမ်း ၁၃/မပတ(နိုင်)၀၁၉၃၁၂ ဖြစ်ပါကြောင်း။ **ဦးအောင်ခမ်း**

## ဖခင်အမည်မှန်
လက်ပံတန်းမြို့ အထက (ခမုံ)မှ တက္ကသိုလ်ဝင်တန်းအောင် မောင်ဇော်ကိုကို၏ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၇/လပတ (နိုင်)၀၃၆၉၁၉ ဖြစ်ပါသည်။
**ဦးတင်ဝင်း(ခမုံ)**

## ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၂၊ G)မှ မလှိုင်းလဲ့လဲ့ဇင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမြင့်အောင် ဖြစ်ပါကြောင်း။
**ဦးမြင့်အောင် ၆/မမန(နိုင်)၁၀၈၀၁၇**

## အမည်မှန်
ဦးမောင်သန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မနှောင်းနှောင်းငယ်၏ အမည်မှန်မှာ မမေဇင်ထွန်း ဖြစ်ပါကြောင်း။

## အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ညောင်ပင်သာ အထက တက္ကသိုလ်ဝင်တန်း(C)မှ မစုစုဝင်း၏ အမည်မှန်မှာ မသဲစုစုဝင်းဖြစ်ပါသည်။
**မသဲစုစုဝင်း ၇/ဖမန(နိုင်)၂၁၀၀၆၄**

## ဖခင်အမည်မှန်
တောင်သာမြို့နယ်၊ လက်ပန်တောကျေးရွာ၊ ရုံးစည်ကြီး၊ အထက တက္ကသိုလ်ဝင်တန်း (B) မှ မကျော့ကျော့ဝေ၏ ဖခင်အမည်မှန်မှာ ဦးသက်ဆွေဖြစ်ပါသည်။
**ဦးသက်ဆွေ**

## ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မသွယ်သွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/မခန(နိုင်) ၀၁၉၀၀၁ ဖြစ်ပါကြောင်း။
**ဦးသိန်းထွန်း ၉/မခန(နိုင်)၀၁၉၀၀၁**

## ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အထက (၂)တက္ကသိုလ်ဝင်တန်း(B)မှ မစုဝေအောင်၏ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/မထလ(နိုင်) ၁၇၂၈၁၄ ဖြစ်ပါကြောင်း။
**ဦးသိန်းထွန်း ၉/မထလ(နိုင်)၁၇၂၈၁၄**

## ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၂၆) တက္ကသိုလ်ဝင်တန်း(H)မှ မောင်မြတ်မင်း၏ ဖခင်အမည်မှန်မှာ (ဦးနွယ်) ဖြစ်ပါသည်။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက (နတ်ချောင်း) တက္ကသိုလ်ဝင်တန်းမှ မသဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၅/ကလထ(နိုင်)၀၆၂၃၂၉ ဖြစ်ပါကြောင်း။
**ဦးစန်းလွင် ၅/ကလထ(နိုင်)၀၆၂၃၂၉**

## ဖခင်အမည်မှန်
လယ်ဝေးမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မအိမြတ်ပြည့်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ၉/လဝန(နိုင်)၁၃၇၄၉၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်
တောင်သာမြို့နယ်၊ လက်ပန်တောကျေးရွာ၊ ရုံးစည်ကြီး၊ အထက တက္ကသိုလ်ဝင်တန်း (B) မှ မဝတ်ရည်ဌေး၏ ဖခင်အမည်မှန်မှာ ဦးဌေးနိုင် ဖြစ်ပါသည်။
**ဦးဌေးနိုင်**

## အမည်ပြောင်း
ဦးမောင်ဇော် ၂/မစန(နိုင်) ၀၀၁၁၃၅ ၏သား မောင်မိုးဟိန်း ၅/အတန (နိုင်) ၀၉၇၄၅၉ အား စိုင်းမြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အထက (၂) အဋ္ဌမတန်း (B)မှ မခင်လဲ့လဲ့ကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးကျော် ၇/ပခန(နိုင်)၂၄၄၇၅၄ ဖြစ်ပါကြောင်း။
**ဦးအောင်မိုးကျော်**

## အမည်ပြောင်း
ဦးကြဲအောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက (နတ်ချောင်း) တက္ကသိုလ်ဝင်တန်းမှ မစုစုလှိုင်အား မရမ်းနိုင်ဇိမ်း ဟုလည်းကောင်း၊ နဝမတန်းမှ သား မောင်ရွှေကျားမင်းအား မောင်ဇန်ပက်ထာဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။
**မရမ်းနိုင်ဇိမ်း၊ မောင်ဇန်ပက်ထာ**

## မိဘအမည်မှန်
မကွေးမြို့၊ ရှားဇောင်းကန်ကျေးရွာမှ မောင်အောင်မိုးနိုင်၊ မနီနီဝင်းနှင့် ရှားဇောင်းကန်ရွာ၊ မြင်ကွန်း၊ အထကခွဲ၊ အဋ္ဌမတန်းမှ မောင်ဟိန်းထက်အောင်၊ ဆဋ္ဌမတန်းမှ မသူဇာဝင်းတို့၏ မိဘအမည်မှန်မှာ ဦးကျော်ခေါင်၊ ဒေါ်မိုးမိုးဆွေ ဖြစ်ပါကြောင်း။
**ဦးကျော်ခေါင်-ဒေါ်မိုးမိုးဆွေ**

## ကျေးဇူးဆပ်ပါမည်
ကျွန်တော်များ Dana Waddy Trading Co., Ltd. ၏သွင်းကုန်လိုင်စင်မူရင်းအမှတ် MQIL 1 13-14 (5721) 18-11-2013 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၉၂၀၇၉၄၃၊ ၀၉-၂၅၀၀၉၂၁၄၇**

## ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၃၀ယ/၂၅၄၅၁ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းလင်း ၁၃/တခလ(နိုင်)၀၆၇၁၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၁ယ/၄၃၂၇၃၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၉/သစန(နိုင်)၁၂၃၄၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၀ယ/၄၉၂၈၀၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသူအောင် ၁၄/လပတ(နိုင်)၀၀၀၀၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

# ဖျာပုံဆေးရုံတွင် ဆေးယဉ်တီဘီစစ်ဆေးစက် စတင်အသုံးပြု



**ဖျာပုံ ဩဂုတ် ၃၁**

ဖျာပုံခရိုင် ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးယဉ်တီဘီရောဂါ (MDR-TB) ပိုးစစ်ဆေးသည့် Genexpert Machine စက်ကို ဩဂုတ် ၂၆ ရက်က စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့တွင် ယခင်က ဆေးယဉ်တီဘီရောဂါပိုးစစ်ဆေးစက်မရှိခဲ့ဘဲ ရောဂါစမ်းသပ်ရန်အတွက် ပုသိမ်နှင့် ရန်ကုန်မြို့များသို့ ပို့ဆောင်စစ်ဆေးရပြီး အချိန်ကြန့်ကြာသကဲ့သို့ ငွေကြေးကုန်ကျမှုလည်း ပိုမိုများပြားခဲ့သည်။ ယခု စက်စတင်အသုံးပြုနိုင်ပြီဖြစ်သဖြင့် သံသယရှိလူနာများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပြီး ကုသရေးကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သလိုရောဂါပြန့်ပွားမှုကိုလည်းထိန်းချုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆေးယဉ်တီဘီရောဂါပိုး စစ်ဆေးစက်များကို စုစုပေါင်း ၃၅ လုံးတပ်ဆင်အသုံးပြုလျက်ရှိကာ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ မအူပင်၊ ဟင်္သာတမြို့များ၌ တပ်ဆင်အသုံးပြုနေပြီး ဖျာပုံမြို့တွင် ယခု တပ်ဆင်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ စက်တစ်လုံးလျှင် ကျပ်သိန်း ၁၇၀ တန်ဖိုးရှိပြီး နိုင်ငံတော်အစိုးရက အကုန်အကျခံ တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကာ တီဘီလူနာတစ်ဦး စစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်ကျပ်တစ်သောင်းကိုပါ အခမဲ့စစ်ဆေးပေးကြောင်း သိရသည်။

ယင်းစက်စတင်တပ်ဆင်အသုံးပြုခြင်းအတွက် ဖွင့်ပွဲကိုလည်း ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲသို့ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်စိန်၊ ဖျာပုံခရိုင်တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစုစုလှိုင်၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တီဘီစီမံချက်ဆရာဝန် ဒေါက်တာဒွေးမြင့်နှင့် ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များမှ ဆရာဝန်ကြီးများ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ သက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး ဒုတိယခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးယဉ်တီဘီရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့် Genexpert Machine စက်တပ်ဆင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေါက်တာဝင်းဝင်းညွန့်က စက်အသုံးပြုပုံအဆင့်ဆင့်နှင့် ရောဂါစစ်ဆေးနည်းများ၊ စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ**

## ပြုပြင်ပြောင်းလဲမှု တတိယအဆင့်လုပ်ငန်းစဉ် ရှင်းလင်း

**မြစ်ကြီးနား ဩဂုတ် ၃၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတတိယအဆင့်အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်ရှင်းလင်းပွဲနှင့် အရာထမ်းအမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် လူမှုဖူလုံရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု(Third wave)လုပ်ငန်းစဉ် (၁) အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်ပတ်သက်၍မှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေက အမှာစကားပြောကြားသည်။ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက သင်ကြားခဲ့ပြီး အရာထမ်း အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

## အကြွေးတောင်းရာမှ စကားများ၍ လူသတ်မှုဖြစ်

**ချောင်းဆုံ ဩဂုတ် ၃၁**

ချောင်းဆုံမြို့နယ် နီးမုတ်ကျေးရွာအုပ်စု ကွမ်ဒိုင်းရွာတွင် အကြွေးတောင်းရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက နီးမုတ်ကျေးရွာ ရပ်ကွက်(၁)နေ ဒေါ်မြင့်ရီ (ခ)မကလုံး (၄၅နှစ်)ထံ ရွာလွတ်ကျေးရွာ ရွာသစ်ရွာ ရပ်ကွက်(၁၁)နေ ဦးပန်းအောင်(ခ)မောင်ကာ(၄၈နှစ်) ရောက်ရှိလာပြီး အကြွေးတောင်းရာမှ စကားများရန်ဖြစ်ကြကာ မောင်ကာက အသင့်ပါလာသော ထန်းလှီးဓားဖြင့် ထိုးခဲ့ရာ မကလုံး၏ ယာပေါင်တွင် နှစ်လက်မခွဲခန့် ထုတ်ချင်းပေါက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ပေါင်တွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိ၍ ရွာလွတ်တိုက်နယ်ဆေးရုံသို့ တင်ပို့ရန်ဆောင်ရွက်စဉ် သေဆုံးသွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မကလုံး၏ခင်ပွန်း ဦးမြင့်စိန်က ချောင်းဆုံမြို့မရဲစခန်းသို့ တိုင်ကြားရာ ပြစ်မှုကျူးလွန်သူအား ချောင်းဆုံမြို့မ ရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### စာပေရေချမ်းစင် စာစောင်များဖြည့်ဆည်း

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်တွင် နံရံကပ်စာပေရေချမ်းစင်များကို လူစည်ကားရာနေရာများ၌ စာပေရေချမ်းစင်များဖွင့်လှစ်ထားရာ အဆိုပါစာပေရေချမ်းစင်များသို့ ဩဂုတ် ၂၆ ရက်က စာပေရေချမ်းစင် စာစဉ် အတွဲ(၂)၊ အမှတ်(၈) စာစောင်များကို ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြည့်ဆည်းကြပြီး မြို့ပေါ်ရှိ စာပေရေချမ်းစင်များသာမက ပန်းဆန်၊ အညာပန်းပလွန်းကျေးရွာများအပြင် ပုံတောင်၊ ပုံညာတောင်ဒေသ တပြင်းကျေးရွာရှိ စာပေရေချမ်းစင်အထိပါ ဖြည့်ဆည်းကြကြောင်း သိရသည်။

**(၁၀၁)**

### ကျောက်ချောလမ်းခင်းရန် သိန်း၁၅၀၀ထောက်ပံ့

ဝါးခယ်မမြို့ သော်က၊ စံပြရွာသစ်၊ တလိုင်းစု၊ ထီးပနန်း၊ အောက်သက္ကယ်ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၁၅၈၄၀ ပေကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ခင်းရန်အတွက် ရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျောက်ချောလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့ထံ အောက်တိုဘာ ၂၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

### ကယ်ဆယ်ရေးလုပ်ငန်း စေတနာ့ဝန်ထမ်းသင်တန်းဖွင့်

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းအုပ်စု ညောင်ကုန်းစံပြကျေးရွာ၌ ကယ်ဆယ်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်းကို ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိဖွင့်လှစ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးစီး၍ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့မှ ဆရာများက ပို့ချခဲ့ကာ ဒေသခံကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

### ငါးမွေးမြူရေး အခမဲ့သင်ကြားမည်

ငါးမွေးမြူရေး လုပ်ကိုင်လိုသူများ၊ အင်းလုပ်ငန်းလုပ်ကိုင်နေသူများအတွက် ငါးကန်မြေနေရာရွေးချယ်ခြင်း၊ ငါးကန်တူးဖော်ခြင်း၊ စီးပွားဖြစ်ငါးမျိုးများမွေးမြူခြင်း၊ အခြေခံငါးသားဖောက်ခြင်း စသည့် စာတွေ့လက်တွေ့သင်ခန်းစာများပါဝင်မည့် ငါးမွေးမြူရေးသင်တန်းကို စစ်ကိုင်းမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ငါးသင်တန်းကျောင်း(အထက်မြန်မာပြည်)၌ စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ငါးမွေးမြူရေး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းသား ၂၅ ဦး လက်ခံမည်ဖြစ်ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သောအောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအားစက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Teflon Pulley (Running Traverse Wheel) | 100 Nos |
| (ခ) | Spare Parts | 7 Items |

၂။ တင်ဒါအား ၁-၉-၂၀၁၄ ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၂၃-၉-၂၀၁၄ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ထုတ်လုပ်ရေးဌာန ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀**
**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ဆေးသိပ္ပံပညာဦးစီးဌာန
### တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

**စတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီ

၄။ **တင်ဒါပိတ်ရက်** - ၁၅-၉-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မြို့လှကျေးရွာအုပ်စုကျေးရွာ ၁၈ ရွာ ဓာတ်အားရရှိရေး ၃၃/၁၁ ကေဗွီ(၂)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းအား Turn Key စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၆၉**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် ကားနှင့် မော်တော်ဆိုင်ကယ် တာယာဆိုဒ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၂-၉-၂၀၁၄ ရက် ညနေ ၁၅း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၅၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးလုပ်ငန်းများနှင့် SI လုပ်ငန်းများအတွက် ၃၃/၀.၄ ကေဗွီနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

# ရမည်းသင်းမြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံကိန်းဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်လုံးကျွတ် ကျေးလက်ဒေသကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ လုပ်ကိုင်ဆောင်ရွက်ဆဲ ၅၀ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

ရမည်းသင်းခရိုင်တာဝန်ခံ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၏ စီမံညွှန်ကြားမှုဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းမြို့နယ်၌ တစ်နှစ်အတွင်း လျှပ်စစ်မီးလင်းသော ကျေးရွာများမှာ ရွှေဒါးကျေးရွာအုပ်စုနှင့် အင်းဇင်းအုပ်စု၊ ကတင်အုပ်စု၊ ဆည်ကြီးညောင်အိုင်ကျေးရွာအုပ်စု၊ ကြက်လျှာရွာများဖြစ်ပြီး လျှပ်စစ်မီးများ ထိန်ထိန်လင်းနေပြီဖြစ်သည်။ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေသော ရွာများမှာ ရွာတန်းကျေးရွာ ၂၄ ရွာအုပ်စုဖြစ်ကာ လမ်းမီးများ၊ ဘုန်းကြီးကျောင်းများနှင့် ထရန်စဖော်မာ(၁၊ ၂၊ ၃၊ ၄၊ ၅)ရှိ ပြည်သူများ မီးလင်းနေပြီဖြစ်ပြီး စည်ပင်၊ တဘက္ကာရွာ၊ အင်ကြင်းကန်ရွာအုပ်စု ဥဿျစ်ကုန်းရွာနှင့် ထီးလှိုင်စံပြကျေးရွာအုပ်စုတို့တွင် ဩဂုတ် ၂၇ ရက်က လမ်းမီးများ စတင်ဖွင့်လှစ်ပြီးဖြစ်ကြောင်းနှင့် ကျေးရွာနေအိမ်များ အိမ်တွင်းဝိုင်ယာသွယ်တန်းတပ်ဆင်ခြင်းကို ရက်ပိုင်းအတွင်း ဖွင့်ပွဲပြုလုပ်၍ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာတွင် ကျေးရွာအနေအထားအရ 315KVA ထရန်စဖော်မာနှင့် 200 KVA ထရန်စဖော်မာများ တပ်ဆင်သုံးစွဲ တည်ဆောက်ထားကြောင်း သိရသည်။ မြို့လှကျေးရွာအုပ်စုကြီးမှရွာများ ဓာတ်တိုင်ထူလိုင်းဆွဲနှင့် မိန်းထရန်စဖော်မာရောက်ရှိမှု ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအတွက် တစ်အိမ်လျှင် သုံးသိန်း၊ သုံးသိန်းခွဲခန့် ကုန်ကျကြောင်း ကျေးရွာမီးလင်းရေး ဥက္ကဋ္ဌ ဦးညွှန့်သန်းထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ကျောင်းမုန့်ဈေးတန်း ရှောင်တခင်စစ်ဆေးကာ ရက်လွန်မုန့်ထုပ်များ ဖျက်ဆီး

**မော်လမြိုင်ကျွန်း ဩဂုတ် ၃၁**

မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ မြို့မအလက၊ မူလတန်းလွန်ကျောင်းများနှင့် မူလတန်းကျောင်းများအပါအဝင် ကျောင်းပေါင်း ၁၃ ကျောင်းရှိ ကျောင်းဈေးတန်းဆိုင်များတွင် ရောင်းချနေသော အစားအစာမုန့်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိကို ဩဂုတ် ၂၉ ရက်က ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။



မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်း၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးနေမျိုးလင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်နှင်းနှင်းဝေနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းကျောင်းမုန့်ဈေးတန်းဆိုင်များတွင် ဓာတုဆိုးဆေးပါသော အစားအစာများ ၊ ထုတ်လုပ်ရက်စွဲ၊ နောက်ဆုံးစားသုံးရမည့် ရက်စွဲမပါသော အစားအစာများ၊ အရောင်လွန်ကဲစွာဆိုးထားသည့် ဂျယ်လီထုပ်များ ၊ ရေခဲထုပ်များ ၊ အမှတ်အသားအာမခံချက်မပါသော အစားအစာများ၊ သက်တမ်းကုန်ဆုံးသော မုန့်ထုပ်များအား မရောင်းချရေးနှင့် ဈေးရောင်းသူများ တစ်ကိုယ်ရည်သန့်ရှင်းမှုရှိရေးများကို အသိပညာပေး ဆွေးနွေးကြပြီး ကျောင်းဈေးဆိုင်အချို့မှ ရက်လွန်မုန့်မျိုးစုံ အထုပ်ပေါင်း ၁၂၀ ကို တွေ့ရှိသဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတိုများ

### ဂျပန်ဘာသာစကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဘာသာဌာန ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ ဂျပန်စကားပြောစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့ပြီး တက္ကသိုလ်ဒုတိယပါမောက္ခချုပ်၊ သင်ကြား/စီမံဌာနမှူးများ၊ ဘာသာစကားဌာနမှ ဆရာ ဆရာမများနှင့် ဂျပန်ဘာသာ အထူးပြုကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### ဖျာပုံတွင် တစ်ရက်အတွင်း စည်းကမ်းမဲ့ဆိုင်ကယ် တစ်ရာကျော် ဖမ်းဆီး

ဖျာပုံခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ဝင်များ ပူးပေါင်း၍ ဖျာပုံမြို့တွင်းနှင့် မြို့အဝင် ချောင်းတွင်းကားလမ်းမပေါ်၌ ဩဂုတ် ၂၄ ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး အရေးယူမှုများပြုလုပ်ခဲ့ရာ စည်းကမ်းမဲ့ဆိုင်ကယ် ၁၁၄ စီးနှင့် ကား ၁၆ စီး၊ သုံးဘီးယာဉ် ခုနစ်စီးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး ဒဏ်ငွေကျပ် ၆၈၅၀၀၀ ရရှိခဲ့ကြောင်းနှင့် ဒဏ်ငွေများကို ဖျာပုံ CB ဘဏ်၌ ငွေစာရင်းဖွင့်အပ်နှံခဲ့ကြောင်း သိရသည်။ **(၀၃၀)**

### ပြည်မြို့မှ သုံးမြွှာပူးမိခင်အား ထောက်ပံ့

ပြည်မြို့ဆေးရုံကြီး၌ ပထမဆုံး သုံးမြွှာပူးကလေးမွေးဖွားခဲ့သော မြောက်နဝင်းရွာသစ်ကျေးရွာအုပ်စု ကံကလေးကျေးရွာမှ မစန်းစန်းဝင်းအား ပြည်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် အနှီးပိတ်များကို ဩဂုတ် ၂၆ ရက်က နေအိမ်သို့ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(၁၇၈)**

### တောင်တွင်းကြီးမြို့ကန်တော်ကြီးတမံတွင် ငါးမျိုးစိုက်ထည့်

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်ရှိ ရတနာပွင့်လှကန်တော်ကြီးတမံတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးမျိုးများမပျောက်ကွယ်စေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၂၆ က ဆောင်ရွက်ခဲ့ပြီး ငါးမြစ်ချင်းသားပေါက် ငါးသောင်း၊ ထိုင်းငါးခုံးမသားပေါက် ငါးသောင်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(၀၂၁)**

### အိုင်အိုဒင်းဆားအရည်အသွေး ထီးလင်းတွင်စစ်ဆေး

ဂန့်ဂေါခရိုင် ထီးလင်းမြို့ စည်ပင်သာယာဈေး၌ အိုင်အိုဒင်းဆားရောင်းချမှုများကို သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ သက်ဆိုင်ရာက ဩဂုတ် ၂၆ ရက်တွင် စစ်ဆေးဆောင်ရွက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်၍ ကျောင်းကျန်းမာရေးဟောပြောပွဲများပြုလုပ်ကာ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးများကုသပေးခြင်းတို့ကိုလည်း ဆောင်ရွက်ကြကြောင်း သိရသည်။

**(၁၀၁)**


**ပိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၁) (သီဟတပ်ခွဲ)၏**
**(၃၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနား ဖိတ်ကြားလွှာ**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၁) (သီဟတပ်ခွဲ)၏ (၃၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ ကျဆုံး/ကွယ်လွန်အရာရှိများ၏မိသားစုဝင်များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ဝါဆိုသင်္ကန်းနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
(က) **နေ့ရက်/အချိန်** - ၁၃-၉-၂၀၁၄ရက် (စနေနေ့) နံနက် ၀၉း၀၀နာရီ
(ခ) **နေရာ** - အတုလမာန်အောင်ကျောင်းတိုက်၊ လေးထောင့်ကန်လမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ (ILBC)ကျောင်းနှင့် မျက်နှာချင်းဆိုင်
(၂) ညစာစားပွဲတည့်ခင်းဧည့်ခံခြင်း
(က) **နေ့ရက်/အချိန်** - ၁၃-၉-၂၀၁၄ ရက် (စနေနေ့) ညနေ ၁၈း၀၀နာရီ
(ခ) **နေရာ** - (PANDA Hotel)ပုလဲခန်းမ၊(အပေါ်ဆုံးထပ်) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့
**ဆက်သွယ်ရန်** - **ညီဖြူလှ ဖုန်း-၀၉-၅၀၇၀၆၁၄၊ တင်အေး ဖုန်း-၀၉-၅၀၁၀၅၃၃၊ တင်အောင်လင်း ဖုန်း-၀၉-၅၃၅၀၄၉၆၊ မျိုးခိုင် ဖုန်း-၀၉-၇၃၂၀၃၃၀၃၊ မြင့်သိန်း ဖုန်း-၀၉-၇၃၀၇၉၇၂၇၊ လှမြင့် ဖုန်း-၀၉-၅၅၀၁၁၀၀၊ သိန်းဝင်း ဖုန်း-၀၉-၅၀၇၃၀၁၀**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**၀၂/၂၀၁၄-၂၀၁၅ ကြိမ်မြောက် သစ်လုံး/သစ်ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ လားရှိုးဒေသမှ ပုံစံ(၈)ဝင် ဖမ်းဆီးရမိ ပြည်တွင်းသုံး သစ်လုံး/ခွဲသားကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၄ရက်၊ ၀၉း၃၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်း/သစ်မာ သစ်လုံး/ခွဲသား (၉၆)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာ (ပြည်တွင်းရောင်း/စက်)ရုံး၊ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်း/မြောက်၊ လားရှိုးမြို့
၂။ ဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုံးငန်း၊ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၈၂-၂၃၇၉၆၊ ၀၈၂-၂၃၀၄၀ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံရောင်းချရေးကော်မတီ**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**ကချင်ပြည်နယ် - မြစ်ကြီးနားမြို့**
**စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသား အိတ်ဖွင့်လေလံကြော်ငြာအမှတ် ၀၃/၂၀၁၄-၂၀၁၅**

၁။ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၈-၉-၂၀၁၄ ရက် (ကြာသပတေးနေ့)၊ နံနက်၁၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - အုပ်စု(၂)ကညင်းသစ်လုံး ၄၆၄ တန်
ပုံစံ(၈)ကျွန်းသစ်လုံး ၄၁၂ တန်
ပုံစံ(၈) ကျွန်းဒါးရွေတုံး ၁၀၉ တန်
ပုံစံ(၈)ကျွန်းခွဲသား ၁၄ တန်
ပုံစံ(၈)တမလန်းတိုင် ၂၂ တန်
ပုံစံ(၈)တမလန်းဒါးရွေ ၅၂ တန်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့
၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www. myanmartimber. com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
**အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၇ယ/၃၂၁၉၂ Zaw cycle TV 2c4 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၈/မကန(နိုင်) ၁၂၅၀၄၁ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**မိဘအမည်မှန်**

မကွေးမြို့၊ အထက(ခွဲ) ဆားစည့်ကျောင်း နဝမတန်းမှ မထက်ခိုင်မော်နှင့် ပဉ္စမတန်း(D) မှ မဝိုင်းစုခိုင်သိန်းတို့၏ မိဘအမည်မှန်မှာ ဦးသိန်းနိုင်ဝင်းနှင့် ဒေါ်အေးအေးဖြစ်ပါကြောင်း။
**ဦးသိန်းနိုင်ဝင်း ၈/မကန(နိုင်) ၁၁၆၃၉၁**
**ဒေါ်အေးအေး ၈/မကန(နိုင်) ၁၂၀၀၉၇**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်စန်းစန်းစိုး ၁၀/မလမ(နိုင်) ၀၈၆၁၄၂၏ နိုင်ငံကူးလက်မှတ်(မမှတ်မိပါ) ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၀၅၃၂၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလတ်မြင့်ဟန် ၁၀/မလမ(နိုင်)၀၃၀၇၇၆ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၀၅၃၂၃**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မတင်ဇာဝေ ၁၀/မဒန(နိုင်)၂၁၆၆၁၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၅၂၉၉၄၀**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၁၄၃၃၈ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထက် ၉/ပမန(နိုင်)၁၈၂၀၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (နေပြည်တော်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၉၇၆၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကလေး)**

# မန္တလေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Gifu တက္ကသိုလ်တို့ ပညာရေးပူးပေါင်းဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Gifu University တို့အကြား ကျောင်းသားဖလှယ်ခြင်း၊ ဆရာ ဆရာမများဖလှယ်ခြင်း၊ သုတေသနအချက်အလက်ဖလှယ်ခြင်း စသည်တို့ပါဝင်သော ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၂၅ ရက်က ဂျပန်နိုင်ငံ Gifu University ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်အတွက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် ဂျပန်နိုင်ငံသို့ထွက်ခွာသွားခဲ့ပြီး Prof. Rokugo Keitetsu, Dean of the Faculty of Engineering, Gifu University နှင့် နှစ်နိုင်ငံ တက္ကသိုလ်နှစ်ခုကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ငါးနှစ်သက်တမ်းရှိနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

Gifu University နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက သင်ကြားရေး ဆရာ ဆရာမများ၊ သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဖလှယ်ခြင်းဖြင့် ပညာရေးအဆင့်မြှင့်တင်နိုင်ခြင်း၊ သုတေသနဆိုင်ရာ သိပ္ပံပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်း ပုံနှိပ်ထုတ်ဝေမှုများ၊ သိပ္ပံဆိုင်ရာနှင့် လူမှုရေးသိပ္ပံဆိုင်ရာ အချက်အလက်များ ဖလှယ်နိုင်ခြင်း၊ သုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဒေသအတွင်း ပညာရေးပူးပေါင်းဖလှယ်ရေးအစီအစဉ်များဖြစ်သည့် သင်ရိုးညွှန်းတမ်းများ၊ Conferences, Symposia များကို ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်အနေဖြင့် ဂျပန်နိုင်ငံ မေဂျိုးတက္ကသိုလ်နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ ယိုကိုဟားမားတက္ကသိုလ်တို့နှင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင်လည်းကောင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ယခုအခါ ဂျပန်နိုင်ငံတက္ကသိုလ်များနှင့် တတိယအကြိမ်မြောက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းလည်း ဖြစ်သည်။

ယခင်က နိုင်ငံခြားတက္ကသိုလ် ကိုးခုနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားခဲ့ပြီး ယခု ၁၀ ခုမြောက် လက်မှတ် ရေးထိုးခြင်းလည်းဖြစ်ကာ အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်နှင့် ရေလျှောင်ကန် ပေးအပ်

**ထားဝယ် ဩဂုတ် ၃၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ပြည်သူဗဟိုပြုလုပ်ငန်းများဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိရာ သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးနှင့် တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းတို့ ပူးပေါင်း၍ သဘာဝသစ်တောများအား ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ထိန်းသိမ်းသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူအစုအဖွဲ့ဝင် ၁၃၀၊ ဧရိယာ ဧက ၇၁၇ ဧကကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် တည်ထောင်ခွင့် လက်မှတ်ပေးအပ်သည့် အခမ်းအနားကို ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ မိချောင်းလှောင်ကျေးရွာရှိ တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းရှင်းလင်းဆောင်၌ ဩဂုတ် ၂၈ ရက်က ကျင်းပသည်။

ထို့နောက် သဘာဝကြိုးဝိုင်းအတွင်း ထွက်ရှိသည့် ရေထွက်မှ သွယ်ယူထားသည့် ရေများကို စနစ်တကျသိုလှောင်သုံးစွဲရေး အတွက် အုတ်ရေကန်တည်ထောင်ပြီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းညွှန်ကြားရေးမှူး ဦးဆန်းအောင်က အမှာစကားပြောကြားပြီး အုတ်ရေကန် လွှဲပြောင်းခြင်းမှတ်တမ်းကို ပေးအပ်ရာ ဒေသခံတစ်ဦးက လက်ခံရယူခဲ့သည်။ ထို့နောက် သစ်တောဦးစီးဌာန ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်-၁က အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့် လက်မှတ်ကို ပေးအပ်ခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## မိုးစပါးလျှာထားချက်ပြည့်ရေး ကွင်းဆင်းဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ယခုနှစ်မိုးရာသီ မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီတို့က ဩဂုတ် ၂၈ ရက်က ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော်တုံကျေးရွာတွင် GAP စနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနေမှု၊ ကဇွန်မကျေးရွာအနီး ဝန်ချောင်းဆည်မှ ကော်တုံကျေးရွာနှင့် မကျီးစုကျေးရွာများသို့ စိုက်ပျိုးရေပေးဝေမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများ၊ ရွာသာကုန်းကျေးရွာတွင် မြေအောက်ရေစနစ်ဖြင့် စပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုခဲ့ပြီး တောင်သူများအား မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး ဟောပြောခဲ့သည်။ **စိုးလင်းနိုင်(iprd)**

# စစ်တွေတက္ကသိုလ် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲများကျင်းပ

**စစ်တွေ ဩဂုတ် ၃၁**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် စစ်တွေတက္ကသိုလ် ပျော်ပွဲရွှင်ပွဲများကို ဩဂုတ် ၂၈ ရက်က ကျင်းပရာ ပဒေသာကပွဲကို စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ ရခိုင်တေးသီချင်း အဆိုပြိုင်ပွဲနှင့် အလှဘုရင်၊ အလှဘုရင်မပြိုင်ပွဲကို စစ်တွေတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

ပဒေသာကပွဲတွင် ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ ပဒေသာအက၊ ရခိုင်ယဉ်ကျေးမှုယိမ်းအကများနှင့် အငြိမ့်အစီအစဉ်များဖြင့် ဘာသာရပ်အလိုက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ရခိုင်တေးသီချင်းအဆိုပြိုင်ပွဲတွင် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများက ရခိုင်ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြကာ အလှဘုရင်၊ အလှဘုရင်မပြိုင်ပွဲသို့ ဘာသာရပ်တစ်ခုချင်းစီမှ လက်ရွေးစင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



အခမ်းအနားများသို့ စစ်တွေတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင် ရခိုင်အဆိုတော်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ ဗဟုသုတရယူနိုင်စေရန်အတွက် ဘာသာရပ်ဆိုင်ရာပြခန်းများ၊ ဘာသာရပ်အသီးသီး၏ ဈေးရောင်းပွဲတော်အဖြစ် ဈေးဆိုင်ခန်းများဖြင့် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်ထိ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဩဂုတ် ၂၉ ရက်တွင် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၃၃

ဦးမျိုးဆန်း **နှင့်** ဦးလီရှိုးကြည်(ခ)ဦးစိုးကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းခိုင်)

**အယူခံတရားလို** **အယူခံတရားပြိုင်**

ဦးလီရှိုးကြည်(ခ)ဦးစိုးကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းခိုင်)

တိုက် ၇၆၊ ခုနစ်လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ယခင်လိပ်စာ၊ယခုလိပ်စာမသိနေ အယူခံတရားပြိုင် သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၂ခုနှစ် တရားမ အယူခံမှုအမှတ်-၄၃၈တွင် ချမှတ်လိုက်သော ၂၀၁၃ခုနှစ် ဇူလိုင် ၁၇ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရ ပေးပါမည်အကြောင်း အထက်အမည်ဖော်ပြပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အထူးအယူခံမှုနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ သင့်ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ သို့မဟုတ်သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၂၃၈၆၃၊ ဧရိယာ ၀ ဒသမ ၁၁၀ဧက၊ ဦးမောင်မောင်လေး အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၄/၂၀၁၄ ဖြင့် ဦးမောင်မောင်လေး၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်)၀၀၀၈၅၂ (ဘ)ဦးပန်းခိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖန်မင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၆၊ မယ်ယန်းကွင်း၊ ဧရိယာ ၀ဒသမ၈၅ဧကရှိ မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီးလက်ရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးလွင်ကိုကိုဦး ၁၂/ဗဟန(နိုင်)၀၀၃၉၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မအက်(စ်)ဆိုင်းခေါ်န် ၁၃/တခလ(နိုင်)၀၆၅၈၇၇မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမြင့် LL.B တရားလွှတ်တော်ရှေ့နေ စဉ်-၇၄၂၁**
**ဖုန်း-၀၉-၄၂၁၀၇၅၀၆၂**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၈၄၈)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ ဒေါ်ခင်ဆွေရီ အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၄၅၃/၂၀၁၄ ဖြင့် ဒေါ်ခင်ဆွေရီ၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်) ၀၀၀၈၅၂ (ဘ)ဦးပန်းခိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေ နံ့သာအနောက်ရပ်၊ မြေကွက်အမှတ် ၅၈၇၊ ဦးဇော်နိုင်ဝင်း ၉/ပမန(နိုင်)၁၈၂၀၃၈ အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်၏ မြေနေရာချထားခြင်း ယာယီခွင့်ပြုမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက မူရင်းအားပယ်ဖျက်၍ မြေနေရာချထားခြင်း ယာယီခွင့်ပြုမိန့်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ၊ မြေကွက်အမှတ် V.၄၀၊ မြေကွက်တည်နေရာအမှတ် ၃၂၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်ကျင်ကီ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်ကီ(မိခင်) (ခင်ပွန်းကွယ်လွန်) ကွယ်လွန်သဖြင့် ဦးခင်အောင် ၁၄/ကပန(နိုင်)၀၄၅၅၃၂ မှကိတ္တိမမွေးစားစာချုပ် ၄၄၇၁/၁၉၉၇(၁၂-၉-၁၉၉၇) ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သံဃဒါနဆွမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ၌ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းကာလ ၁၃ ပတ်အတွင်း ဂေါပကအဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျောင်းပေါင်း ၁၄ ကျောင်းမှ သံဃာတော်အပါး ၂၀၀ တို့ကို အရုဏ်ဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

**မြင့်ကျော်ဦး(ညောင်ပင်ကြီးစု)**

## ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ခိုးယူသူများအား စုံစမ်းဖော်ထုတ်အရေးယူထား

**နေပြည်တော် ဩဂုတ် ၃၁**

ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် သန်းတောင်ကျေးရွာ မွေတော်ဘုန်းကြီးကျောင်းရှိ ရွှေချထားသော ဉာဏ်တော်အမြင့် နှစ်ပေခန့် ရှေးဟောင်းသစ်သားဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်မှာ ပျောက်ဆုံးသွားကြောင်း သပြေပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘချစ်၏ဖုန်းဖြင့် တိုင်ကြားချက်အရ နန်းပန်မြို့မရဲစခန်းမှ အမှုဖွင့်စုံစမ်းခဲ့သည်။ အမှုမှ ပြစ်မှုကျူးလွန်သူနှင့် ဗုဒ္ဓရုပ်ပွားတော်ကို ပြန်လည်ရရှိရန် နန်းပန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ မသင်္ကာသူ ညောင်ရွှေမြို့နယ် ရွာကြီးမြောက်အထက်ရွာနေ သန်းဦး(ခ)အယ်ပန်း (၄၂ နှစ်)အား အမှုဖြင့် စစ်မေးခဲ့သည်။ ထိုသို့မေးမြန်းရာ ၎င်းနှင့်အတူ ညောင်ရွှေမြို့နယ် ရွာလည်ရပ်နေ မျိုးသန်းစိုး(ခ)အယ်ချို (၃၉ နှစ်)၊ ညောင်ရွှေမြို့ ချောင်းဆုံရွာနေ အယ်အော်(ခ)စောနောင်တို့နှင့်အတူ မွေတော်ဘုန်းကြီးကျောင်းမှ ပျောက်ဆုံးသွားသည့် ဗုဒ္ဓရုပ်ပွားတော်အား ခိုးယူခဲ့ကာ ဘုရားနီကျေးရွာနှင့် သန်းတောင်ကျေးရွာကြားရှိ လမ်းဘေးချုံအတွင်း ဝှက်ထားခဲ့ကြောင်းသိရ၍ သက်သေများနှင့်အတူ သွားရောက်ရှာဖွေသိမ်းဆည်းခဲ့ပြီး သန်းဦး(ခ)အယ်ပန်းပါ သုံးဦးတို့ကို ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုရဲ)**



## ညောင်ရွှေမြို့အဝင်ရှိ သာစည်နဒီကန်ကြီးကို ဆည်မြောင်းဦးစီးဌာနကလုပ်ဆောင်

**ညောင်ရွှေ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့အဝင်ရှိ သာစည်နဒီကန်ကြီးသည် မြို့ကျက်သရေဆောင်ဖြစ်သည်နှင့်အညီ မြို့နယ်ဆည်မြောင်းဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က မြို့နယ်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းငွေ ကြီးကြပ်၍ အင်းလေးကန်အတွင်းသို့ သဲနုန်းမြေများစီးဝင်ခြင်းမရှိစေရန်အတွက် နုန်းထိန်းတမံနှင့်နုန်းထိန်းဆည်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကန်ကြီးကိုခေတ်မီစက်ကြီးဖြင့် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

အဆိုပါ လုပ်ဆောင်ချက်များကြောင့် သာစည်နဒီကန်အနောက်ဘက်ကမ်းရှိ လယ်မြေဧက ၁၂၀၀ ကို လုံလောက်စွာရေပေးနိုင်မှုရှိပြီး စပါးပင်များ စိမ်းလန်းစိုပြည် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(ဝ၅၄)**



## သထုံ၌ ရော်ဘာပျိုးခင်းနှင့် အဖူးကူးနည်းစနစ်များ သင်တန်းဖွင့်

**သထုံ ဩဂုတ် ၃၁**

သထုံမြို့နယ်ရှိ ရော်ဘာစိုက်တောင်သူများ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးခြင်းဖြင့် မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ပြီး ရော်ဘာပင်များအား သက်တမ်းပြည့်အစေးလှီးနိုင်စေရန်အတွက် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရော်ဘာပျိုးခင်းနှင့် အဖူးကူးနည်းစနစ်များသင်တန်း(၂/၂၀၁၄)ကို ဩဂုတ် ၂၈ ရက်က မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းမျိုးက ဒေသအတွင်း ဖြစ်ပေါ်နေသည့် ရော်ဘာဈေးကွက်နှင့် ရော်ဘာခြံလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းပြောကြားကာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေက ရော်ဘာပျိုးခင်းသင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်နှင့် တာဝန်ရှိသူများက စနစ်ကျသည့် ရော်ဘာပျိုးခင်းနည်းစနစ်များ၊ ရော်ဘာပင်ထိန်းအစေးလှီးနည်းများ၊ ရော်ဘာပင်များ ရေရှည်ရှင်သန်ရေးထိန်းသိမ်းနည်းများကို သင်ကြားမည်ဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ရော်ဘာခြံရှင်နှင့် ခြံလုပ်သား ၅၀ တက်ရောက်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် ၃၀၁၁အား အမည်ပေါက် ဒေါ်နှင်းနှင်းအေး MYGN-၀၀၂၉၂၅ထံမှ ဝယ်ယူထားသူ ဒေါ်မာလာတင် ၁၃/ရစန(နိုင်)၀၀၅၅၃၇ မှ ငွေသွင်းပြေစာပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်ရှိ မြေကွက်အမှတ် (ဥ-၇၂၃၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက ဦးကိုကို အမည်ပေါက် နှစ် ၃၀အငှားဂရန်မြေကွက်အား ဦးမြင့်သိန်း(ခ)ကြုံလင် ၁၂/လသန(နိုင်) ၀၀၄၁၅၂ (ဘ)ဦးတန်ခေးဟွီး(ခ)မောင်မောင်သန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမှား ပြင်ဆင်ချက်**

၁၆-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆)ပါ ကန့်ကွက်နိုင်ပါသည်ကြော်ငြာ ၁၅ယ/၈၀၁၅၁ မှ ပိုင်ရှင်အမည်မှာ ဦးစိုင်းထွန်းအောင် ၁၃/ကတန(နိုင်) ၁၁၆၂၄၈ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူမော်မြို့၊ အထက(၂) အဋ္ဌမတန်း (င)မှ မဆိုင်းပရီ၏ ဖခင်အမည်မှန်မှာ ဦးဂျန်းခမ်းတူး(ခ)ဒမော်တူးဂျာမှာ တစ်ဦးတည်း ဖြစ်ကြောင်း။ **ဦးဂျန်းခမ်းတူး ၁/မစန(နိုင်) ၀၁၃၆၀၂**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁) နဝမတန်း (A)မှ မရွှေစင်သီရိနိုင်၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၁၂/ဥကမ(နိုင်)၁၆၂၀၀၅ ဖြစ်ပါကြောင်း။ **ဦးလွင်ဦး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၂၂၈၆၉ Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၉/နထက(နိုင်)၁၃၇၆၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၉၀၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးဒေးဗက်ထန်တလွန် ၅/ကလထ(နိုင်)၁၄၀၅၈၁ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်ရှိ မြေကွက်အမှတ် ဥ-၅၁၂၆၊ ဧရိယာ ၀ဒသမ၂၂၉ဧက ဦးလင်းနိုင်အေး အမည်ပေါက် နှစ် ၃၀အငှားဂရန်မြေကွက်အား ဒေါ်နွဲ့နွဲ့ ၉/ပမန(နိုင်)၀၂၅၈၃၇ (ဘ)ဦးတင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၆၆၀(က)၊ အကျယ်(ပေ ၂၀×ပေ ၆၀)၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ အမှတ် ၆၆၀(က)၊ ဂရုဏာလမ်း၊ ၁၀၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့မြေစာရင်းတွင် ဦးဆန်းနိုင် ZLN-၀၀၄၈၉၃ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း ၉/မထလ(နိုင်)၀၈၅၇၇၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆို နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

**ဦးဟိန်းသူကောင်း**
**အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ ယူအီး II၊ ယောမင်းကြီးလမ်း၊ မြေကွက်အမှတ် ၈၈၄၊ ပါမစ်မြေမူရင်းခြမ်းပေ (၂၀×၆၀) အကျယ်အဝန်း စတုရန်းပေ ၁၂၀၀ ပေါ်ရှိ အိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့ရွာနှင့် ဦးစီးဌာန အမည်ပေါက် ဒေါ်ခင်လှိုင် CE-၀၀၀၁၇၄ထံမှ စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးသန်းကျော် ၈/မလန(နိုင်)၀၆၉၆၈၄ထံမှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှစိုး ၈/ရနခ(နိုင်)၀၁၆၂၀၆**
**အမှတ် ၄၀၃၊ ၄၇ ရပ်ကွက်၊ ရှုပါရုံလမ်း၊ မြောက်ဒဂုံ၊**
**ဖုန်း-၀၉-၃၁၈၆၄၉၅၀၊ ၀၉-၅၁၄၈၂၆၄**

## စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**
**ဒေါ်သက်ထား (မြိတ်)**
**ရာသက်ပန်အသင်းဝင်အမှတ်(၁၃၇၄)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ဘောက်ထော်၊ အနီဃာလမ်း၊ အမှတ် ၄၆နှင့် မြိတ်မြို့ နောက်လယ်ရပ်၊ ၁လမ်းနေ (ဦးတောင်ဟူ၊ မြိတ်)၏ဇနီး၊ ဒေါ်သန်းသန်းဆင့်(ခ)အကယ်ဒမီ မေသန်းနု (ရာသက်ပန်အသင်းဝင် အမှတ်-၁၃၇၅)၏မိခင်သည် ၂၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(မြိတ်အသင်းမှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ခွာပါမည်။) **အမှုဆောင်အဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြင့်(ခ)ဒေါ်သန်းစိန်**
**အသက် (၉၃)နှစ်**

ရှမ်းပြည်နယ်တရားလွှတ်တော်မှ ရုံးအဖွဲ့မှူးဒေါ်လှသောင်းရီ၏မိခင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးကျေးရွာနေ ဒေါ်မြင့်(ခ)ဒေါ်သန်းစိန်သည် ၂၅-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဖောင်ကြီးဖေယျ ၆၄ မှ တရားရေးအရာရှိသူငယ်ချင်းသင်တန်းသားများ**

**ဝမ်းနည်းကြေကွဲခြင်း**

ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ် - ဒေါ်ချယ်ရီတို့၏ဖခင် ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)သည် ၁၉-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ ထပ်တူဝမ်းနည်းမိပါသည်။

**ဦးလွယ်မော(ဝ်)နှင့် ဆင်ကျော့ပြည်သူ့စစ်(ဌာနေ)**
**တပ်ဖွဲ့ဝင်မိသားစုများ၊ လားရှိုးမြို့**

**ကျေးဇူးအထူးတင်ရှိခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး**
**ဒေါ်စန်း (ရေကြည်) မျိုးသိမ်းပွဲရုံ**
**အသက် (၈၉)နှစ်**

၂၁-၈-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဒေါ်စန်း(ရေကြည်) အသက် (၈၉)နှစ် မျိုးသိမ်းပွဲရုံ နာမကျန်းဖြစ်ချိန်မှစ၍ အစစအရာရာ မိသားစုစိတ်ဓာတ်ဖြင့် ကုသစောင့်ရှောက်ပေးခဲ့ကြသူများ၊ ကွယ်လွန်ချိန်တွင် မေတ္တာဖြင့်မေးမြန်းခဲ့ကြသော မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးရင်းများ၊ အဘွားစန်းကို ချစ်ခင်သောမိတ်ဆွေများအားလည်းကောင်း၊ ပန်းခွေ၊ ပန်းခြင်းများဖြင့် ဂါရဝပြုသူများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ပေးကြသူများ၊ နာရေးမတိုင်မီနှင့် နာရေးအပြီးတွင် သက်န်း၊ လှူဖွယ်ပစ္စည်းများပေးပို့ကြသူများ၊ လူကိုယ်တိုင်တယ်လီဖုန်းမှတစ်ဆင့် နှစ်သိမ့်အားပေးခဲ့ကြသော ရပ်ဝေး၊ ရပ်နီးမှဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## သွေးသည်အသက်

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သက်ထား (မြိတ်)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၄၆၊ အနီဃာလမ်း၊ ဘောက်ထော်၊ မြိတ်မြို့ နောက်လယ်ရပ်၊ (၁)လမ်းနေ (ဦးကြီးလှိုင်-ဒေါ်သင်း)တို့၏သမီး၊ (ဦးတောင်ဟူ၊ မြိတ်)၏ ဇနီး၊ (ဒေါ်ရှုကြူ)၊ ကိုငွေးလွင်-မမူမူရှိန်၊ ဦးအင်ဟို-ဒေါ်ရှုယူ၊ သန်းသန်းဆင့်(ခ)အကယ်ဒမီ မေသန်းနု၊ (ကိုခင်မောင်ဝင်း)၊ ကိုယုလွင်-ဒေါ်စိန်စိန်၊ ကိုကျော်ထွေး-ဒေါ်ကျော့ကျော့မှူး၊ ကိုပိုက်စွမ်-ဒေါ်ထားထားမူ(Australia-Perth)၊ ဦးစံသာ-ဒေါ်အေးအေးသင်း(ခ)မေဦးခင်၊ ကိုမင်းနိုင်-ဒေါ်ကြူကြူဝင်း၊ ကိုသိန်းဝင်း-ဒေါ်အိဖြူထွေး(ခေတ္တ-ဂျပန်)၊ ကိုယဉ်ထွေး-ဒေါ်စံပယ်ဖြူထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၂၃ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ပါရမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၉-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြင့်မြင့်ဆွေ (မြစ်ကြီးနား)**
**အသက်(၆၉)နှစ်**

မြစ်ကြီးနားမြို့နေ (ဦးအိုက်ပေါင်း- ဒေါ်နန်းမာကော်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ် ၂၁ နေ (ဦးမင်းအောင်)၏ ဇနီး၊ (ဦးအောင်ကြီး)-ဒေါ်မိုးစန္ဒာအောင် (မြတ်မွန်ဆေးရုံ၊ မြစ်ကြီးနား)၊ (ဦးမော်အောင်)၊ ဦးတင်ရွှေဝင်း (ဒု ညွှန်မှူး၊ ငြိမ်း၊စီးပွား/ကူးသန်းဌာန)-ဒေါ်မိုးသီတာအောင်(ရတနာမိုးစိန် ရွှေရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးကျော်သန့် (စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မိုးနီလာအောင် [(ဌာနစုမှူး)၊ အင်ဂျင်နီယာဌာန (လမ်း/တံတား) YCDC ]၊ ဦးကျော်ဆန်းသိန်း-ဒေါ်မိုး ဥမ္မာအောင် (ကောင်းထက်သာဆေးဆိုင်)တို့၏မိခင်ကြီး၊ မယမင်းဦး (အလုပ်သင်ဆရာဝန် ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ မောင်ရန်ပိုင်ဦး (Massa chusetts University- USA)၊ မောင်ရဲမာန်ဦး၊ မကျော့ရှင်းသန့် (ပ-နှစ်၊IR,YU)၊ မောင်ဟိန်းခန့်ဇော် (G-9D,TTC)၊ မမေစစ်သွေး (G-8E,TTC)၊ မသင်းနန္ဒီဆွေ၊ မအေးမြတ်စန္ဒီကျော် (G-9E,TTC)၊ မောင်စိုးပြည့်ထွန်း (G-6I,TTC)၊ မဆုလဲ့ဖြူစင် (G-3G,TTC)၊ မဆုပြည့်နဒီ(GETC)၊ မောင်ဟိန်းသုတတို့၏ဘွားဘွားကြီးသည် ၃၀-၈-၂၀၁၄ ရက် (စနေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်မြအေး**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၃၂(A) နေ (ဦးအောင်ခင်-ဒေါ်ခင်မြ)တို့၏သမီး၊ (စည်သူဦးမောင်မောင်-ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ [ဦးခင်မောင်လေး(ခ) Sonny Rodney Mg ]၏ဇနီး၊ ဦးမျိုးအောင်-ဒေါ်နီနီမာ၊ ဦးစိုးအောင်-ဒေါ်ခင်မြအေး၊ ဒေါ်ဥမ္မာခင်၊ ဦးခင်မောင်ဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဒေါက်တာ ဦးအောင်မြတ်-ဒေါ်ခင်မေသင်းတို့၏ညီမ၊ ဦးလေးကိုရီ-ဒေါ်ခင်မြချို၊ ဦးထွေးအောင်-ဒေါ်သီဂီတို့၏အစ်မ၊ ဦးလွင်မောင်ဦး(MO.LCG Co.,Ltd.)-ဒေါ်ဇာနည်ဘသန်းတင်(ခ) Jessica (Director LCG Co.,Ltd.)၊ ဦးမျိုးမင်းသိန်း-ဒေါ်တင်မာလာတို့၏ မိခင်၊ မောင်အောင်ရဲထွဋ် Grade - 4 (c)TTC၊မောင်သူတော်လွင်(ခ)Eric [Year .4(Ruby), ALBA]၊ မောင်ဉာဏ်လင်းထက်တို့၏အဘွားသည် ၃၀-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဦးအောင်မြသိန်း(ခ)ဦးအိမ်ချို**
**B.E(Civil) 1983**
**စီမံကိန်းအင်ဂျင်နီယာ၊**
**Max Myanmar Group of Companies**
**အသက်(၅၆)နှစ်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့၊ လှိုင်ကော် ၃လမ်း၊ အမှတ် ၆၃၅၉ နေ (ဦးအောင်ကြည်-ဒေါ်ညွန့်ရီ) တို့၏သားကြီး၊ ဦးစံမြိုင်-ဒေါ်ခင်စီတို့၏သားသမက်၊ (ဦးမြသန်း)-ဒေါ်ကြည်ကြည်သန်းတို့၏မောင်၊ ဦးခင်မောင်ငွေး- ဒေါ်ချို၊ ဦးမောင်မောင်-ဒေါ်ခင်မာစိန်၊ ဒေါ်စိမ်းစိမ်း(လ/ထ ကထိက၊ မိတ္ထီလာပညာရေးကောလိပ်)၊ ဦးအောင်သူ (ဦးစီးအရာရှိ၊ စိမ်း/စို)-ဒေါ်အေးမိစံတို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်ငြိမ်း(M.Sc-Zoo) ၏ ခင်ပွန်း၊ မလဲ့ရည်အောင်(Grade-10၊ CAE၊ နေပြည်တော်)၊ မဝတ်ရည်အောင် (Grade-7၊ CAE၊ နေပြည်တော်)တို့၏ ဖခင်သည် ၃၀-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

ရန်ကုန်မြို့၊ မင်းရဲကျော်စွာအိမ်ရာ SB-31(303/304) နေ အန်တီကြီးဒေါ်ခင်သန်းနွဲ့ (ကျောက်တံခါး)သည် ၂၄-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ လွန်စွာ ဝမ်းနည်းကြေကွဲမိပါသည်။

**ဦးစိုင်းသော်ဝင်း (ညွှန်မှူး၊ ရှမ်းပြည်နယ်လွှတ်တော်)**
**ဒေါ်ဥမ္မာနေထွန်းနှင့် သမီးမချစ်ဆု၊ တောင်ကြီးမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ဝင်း**
**B. E (Mech) 1977-78**
**အသက် (၆၄)နှစ်**

ဘဝတစ်ပါးသို့ တို့တစ်တွေထက် အရင်ထွက်ခွာသွားလို့ ဝမ်းနည်းကြေကွဲမိပါတယ်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းအမျှပေးဝေလိုက်ပါတယ်။

**၁၉၇၁-၇၇ (နိုဝင်ဘာ)**
**စက်မှုအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးတင်သော်ဟန် (ဖိုးသော်)**
**အသက် (၅၅)နှစ်**

မြိတ်တက္ကသိုလ်၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၏ ချစ်လှစွာသောအစ်ကိုကြီး ဦးတင်သော်ဟန် (ဖိုးသော်) အသက် (၅၅)နှစ်သည် ၂၁-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **ဓာတုဗေဒမိသားစု၊ သတ္တဗေဒမိသားစု၊**
**ရုက္ခဗေဒမိသားစု၊ သင်္ချာမိသားစုနှင့် ပထဝီဝင်မိသားစု**
**မြိတ်တက္ကသိုလ်**

**(၂)နှစ်ပြည့်အလွမ်း**

ချစ်လှစွာသောသားလေး ဟိန်းသူရိန်ဇော်(ခ)မင်းသား(ခ)Alex Noctis အသက် (၂၀) ၁-၉-၂၀၁၄ ရက်မှာ သားလေးချစ်တဲ့သူတွေနဲ့ခွဲခွာပြီး သားလေးကို ဟဲဟိုးမြို့၊ အင်းခေါင်း ဗုဒ္ဓါဇိနောဘုန်းကြီးကျောင်းမှာ သွားထားခဲ့ရတာ (၂)နှစ်တောင်ပြည့်သွားပြီဆိုတာ အထက(၄) တောင်ကြီး (၁၉၉၈-၂၀၀၉) တောင်ကြီးတက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာ(၂၀၀၉-၂၀၁၀)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်သင်တန်း(၁/၂၀၁၀)၊ Star Business Group (Star & Models Int'l) Training Course No.(11M2011) နှင့် ဗဟန်း၊ စမ်းချောင်း၊ နိုင်ငံရပ်ခြားမှ မိတ်ဆွေသူငယ်ချင်းဆွေမျိုးများကို အလွမ်းပြေမှတ်မိစေဖို့ အသိပေးလိုက်ပါတယ်။ Crown ရဲ့ မလွမ်းချင်ဘူးသီချင်းလေးမှာ သရုပ်ဆောင်ခဲ့တဲ့သားလေးက ကျန်ခဲ့တဲ့သူတွေကို လွမ်းစေခဲ့ပါတယ်။ လစဉ်(၁)ရက်နေ့တိုင်းမှာ ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုအားလုံးကို ရောက်ရာဘဝမှ သားလေး သာဓုခေါ်နိုင်ပါစေ။

**ဖေဖေ - ဦးဇော်ဝင်းထွန်း(မင်းသား) (ပုလဲငွေတောင်ဆောက်လုပ်ရေး)**
**မေမေ - ဒေါ်မေသက်လှိုင် (အထက-၁၀ တောင်ကြီး)၊**
**မမ - သက်ရေယံဇော်၊**
**ညီလေး - ရှိန်းထက်မြက်ဇော်၊ တောင်ကြီးမြို့**
**ကိုအောင်ဖြိုးသိမ်း-မမသက်ဟေမာန်ဇော်(ပုလဲငွေတောင်ဆောက်လုပ်ရေး)နှင့်**
**တူမလေး - သွန်းဖြိုးရွှေရည်၊ ဗဟန်း၊ ရန်ကုန်မြို့**

**ဦးအောင်အေး(ခ)သားကြီး (မိုးကုတ်မြို့)**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉ မိုင်၊ အေဝမ်းခြံလမ်း၊ မြသီရိလမ်းသွယ်၊ အမှတ် ၁၇/၁၈ နေ ဦးဝေဇင်-ဒေါ်ဖြူဖြူဆွေတို့၏သားကြီး၊ ဒေါ်ဖြူဖြူတင်(Monsoon Restaurant) ၏ခင်ပွန်း၊ မသီရိအောင်အေး၊ မပီတိအောင်အေးတို့၏ဖခင်၊ ဦးမိုးဟိန်း-ဒေါ်မေနှင်းကြည် (ခ)မနီ၊ ဦးရွှေခင်-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးမျိုးအောင်-ဒေါ်ခင်သန်းမီ၊ (ဦးမျိုး ညွန့်)-ဒေါ်ရီရီရွှေတို့၏တူ၊ ဦးဝင်းမြင့်-ဒေါ်မိုးသန္တာဖြူ(ခ)မသန္တာ၊ ဦးဝင်းထွန်း-ဒေါ်နှင်းမိုးဝေ(ခ)မဘုတ (တဒင်္ဂဗုဒ္ဓဂယာဘုရားဖူး)၊ ဦးသူရိန်ကျော်-ဒေါ်ဖြူနှင်းဝေ(ခ)မဂျိုးတို့၏မောင်၊ ဦးဥက္ကာအောင်၊ ဦးပြည့်ဖြိုးအောင်-ဒေါ်ကေဇင်သက်၊ ဒေါ်ဖွန်ပွင့်၊ ဒေါ်ခင်ယမင်း၊ ဦးအောင် ပြည့်စုံ၊ ဦးသက်ဖြိုးအောင်-ဒေါ်ချမ်းမြေ့ ဖြူ၊ Mr.Benjamin Henz -ဒေါ်ဖူးပွင့်၊ ဒေါက်တာစုဖြိုးအောင်၊ ဒေါ်စန္ဒကူးတို့၏အစ်ကိုကြီးသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၂၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးသန်းရွှေ (ဇလွန်)**
**အသက် (၈၄)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှု စီမံချက်(ရန်ကုန်ရုံး)မှ ဒေါက်တာဦးသောင်းတင်ထွန်း(ထောက်ပံ့ရေးအရာရှိ-ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်)-ဒေါ်ရွှေစင်တို့၏ဖခင်ကြီး ဦးသန်းရွှေသည် ၂၉-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ဝန်ထမ်းများ**

**ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)**
**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စောကြည် အသက် (၇၈)နှစ်**

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည်-ဒေါ်ထွေးစိန်တို့၏ မိခင် ဒေါ်စောကြည် အသက် (၇၈)နှစ်သည် ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **အမှုဆောင်အဖွဲ့၊ ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးထွန်းသိန်း ရုံပိုင်ကြီး (ငြိမ်း)၊ သထုံဘူတာ**
**အသက် (၇၁)နှစ်**

ဒေါက်တာနီလာသိန်း(ကျောင်းအုပ်ကြီး)၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၊ ဗိုလ်မှူးမျိုးဦး-ဒေါ်ဝင်းမာသိန်းတို့၏ဖခင်သည် ၁၃-၈-၂၀၁၄ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CU(လားရှိုး၊ ကလေး၊ တောင်ကြီး၊ တောင်ငူ၊ မအူပင်၊ ပင်လုံ၊ ပခုက္ကူ၊ ဗန်းမော်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်လေးစု**
**အသက် (၆၁)နှစ်**

ဦးထွန်းအောင်ကျော် ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ဇနီး ဒေါ်ခင်လေးစုသည် ၂၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ**
**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်လေးစု**
**အသက် (၆၁)နှစ်**

တိုက် ၃၇၊ အခန်း ၁၈၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်နေ ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန)၏ဇနီးသည် ၂၉-၈-၂၀၁၄ ရက် နံနက် ၇း၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)**

**ဝမ်းနည်းကြေကွဲခြင်း**

ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဆန်စက်လမ်း၊ အမှတ် ၁/က နေ ဒေါ်ညွန့်ညွန့်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပိုင်ဖြိုးဦး၊ မမေသဇင်ဦးတို့၏ဖခင် ဦးသက်ဦး အသက် (၅၄)နှစ်သည် ၂၈-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ခင်စန်းဝင်း၊ စန်းစန်းလွင်၊**
**သင်းသင်းနိုင်၊ သင်းသင်းဦး၊**
**ကေသီဝင်း၊ ဝတ်မှုန်**
**(အောင်ဆန်းသူရိယလှသောင်းအဖွဲ့)**

## ဥတုရာသီ တောကိုမှီ

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈/၈၈၉၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်း

**တိုင်းမန်နေဂျာ(ငြိမ်း)၊ ဆသရ၊ ပဲခူးတိုင်းဒေသကြီး**

**အသက်(၈၈)နှစ်**

(စာတိုက်ဝန်ထောက် ဦးဘိုးကျော်-ဒေါ်ညွန့်)တို့၏သား၊ (ဦးသိန်းဖေ-ဒေါ်စောကြည်)တို့၏သားသမက်၊ အမှတ် ၆၂၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ (ဦးဝင်းကျော်)-ဒေါ်ခင်ဝင်းကြည်၊ ဦးအုန်းကျော်(MD, First Industry Co., Ltd.)၊ ဒေါ်မူမူအုန်း၊ ဦးတင်မောင်ဆွေ(အားမာန်ကုမ္ပဏီ)-ဒေါ်ခိုင်ခိုင်အုန်းတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၁၄ ရက် (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်ကြူ (ကြူကြူတိုနီ၊ မုဒုံ)

**အသက်(၅၉)နှစ်**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဒုတိယရုံးအဖွဲ့မှူး၊ ဒေါက်တာစည်သူကျော်၊ ဒေါ်လွှင်မိုးဖြူတို့၏မိခင် ဒေါ်ခင်မြင့်ကြူ (ကြူကြူတိုနီ၊ မုဒုံ) အသက် (၅၉)နှစ်သည် ၂၅-၈-၂၀၁၄ရက် နံနက် ၅နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်ကျော်မြတ်၊ ဒုတိယဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ဝင်း B.E (Mechanical) 1977-78

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် စည်ပင်အရာရှိအိမ်ရာဝင်း၊ တိုက်အမှတ် ၈၊ အခန်း ၁နေ ဒေါ်သန်းသန်းဌေး(ဌာနခွဲမှူး၊ ယာ/အုံ၊ YCDC)၏ချစ်လှစွာသောခင်ပွန်း ဦးအောင်ဝင်း BE (Mechanical) သည် ၂၈-၈-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၈း၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်ကျော်မြတ်၊ ဒုတိယဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ဒေါ်ခင်ဖြူဖြူ

**အသက်(၈၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၉၈နေ (ဦးထွေးအောင်-ဒေါ်ခင်မေ)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးဘိုးသိန်း-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ (ဦးအောင်မြင့်-ဒေါ်စိန်ရင်)၊ (ဦးအေးချို-ဒေါ်ရီရီ)၊ (ဦးမြစိန်-ဒေါ်နုနု)၊ (ဦးမောင်မောင်ကြီး)၊ ဒေါ်အေးကြည်၊ ဒေါ်ခင်စုစု(ဌာနမှူး၊ ငြိမ်း၊ရူပဗေဒဌာန၊ ဆေး-၁)တို့၏ညီမ၊ (ဒေါက်တာအောင်ခင် - ဒေါ်ခင်သိန်းသိန်း)တို့၏အစ်မ၊ ဒေါက်တာကျော်တင့် (ကျန်းမာရေးဝန်ကြီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးထွဋ်ထိပ်၊ ဦးကျော်စွာ(ခ)ငယ်ငယ်-မတင်အေးအေးလင်း (ခ) မမီးမီးတို့၏မိခင်၊ ဒေဝီကျော်စွာ၏အဘွား၊ တူ၊ တူမ ၁၉ယောက်တို့၏ အဒေါ်သည် ၃၀-၈-၂၀၁၄ရက်(စနေနေ့) ည ၉း၄၆ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၉၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းဦး

**ထုတ်ကုန် (M.E.I.C) (ငြိမ်း)**

**အသက်(၆၉)နှစ်**

ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ၃/၅/၁၅၀၊ ငွေလမ်းနေ ဒေါ်မြသိန်း (R.T.C) အင်းစိန်၏ခင်ပွန်း၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၁၄၀နေ ဦးထိန်ဝင်း(ခ)ဦးသိန်းထွန်းအောင်(JR Orion Services Pte Ltd.)-ဒေါ်ယုဝါဝါလွင်ဦး၊ ဦးအောင်ကိုကိုဦး (Bosun) Sai Beacon Maritime Co.,Ltd.၊ ဦးကျော်ညီညီဦး - ဒေါက်တာခိုင်ခိုင်လင်း (သရုပ်ပြ၊ ရူပဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏ ဖခင်ကြီး၊ မခိုင်ခိုင်၏ဦးလေး၊ မောင်ရဲစည်သူလွင် (Ocean Grow Shipping)၊ မအိမ့်ဂျူလိုင်မိုး (Chief Cabin Crew Golden Myanmar Airline)၊ မလင်းဦးပျိုဖြူတို့၏အဘိုးသည်၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ရွှေပြည်သာမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရွှေပြည်သာမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီနှင့် ဆရာစံလမ်း နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပခုက္ကူမြို့နယ်အသင်း(ရန်ကုန်)

သက်ကြီးကန်တော့ခံ

## ဒေါ်တု(ခ)ဒေါ်မေတု

**ရာသက်ပန်အသင်းဝင်အမှတ်(မ-၀၈၄)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ အမှတ် ၉၅၂နေ (ဦးပြုံး - ဒေါ်ရွှေမြစ်)တို့၏သမီးသည် ၂၉-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် အသင်းသူ၊ အသင်းသားများသိရှိစေရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်ခင်ထွေး

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးစိန်အုပ်-ဒေါ်ချစ်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၂၈၆/၃၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ (ဦးလှထွန်း)၏ဇနီး၊ ဦးစံသိန်း-ဒေါ်ခိုင်ရွှေဝင်း၊ ဦးယဉ်ထွဋ်-ဒေါ်မြသီတာ၊ ဦးကျော်မိုး-ဒေါ်ခင်ညိုညို၊ မဖြူဖြူထွန်းတို့၏မိခင်၊ မောင်သူရိန်ထွန်း၊ မောင်ကျော်ထက်နိုင်၊ မောင်ကျော်စည်သူတို့၏အဘွားသည်၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြရီ

**(လေးတောင်၊ ဇရပ်ပြင်ရွာ)**

**အသက်(၅၃)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ လေးတောင်၊ ဇရပ်ပြင်ရွာနေ ဦးကျော်ဘ-ဒေါ်အေးခင်ဦးတို့၏သမီး၊ (ဦးလှရွှေ)-ဒေါ်ခင်သန်းရွှေတို့၏ညီမ၊ ဦးခင်ရွှေ-ဒေါ်စောညွန့်ခင်၊ ဦးတင်မြင့်-ဒေါ်လှရီ၊ ဦးမြင့်သိန်း-ဒေါ်မွေးခင်ခင်၊ ဦးကျော်တင့်-ဒေါ်သန်းရီ၊ (ဦးသိန်းလှိုင်)၊မခင်မြင့်ရီတို့၏အစ်မ၊ ဦးဟန်မြင့်အောင်-ဒေါ်နန်းမွန်ထွေး၊ ကိုဟန်ဇော်၊ ကိုသန်းထွန်းနိုင်တို့၏မိခင်၊ မောင်ထွန်းထက်ပိုင်၏အဘွား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၈၄၂-ကနေ ဦးကျော်ရင်၏ဇနီးသည် ၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂-၉-၂၀၁၄ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီနှင့် ဝ္ဍတ္တလစ်လမ်းဆုံ ပန်းခြံမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်အုပ်

**အသက်(၉၀)**

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဇင်ယော်လမ်း၊ အမှတ် ၁၀၁နေ (ဦးထွန်းအောင်)၏ဇနီး၊ ဦးစံလင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တောင်ကြီးမြို့နယ်)-(ဒေါ်နန်းခင်နှင်းငွေ)၊ ဦးလှသန်း-ဒေါ်သန္တာအောင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်ခင်ရွှေ(ခ)မရ်ယမ်ဘီဘီ (ဗန်းမော်)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၁၂နေ (ဦးနထူး-ဒေါ်စိန်ခြယ်)တို့၏သမီး၊ [ဟာဂျီ ကပ္ပတိန် ဦးအေးမောင်၊ တိုင်းဆိပ်ကမ်းအရာရှိ(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဦး-ဒေါ်ရီရင်း၊ (ဦးခင်မောင်လတ်)-ဒေါ်အေးအေးတင်၊ ဒေါ်ခင်အေးမော်၊ ဦးဝင်းကျော်-ဒေါ်ခင်ဌေးမော်၊ ဦးခင်မောင်ထူး(တေးသံရှင်)-ဒေါ်ရီရီဝင်း၊ ဦးခင်မောင်ဌေး-ဒေါ်နန်း၊ ဦးခင်မောင်နီ-Zainab Ahmad၊ Alex Oo-Sharon Aye Maung Oo တို့၏မိခင်၊ မြေး၁၂ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၃၀-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမားဇ်အပြီး ရေဝေးစွန်နီကဘာရ်စတန် ဥယျာဉ်တော်တွင် ဒါဖွနာပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းယဉ်

**အသက်(၇၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ မိန်းလမ်းနေ (ဦးဘိုးအုန်း-ဒေါ်မြမေ)တို့၏သမီး၊ ဦးကုလား-ဒေါ်ခင်ညွန့်၊ ဒေါ်ထေရီနန္ဒာ၊ [ဒေါ်စိန်ညွန (ဖြူးဘိုးဘွားရိပ်သာ)]၊ ဦးငြိမ်း-ဒေါ်ခင်တို့၏ညီမ၊ ဦးသက်နိုင်ဦး(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်မြတ်မွန်သန်း၊ ဦးဇော်နိုင်ထွန်း၊ ဒေါ်စောကလျာသန်း-ဒုတိယဗိုလ်မှူးကြီးသန်းနိုင်မြင့်(ငြိမ်း)၊ မောင်ကျော်စွာထွန်းတို့၏မိခင်၊ မောင်နိုင်စော်ဘွား၊ မောင်ညီစော်ဘွား၊ မနိုင်ဝတီသန်း၊ မခိုင်ဇာဇာသိမ့်၊ မဝင့်ဝတီသန်း(မဟာဥပဒေဒုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ဖြိုးသန်းနိုင်တို့၏အဘွား၊ ဦးသန်းထွန်း၏ဇနီးသည် ၃၁-၈-၂၀၁၄ရက် နံနက် ၂း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဇေယျဝတီမြို့၊ အနောက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်ကြီး (စစ်တွေ)

**အလုပ်ရုံမှူး(ငြိမ်း)**

**ရေနံဓာတု(စွမ်းအင်ဝန်ကြီးဌာန)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊အရှေ့ရန်ကင်း၊ ရန်ကင်းလမ်းသွယ်(၁၁)၊ တိုက် ၁၁၁၊ အခန်း ၂နေ [ဦးစံရွှေဦး-ဒေါ်စံကြွဦး(ခ)ဒေါ်ကျော့မေ]တို့၏သား၊ (ဦးဖော်သာ-ဒေါ်စံစံ)တို့၏သားသမက်၊ ဒေါ်သန်းနု(ခ)ဒေါ်သန်းသန်း၏ခင်ပွန်း၊ဦးကျော်ကျော်ဦး(2nd Mate, MTM Co.,Ltd.)-ဒေါ်အိအိစိုး၊ ဒေါ်မိုးပွင့်ဖြူ (ခေတ္တ-Dubai)၊ ဦးမျိုးမင်းထိုက် (SEC Co., Ltd.)-ဒေါ်တင်နန်းဝေတို့၏ဖခင်၊မခြူးမြတ်သံစဉ်၏ဘိုးဘိုးကြီး၊ (ဦးကျော်ဝေ)-ဒေါ်ခင်ငြိမ်းနွယ်၊ ဦးသုဓမ္မစိဏ္ဏ (ခ)ဒေါက်တာထွန်းမောင်-(ဒေါ်သန်းမြင့်)၊ (ဦးထွန်းစိန်)-ဒေါ်တင်မူတို့၏ညီ/မောင်၊ ဒေါ်သန်းဌေး၊ ဦးသန်းစိန်-ဒေါ်ခင်ခင်အေး၊ (ဦးကျော်လင်း)-ဒေါ်မာလာညွန့်၊ (ဦးကျန်ရွှေ)တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေးသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းမယ်တော်ကြီး

ဆို၊ က၊ ရေး၊ တီး

ရန်ကုန်တိုင်း(မဟာဂီတ)ဒိုင်

## ဒေါ်မေစီလွင်

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊သုဝဏ္ဏ၊ အမှတ် ၉၁/၅၊ ရေနံ့သာလမ်း၊ (၂၄)ရပ်ကွက်၊ ကမာလမ်းသွယ်(ရှေ့)နေ (ဦးအေးမောင်-ဒေါ်မြလွင်)တို့၏သမီး၊ (ဦးသန်းဟန်)၏ဇနီး၊ ဦးလှအောင်-ဒေါ်စန်းစန်းအေးတို့၏ညီမ၊ ဦးဌေးသိန်း-ဒေါ်ညိုညိုအေး၊ ဦးအောင်သန်း-ဒေါ်မေလှအေးတို့၏အစ်မ၊ ဦးသြဘာသ၏ရဟန်းမယ်တော်ကြီး၊ ဒေါ်ခင်မေရီ၊ ကိုသူရဟန်း၊ ကိုမျိုးမင်းဟန်-မခိုင်ရတနာလတ်တို့၏မိခင်၊ မောင်ချစ်ရဲဟန်၏အဘွားသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်သိန်း

**(မော်လမြိုင်)**

**အထက(၄)ပုဇွန်တောင် (ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၈၉၊ အခန်း ၃/ယာ၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်နေ (ဦးအုန်းမောင်-ဒေါ်ဆန်းရင်)တို့၏သမီးထွေး၊ (ဦးလှသွင်)-ဒေါ်ခင်အောင်၊ (ဦးလှသိန်း)-ဒေါ်ခင်သန်းကြွယ်တို့၏ညီမ၊ ဦးသာဒွန်း(အထက-၄၊ ပုဇွန်တောင်၊ငြိမ်း)၏ဇနီး၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၃၀-၈-၂၀၁၄ရက်(စနေနေ့)ည ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးဆောင်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်သိန်းဇံမောင်(စစ်တွေ)

**B.A (စီးပွား/စီမံ)**

**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊မြခွာညိုအိမ်ရာ၊ အောင်ကောင်းကျော်လမ်း၊ အမှတ် ၁၆နေ ဦးဦးဘိုးသိန်း (မန်နေဂျင်းဒါရိုက်တာ၊ အင်းပေါက်ဝကုမ္ပဏီလီမိတက်) - ဒေါ်မန္တဲ့ခင်တို့၏ သား၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၁၄၊ ခုနစ်လွှာနေ (ဦးလုံးမောင်စိန်)-ဒေါ်မကြီး(ခ)ဒေါ်အေးကြည်တို့၏သားသမက်၊ မသန်းသန်းမြင့်၏ခင်ပွန်း၊ ဦးမြဝင်းစိန်-ဒေါ်သန်းသန်းအေး(အဘူ) (Australia)တို့၏ ညီ၊ ဦးစိုးဝင်း-ဒေါ်မေပွင့်စိုး (USA)တို့၏ အစ်ကို၊ မောင်ရဲမင်းခန့်(ခ) Roman (Grade -VI, B, IISY)၊ မအေးချမ်းမြင့်၊ မသက်ထက်စံတို့၏ဦးလေးသည် ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သာကေတမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီနှင့် အင်းပေါက်ဝကုမ္ပဏီရုံး၊ ၄၃လမ်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးစိန် (မော်ဘီ)

**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ် ၁၅နေ [ဦးဟုတ်စိန် (ပဒတ္တမဉ္ဇူသာပါဠိ - မြန်မာအဘိဓာန်နှင့် အများသုံး မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန်ကျမ်းပြုပုဂ္ဂိုလ်၊ အမွေနှင့်ပစ္စည်းထိန်းမင်းကြီး) - ဒေါ်လွင်]တို့၏သားကြီး၊(ဦးလူမော်-ဒေါ်သဲရင်)တို့၏ သားသမက်၊ (ဒေါ်နွဲ့)၏ ခင်ပွန်း၊ (ဦးအောင်ရှိန်) - ဒေါ်တင်တင်စိန်၊ (ဦးသန်းထွတ်-ဒေါက်တာတင်တင်ရီ)၊ (ဦးမြင့်လွင် - ဒေါ်သန်းသန်းစိန်)တို့၏ အစ်ကိုကြီး၊ (ဦးမိုးကျော်ထွန်း)-ဒေါ်စိန်စိန်လွင်၊ ဦးထိန်ဝင်း-ဒေါ်အေးအေးစိုး၊ ဦးသန်းဦး-ဒေါ်သီဂီစိန်၊ ဦးမင်းအောင်ချို - ဒေါ်သီတာစိန်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၄ရက် (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းတင် (မိုးကုတ်)

**အသက်(၇၆)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးမြ-ဒေါ်မေသင်)တို့၏သားကြီး၊ (ဦးသိန်းဖေ - ဒေါ်အေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၈/F ၊အင်းလျားလမ်းနေ (ဒေါ်ညွန့်ညွန့်)၏ ခင်ပွန်း၊ ဦးလှိုင်မြင့်-ဒေါ်ချိုချိုထွန်း၊ ဦးကျော်ဦး-ဒေါ်မာလာထွန်း၊ ဦးကျော်သူရ၊ ဒေါ်ချစ်စုခင်၊ဒေါ်မွေးကြူသင်း၊ဦးတင်မောင်လွင်-(ဒေါ်နှင်းမိုးအေး)၊ ဦးဇော်ဖြိုးသိန်း - ဒေါက်တာမြတ်လေးပန်းတို့၏ဖခင်၊ မောင်ရဲရင့်ကျော်၊ မစုတာရာလင်း၊ ကိုသက်ဇော်-မနေရည်ဝင်း၊ မောင်ကောင်းစံ၊ မောင်ထူးစံတို့၏ဘိုးဘိုး၊ မောင်ဉာဏ်လင်းထက်၊ မသီရိဖြိုးသိန်း၊ မောင်နေဇော်ထက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မိုးကုတ်အသင်း

## ဦးထွန်းတင် (မိုးကုတ်)

**အသက်(၇၆)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးမြ-ဒေါ်မေသင်)တို့၏သားကြီး၊ (ဦးသိန်းဖေ-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၈/F ၊ အင်းလျားလမ်းနေ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ မိုးကုတ်အသင်းသားဖြစ်သူသည်၃၀-၈-၂၀၁၄ ရက် (စနေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ မိုးကုတ်အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) မိုးကုတ်အသင်းအမှုဆောင်အဖွဲ့

## မောင်သိန်းဇံမောင်(စစ်တွေ)

**B.A(စီးပွား/စီမံ)**

**အသက်(၃၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစောထွန်းအောင်)-ဒေါ်ထွန်းမေ(ရွှေငါးပျံမသန်းဌေး ဆေးပေါ့လိပ်)၊ စစ်တွေမြို့နေ (ဦးသိန်းဇိုးအောင်-ဒေါ်စောနု)တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊မြခွာညိုအိမ်ရာ၊ အောင်ကောင်းကျော်လမ်း၊ အမှတ် ၁၆နေ ဦးဦးဘိုးသိန်း(မန်နေဂျင်းဒါရိုက်တာ၊ အင်းပေါက်ဝကုမ္ပဏီလီမိတက်)-ဒေါ်မန္တဲ့ခင်တို့၏သား၊ ဦးတင်အောင်ဦး-မခင်အိပိုင်၊ ဦးဗိုလ်အောင်ကျော်တို့၏ညီ၊ မဇင်မာအောင်၏အစ်ကို၊ မသန်းသန်းမြင့်၏ခင်ပွန်းသည်၂၉-၈-၂၀၁၄ရက် (သောကြာနေ့) ည ၁၀း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီနှင့် အင်းပေါက်ဝကုမ္ပဏီရုံး၊ ၄၃လမ်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနန္ဒမာလာ

**သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ အတိတ်ရအောင်သိဒ္ဓိကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျိုက်မဲကျေးရွာ၊ ကျိုက်မဲကျောင်း ပရိယတ္တိစာသင်တိုက်နှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ၄က်မြတ်ဝဲအေးစေတီ စိတ္တသုခကျောင်းတို့၏ ဦးစီးပဓာနနာယက ကျေးဇူးတော်ရှင်သက်တော်ရှည် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (စာသင် ဘုန်းဘုန်းကြီး) ဘဒ္ဒန္တနန္ဒမာလာသည် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၄ရက်) ၂၈-၈-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ

## ဦးတင်အေး(မော်လမြိုင်) အသက်(၇၂)နှစ်

**ဒု/လက်ထောက်ညွှန်ကြားရေးမှူး၊ ကြွေထည်အလုပ်ရုံ၊ဆောက်လုပ်ရေး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၂၁၅၊ မေတ္တာလမ်း၊ (၁၄/၂) ရပ်ကွက်၊ဆောက်လုပ်ရေးဝင်းနေ ဒေါက်တာဦးကြွယ်-ဒေါ်အေးကြူတို့၏သား၊ ဦးအုန်း-ဒေါ်သန်းညွန့်တို့၏သားသမက်၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်မြမြ၊ ဒေါက်တာအောင်မြင့်-ဒေါ်ခင်စောမူတို့၏ညီ/မောင်၊ ဦးစန်းမောင်-ဒေါ်ကေညွန့်၊ဦးဉာဏ်ထွန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ဦးသိန်းအောင်-ဒေါက်တာအေးအေးကြည်၊ ဦးဝင်းသိုက်-ဒေါ်ခင်စိုးရီ၊ ဦးအောင်စိုး-ဒေါ်မြမြသွယ်တို့၏အစ်ကို၊ ဦးဇော်ဝင်းနိုင်-ဒေါက်တာကေခိုင်အေး (လ/ထညွှန်/မှူး၊ ကျန်းမာရေးဦးစီးဌာန)၊ ဦးနေနိုင်အေး-ဒေါ်စုစုအေး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်ကြီး၊ ယွန်းဝတီဦး (Grade-4)၊ ရွှန်းနဒီဦး (Grade -1) (ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မောင်ဝေလင်းမြတ်အေး၊ မောင်ဟေမာန်ကျော်ဇောအေးတို့၏ဘိုးဘိုးကြီးသည် ၃၁-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသောင်းလေး

**စာရင်းကိုင်(၁)(ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၆၈)နှစ်**

ပြည်မြို့နေ (ဦးဟန်ချိန်-ဒေါ်မယ်ကျင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကောက်-ဒေါ်မြရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၁၊ အခန်း ၃၄နေ ဒေါ်ရီရီမြ၏ခင်ပွန်း၊ ကိုသက်ဇော်ဦး-မအေးစုမြတ်ထွန်းတို့၏ဖခင်၊ မရွှန်းလဲ့သံသာ၊ မသဲသက်သံသာတို့၏ အဘိုးသည် ၃၁-၈-၂၀၁၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်အေးအေးမြင့်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဘူမိဗေဒဌာန၊ တောင်ငူတက္ကသိုလ်**

**အသက်(၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အမှတ် ၂၈၄၊ ၁လမ်းနေ ဦးထွန်းလှ-(ဒေါ်ရှုလန်း)တို့၏သမီး၊ ဦးတင်မောင်ဝင်း(စင်ကာပူ)၏ဇနီး၊ ဒေါက်တာခင်လေးရီ(တောင်ငူဆေးရုံ၊ ငြိမ်း)၊ ဦးတင်လှိုင်(MOGE၊ ငြိမ်း)-ဒေါ်အေးအေးသိန်းတို့၏ညီမ၊ ဒေါက်တာလှဌေး (ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်)-(ဒေါ်တင်တင်ဝင်း)၊ ဦးစိုးလှိုင်(ဆေးဆိုင်)-ဒေါ်ဥမ္မာကျော်၊ ဒေါက်တာမီမီချို(သမားတော်ကြီး၊ မင်းဘူးဆေးရုံ)တို့၏အစ်မ၊ တူ၊တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၃၁-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၃း၄၀နာရီတွင် တောင်ငူမြို့တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာစောမက်(စ်)ဒွေး

**မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)**

**အသက်(၈၃)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (ကွဲဆည်ကန်)၊ ၁၂လမ်း၊ (စ/၁)နေ (ဦးစောအောင်ဒွေး - ဒေါ်စိန်မေ)တို့၏သားထွေး၊ [ဒေါ်နုနုထက်ဒွေး(ပါမောက္ခ ဌာနမှူး၊ ရက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)]၏ခင်ပွန်း၊ ဦးသန်းထူး-ဒေါက်တာ အယ်ရူဖောထက်ဒွေး၊ (ဦးစောကျော်ထက်ဒွေး)၊ ဦးစောကလိုဝါးထက်ဒွေး - ဒေါ်နော်ဖောဖောတို့၏ဖခင်၊ ဒေါက်တာအယ်ထူးထူး၊ မောင်ဝေထူး၊ စောအယ်မူးထက်ဒွေး၊ နော်ရူထီးထက်ဒွေးတို့၏အဘိုးသည် ၃၀-၈-၂၀၁၄ရက် (စနေနေ့) ညနေ ၄း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ဈာပနဝတ်ပြုဆုတောင်းမှုပြုပြီး နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ရာသက်ပန်အသင်းဝင်

## ဦးတင်ဌေး

**အသက်(၅၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၂၉၆/ဘီ၊ မင်းရဲကျော်စွာလမ်း၊ (၂) ရပ်ကွက်၊ သမိုင်းနေ ဒေါ်နီနီမြင့်၏ခင်ပွန်းသည် ၃၀-၈-၂၀၁၄ရက်နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်နီနီအောင်

**အကြီးတန်းစာရေး(ငြိမ်း)၊ ဘဏ်ခွဲ-၆**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အင်ကြင်းလမ်း B ၊ တိုက်-၂၈၊ အခန်း ၄၀၂နေ (ဦးအောင်ကြီး-ဒေါ်လှဇင်)တို့၏သမီး၊ ဦးလှအောင်-ဒေါ်ခင်ဝါအောင်၊ ဦးကျော်လင်း(မကွေး EPC)-ဒေါ်အေးအေးအောင်တို့၏ အစ်မ၊ ဦးမောင်အေး (ဇီဇဝါဆေးကုမ္ပဏီ)၏ဇနီး၊ မမြင့်ကြည်၏အစ်မ၊ မောင်ကောင်းထက်အောင်၊ မသူဇာမော်တို့၏မိခင်သည်၃၁-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုလင်းနိုင်ထွန်း(ခ) ကိုညီညီနိုင်

**ရွှေလင်းပိုင်ဆိုင်ကယ်နှင့်အပိုပစ္စည်းအရောင်းဆိုင်၊ မောင်တောမြို့**

**အသက်(၄၁)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ် ၁၅၁နေ ဦးစံထွန်း-ဒေါ်ကျော့ခင်တို့၏သားထွေး၊ ကိုဂျော်နီ-မကေသီထွန်း၊ ကိုသက်နိုင်ထွန်း-မထွေး၊ ကိုဇော်မင်းထွန်း-မခင်စပယ်ထွန်းတို့၏ညီ/မောင်၊ မဥမ္မာလင်း၏ခင်ပွန်း၊ မဖြူစင်သန့်၊ မကေခိုင်ထွန်းတို့၏ဖခင်သည် ၃၀-၈-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် စစ်တွေမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ကောက်သင်းကောက်ကွက်ပြည့်နှင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ပင်းတယမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အလှူငွေထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်နှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ပင်းတယနှင့် ရွာငံမြို့နယ်တို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဩဂုတ် ၂၈ ရက် ည ၈ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီ ခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၂ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ချင်းတွင်း မြစ်ရေသည် ကလေးဝမြို့တွင် ယနေ့နံနက် ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ထွန်းထွန်းမင်း၊ ထက်အောင်ဦး အလဲထိုးအနိုင်ရ

**တင်စိုး (မြန်မာ့အလင်း)**



ဒုတိယအချီ၌ ထွန်းထွန်းမင်း(မြန်မာ)၏ ခေါင်းတိုက်ချက်ကြောင့် ခရွှန်(ထိုင်း)ပြိုလဲစဉ်။

**ရန်ကုန် ဩဂုတ် ၃၁**

Ultimate Letwhay International Challenge Fight 2014 Singapore မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက စင်ကာပူနိုင်ငံ Wood Land Sports Hall ၌ ကျင်းပသည်။

ရှေးဦးစွာကျင်းပသည့် စောဖြိုးဝေ(မြန်မာ)နှင့် ဂျနီတို(ဖိလစ်ပိုင်)တို့ ငါးချီစိန်ခေါ်ပွဲတွင် ပထမအချီမှ စတုတ္ထအချီအထိ သူတစ်ပြန်ကိုယ်တစ်ပြန်ထိမိကြပြီး နှစ်ဦးစလုံး အနားတောင်းကြရသည်။ ပဉ္စမအချီ၌ စောဖြိုးဝေက ဂျနီတိုကို ခံစစ်တိုက်ထိုးခဲ့ရကာ သရေပွဲဖြစ်ခဲ့သည်။

ထက်အောင်ဦး (မြန်မာ)နှင့် ဂျီးစပ်(ဖိလစ်ပိုင်)တို့အတွဲမှာ ပထမအချီတွင် နှစ်ဦးစလုံးလက်သီးတွဲလုံးများထိုးခဲ့ကြပြီး ပထမအချီ ၂ မိနစ် ၄၅ စက္ကန့်၌ ထက်အောင်ဦး၏ လက်သီးတံတောင်၊ ဒူးတိုက်ချက်များကြောင့် ဂျီးစပ်ပြိုလဲခဲ့ရာ ထက်အောင်ဦး အလဲထိုး အနိုင်ရရှိသွားသည်။

ကြယ်စင်ဖြိုး(မြန်မာ)နှင့် ပတ်မွန်ခွန်း(ထိုင်း)တို့ပွဲက သရေပွဲဖြစ်ခဲ့သော်လည်း ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ရဲတံခွန်(မြန်မာ)နှင့် ယော့ပိအိ (ထိုင်း) တို့ပွဲတွင်မူ ရဲတံခွန်တိုက်စစ်ကောင်းခဲ့သော်လည်း ယော့ပိအိ၏ လက်ဝှေ့သမ္မာကြောင့်ပူးတွဲသရေဖြစ်ခဲ့သည်။

ထွန်းထွန်းမင်း(မြန်မာ)နှင့် ခရွှန်(ထိုင်း)တို့ပွဲ ပထမအချီတွင် တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲစောင့်ထိုးကြသည်။ ဒုတိယအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန်လက်သီးတွဲလုံးများထိုးကြရင်း ထွန်းထွန်းမင်း၏ ခေါင်းတိုက်ချက်ကြောင့် ဒုတိယအချီ၌ပင် ခရွှန်အနားတောင်းခဲ့ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ ထွန်းထွန်းမင်းအလဲထိုးအနိုင်ရရှိသွားကြောင်း သိရသည်။

# သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၈ စင်တီမီတာ (ပေဝက်ခန့်) တွင်ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၁-၈-၂၀၁၄

ကလေးမြို့
၄ ဒသမ ၇၆ လက်မ
သထုံမြို့
၄ ဒသမ ၄၅ လက်မ
သံတွဲမြို့
၃ ဒသမ ၈၆ လက်မ
ဖူမြို့
၃ ဒသမ ၇၈ လက်မ


# သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော် တောင်ပေါ်ကားလမ်းအဆင့်မြှင့်တင်

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ခရမ်းစိုးမြင့်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော် ကားလမ်းသည် အစအဆုံး ၆၆ မိုင်ရှိသည်။ တောတောင်ချောက်ကမ်းပါးများကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်ပြီး ထိုလမ်း၏ မိုင်တိုင်အမှတ်(၃၉)မှ (၄၃) အထိ လေးမိုင်သည် ဖြိုးတောင်ပေါ်မှ ကွေ့ကာ ပတ်ကာ ဖောက်လုပ်ထားသဖြင့် ဖျူဖွေးလှပနေသော တောင်ပေါ်ကားလမ်းတစ်လမ်းဖြစ်သည်။

ထိုကားလမ်းကို ၁၉၉၉ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းထံမှ အေးရှားဝေါလ်ကုမ္ပဏီက BOT စနစ်ဖြင့် လွှဲပြောင်းလက်ခံယူ၍ ၁၂ ပေအကျယ် ကတ္တရာခင်းပေးခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ပြီးစီးသွားသော်လည်း တောင်ပေါ်ကားလမ်းဖြစ်သောကြောင့် အကွေ့အကောက်များခြင်း၊ လမ်းကျဉ်းခြင်းနှင့် မြင့်မားသောတောင်ခါးပန်း (တစ်ဖက်မှချောက်ကမ်းပါးကားလမ်း)ဖြစ်သည့်အတွက် ကားလေးနှင့်ကုန်တင်ခြောက်ဘီးကား

*စာမျက်နှာ ၈ ကော်လံ ၁* ✻



အေးရှားဝေါ(လ်)ကုမ္ပဏီက အဆင့်မြှင့်တင်ဖောက်လုပ်ထားသော သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်း ဖြိုးတောင်ပေါ်မှကုန်တင်ကားကြီးများ ဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရစဉ်။

**နိုင်ငံတကာ**

## လီဆိုသိုတွင် အစိုးရတပ်များက အာဏာသိမ်း၊ ဝန်ကြီးချုပ် တောင်အာဖရိကသို့ ထွက်ပြေး

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

## ဒီပဲယင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေအချို့ ရေလွှမ်း

စာမျက်နှာ ❖ ၅

**အားကစား**

## ချယ်လ်ဆီး သုံးပွဲဆက်တိုက်အနိုင်ရထား

စာမျက်နှာ ❖ ၁၄

မြန်မာ့အလင်း
mmalin.npt@gmail.com,
www.facebook.com/MYANMAALINNNEWS

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ကားပါကင် ရန်ဖြစ်ရမည့် 25' x 50'
စမ်းချောင်းသိန်း(၂၀၀၀)တိုက်ခန်းဝယ်မလား

(၁) ခန်းဝယ်လျှင် သိန်း (၆၀၀) တန်
ကားပါကင်(၁)စီးစာနေရာ အခမဲ့ပေးမည်
စုပေါင်းပိုင် အဆောက်အအုံအဖြစ် မှတ်ပုံတင်မည့် ကွန်ဒို
ဂရပ်ငြေ (၁.၉၅) ဧကပေါ်သောက်ထား

ရန်ကုန်တိုင်းဒေသကြီး
စမ်းချောင်းမြို့နယ်တွင်ရှိသော

SANCHAUNG GARDEN
RESIDENCE

ကွန်ဒိုကိုဝယ်မလား
သင်ကိုယ်တိုင်ရွေးချယ်လိုက်ပါ

MARKETING BY - iGREEN Construction

ကြော်ငြာကဏ္ဍ


AYA Bank
KBZ Bank
ရွှေမန်း ရုပ်ရှင်ရုံ
Dogon Center-2
တားကရာလမ်း
UAB Bank
ရတနာပုံ ရုပ်ရှင်ရုံ
စမ်းချောင်းလမ်း
အောင်ချမ်းသာလမ်း
SANCHAUNG GARDEN
သာကေတ ဆေးရုံ
အာရှတော်ဝင် ဆေးရုံ
City Mart
ဓာတ်ဆီ ဆိုင်
မြေနီကုန်းလမ်း(ရှင်စောပုလမ်း)
Myanmar Even Park
လွှတ်တော်
ပြည်သူ့ရင်ပြင်
စင်္ကာပူတွင်အကောင်းဆုံးဟိုတယ်
MARINA BAY SANDS
ဒီဇိုင်းရေးဆွဲခဲ့သော စင်္ကာပူနိုင်ငံ
၏ နာမည်ကြီး ဗိသုကာကုမ္ပဏီ Aedas
မှ ဒီဇိုင်းရေးဆွဲ သော SANCHAUNG GARDEN RESIDENCE ကွန်ဒို
JUNCTION SQUARE
2,3,4 SEPTEMBER
(104) စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် ကြိုတင်လေ့လာနိုင်ပါပြီ။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# စုပေါင်းပိုင်မြေဝနစ်ဖြင့် ပိုင်ဆိုင်သော တိုက်ခန်း သက်သေခံလက်မှတ်



တိုက်ခန်းအားဝယ်ယူပိုင်ဆိုင်ထားသည့် လွင်မိုး ၏ မိသားစုဓါတ်ပုံ

## ■ စုပေါင်းပိုင်မြေဝနစ် စုပေါင်းပိုင်အဆောက်အအုံ၏ မြေအချိုးကျပိုင်ဆိုင်မှု သက်သေခံကဒ်ပြား ■

| | | | |
|---|---|---|---|
| Condo Name | - Sanchaung Garden Residence | Room Sqft | - 1,056 sqft |
| Condo Reg No. | - 101-2015 | Total Construct Area | - 659,518 sqft |
| Room No. | - 34 | မြေအချိုးကျပိုင်ဆိုင်မှု(%) | - (0.1601)% |
| Township | - Sanchaung | Block No | - 27-D |
| Lot No | - 7A, 112 B, 7C/1, 112 A | Land Area | - 1.95 Acre |

**Sanchaung Garden Residence Condo** အခန်းအမှတ် (၁၈) ငွေပေးချေမှုပုံစံ

| | | | |
|---|---|---|---|
| Room Sqft | 1056 | Price (သိန်း) | 2,058 |
| (၃၀)ကြိမ်အရစ်ကျ (၂၈)ကြိမ် ငွေသွင်းပြီးအခန်းအပ်မည်။ | | 1 sqft Price (သိန်း) | 1.94 |
| စတင်ဆောက်မည့် ကာလ | | | စက်တင်ဘာ - ၂၀၁၄ |
| အခန်းအပ်မည့် ကာလ | | | စက်တင်ဘာ - ၂၀၁၆ |

| Sr | Payment Date | | | သိန်း |
|---|---|---|---|---|
| | Date | Month | Year | |
| Adv | 2 | 9 | 2014 | 18 |
| 1 | 12 | 9 | | 68 |
| 2 | 12 | 10 | | 68 |
| 3 | 12 | 11 | | 68 |
| 4 | 12 | 12 | | 68 |
| 5 | 12 | 1 | 2015 | 68 |
| 6 | 12 | 2 | | 68 |
| 7 | 12 | 3 | | 68 |
| 8 | 12 | 4 | | 68 |
| 9 | 12 | 5 | | 68 |
| 10 | 12 | 6 | | 68 |
| 11 | 12 | 7 | | 68 |
| 12 | 12 | 8 | | 68 |
| 13 | 12 | 9 | | 68 |
| 14 | 12 | 10 | | 68 |
| 15 | 12 | 11 | | 68 |

| Sr | Payment Date | | | သိန်း |
|---|---|---|---|---|
| | Date | Month | Year | |
| 16 | 12 | 12 | 2015 | 68 |
| 17 | 12 | 1 | 2016 | 68 |
| 18 | 12 | 2 | | 68 |
| 19 | 12 | 3 | | 68 |
| 20 | 12 | 4 | | 68 |
| 21 | 12 | 5 | | 68 |
| 22 | 12 | 6 | | 68 |
| 23 | 12 | 7 | | 68 |
| 24 | 12 | 8 | | 68 |
| 25 | 12 | 9 | | 68 |
| 26 | 12 | 10 | | 68 |
| 27 | 12 | 11 | | 68 |
| 28 | 12 | 12 | | 68 |
| 29 | 12 | 1 | 2017 | 68 |
| 30 | 12 | 2 | | 68 |

လိပ်စာ - 104 စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး

ADD-104 Sanchaung Street, Sanchaung Township, Yangon. Latitude : 16.801944732666016, Longitude : 96.13471984863281

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

## O D Tour

Oriental Dragon Travels & Tours Co.,Ltd. Since 1997

| | | | | |
|---|---|---|---|---|
| -တောင်ကြီး | 3 Oct; 7 Oct | -ဖန်ကောက် | 8 Oct; | ဗုဒ္ဓဂယာ |
| -ပုဂံ၊ပုပ္ပါး | 7 Oct | -စင်္ကာပူ | 8 Oct; | (၁၄ည/၁၅ရက်) 8 Oct |
| -မန္တလေး၊မင်းကွန်း | 7 Oct | -ကိုရီးယား | 8 Oct; | 29 Oct |
| -ထားဝယ်၊မောင်းမကန် | 7 Oct | -ဗီယက်နမ် | 8 Oct; | (၇ည/၈ရက်) 22 Oct |
| -မော်လမြိုင်၊ဘားအံ | 8 Oct | -ဟောင်ကောင် | 7 Oct; | Gaya Hot Line: 095024269 |
| -ပြည်၊သရေခေတ္တရာ | 4,11Oct | -ဂျပန် | 7 Oct; | |

01-536855, 526349, 504808, 523187,09-5108087,5187045.

(၅၃)ကျွန်းတောလမ်း၊ စမ်းချောင်း။ Email: odtravels@gmail.com www.odgtour.com

## အာရှကေရီ

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Asian Empress Travels & Tours

အမှတ်(၇၄) ရွှေဂုံတိုင် ... ဗဟန်းမြို့နယ်။

Phone: 01-501712 / 0973211394 / 0930382448 / 0930382449

## Myanmar's Hot New

မြန်မာပြည်တွင်လူတိုင်းအားလုံး Mobile Phone အသုံးပြုနိုင်တော့မည့်အချိန်အခါသမယတွင် သင့်ကို............

(1) Mobile Phone Service Technician

(2) Mobile Phone Service

(3) Mobile Phone ဆိုင်ပိုင်ရှင် ...

Today's Technology

Mobile Phone Training Center.

*All in one package*

(a) Mobile Phone Software Training Course

(b) Mobile Phone Hardware Training Course

(c) Mobile Phone ...

(d) Business Strategy Course

(e) ...

8.9.2014 ... 20% off

8.9.2014 တန်းခွဲသစ်စမည်။

အမှတ်(၁၅/၁၇)၊ Bang Bang တိုက်(၅)လွှာ (A) ... ရန်ကုန်မြို့

Ph : 09 421734888 , 09 421734999

မျိုး-၅-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

## ဦးပိုအေး(တရားလွှတ်တော်ရှေ့နေ)ရေးသားသော သက်သေခံဥပဒေအထွေထွေစာအုပ်

# ထွက်ပြီ

ဆက်သွယ်မှာကြားရန်လိပ်စာ - ဦးပိုအေး (တရားလွှတ်တော်ရှေ့နေ) အမှတ် ၉၃၊ ရွှေမြင်တင်ဘုရားလမ်း၊ ၁၂-ညံကွဲရပ်၊ ပြင်ဦးလွင်မြို့

ဖုန်း-၀၉-၂၀၄၆၀၂၂

## USA Education Seminar

10 တန်း/IGCSE/IB/International School ...

University Of California, California State University,etc.. ... President (Study California) ... Admission & Scholarship ...

Organized by Academic Telesis

Mandalay : Swan Hotel, Sep 6 , 1 pm

Yangon : Summit Parkview Hotel, Sep 7 , 1 pm

Please Register : 01-527168 , 09 255901718

## 21 AD @ BILLBOARD ADVERTISING

www.21advertising.net

ကြော်ငြာများထားရန်

☎ 377093 ☎ 373036 09 73043672 09 73200189

## မာလာတင်

### အမျိုးသမီးကိုယ်ကာယအလှသင်တန်း

| | |
|---|---|
| စာရင်းလက်ခံပြီ | လူဦးရေကန့်သတ်သည်။ |
| ၁-၁၀-၂၀၁၄ ရက်စမည် | အမှတ် ၂၉၇၊ အခန်း ၆၊ |
| စုံစမ်းချိန် - နံနက် ၉နာရီမှ | မဟာဗန္ဓုလပန်းခြံလမ်း၊ |
| ညနေ ၃နာရီအတွင်း | ရန်ကုန်မြို့ |

ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၁၈ အမည်ပေါက် ဦးမောင်သာ(ခ)ဦးဝင်းအောင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးအေးမော် ၁၂/လမတ(နိုင်)၀၂၄၆၄၉ က မြေကွက် စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့်အရောင်းအဝယ်စာချုပ်မူရင်းများ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## "အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"

ALL ADULTS MUST BE ABLE TO DRIVE

နယူးအာရှ (NEW ASIA)

Air-con ...

Ph-661807,667835,0943198384,0943173150

Ph-09 73249138,09 43171697,09 43198381

## GLORY

No.138 / 140 ...

www.glory-education.com ☎ 09-73121717,09-5197817

### အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handset ပြုပြင်သင်တန်း
2. ...
3. TV , DVD , EVD ...
4. ...
5. ...
6. ...
7. ... Electrical Control သင်တန်း
8. ... CNC ...
9. ...
10. ... (3G,4G,5G,6G)
11. PLC & Automation သင်တန်း
12. CNC (Computerized Numerical Control) သင်တန်း
13. PIC Microcontroller သင်တန်း
14. ...
15. Marine Fitter သင်တန်း
16. Marine Electrical သင်တန်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၀၄၃၅၊ Zxin eng Smash ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ဦး ၇/ကတခ(နိုင်)၀၈၈၀၆၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ကြော်ငြာ ကြော်ငြာ ကြော်ငြာ

ကုမ္ပဏီကြီးများလုပ်ငန်းရှင်ကြီးများမှ တိုက်ရိုက်ခင်းကျင်းပြသရောင်းချမည့်

ကုန်စည်ပြပွဲ နှင့် ကား ပြပွဲကြီး

မုံရွာမြို့ (မြို့တော်ခန်းမ) (၁၁-၉-၂၀၁၄) မှ (၁၅-၉-၂၀၁၄) ထိ

ပုသိမ်မြို့ (မြို့တော်ခန်းမ) (၂၁-၉-၂၀၁၄) မှ (၂၅-၉-၂၀၁၄) ထိ

WINNER Ph : 09 517 3076, 09 361 52320, 09 250 660119, 09 250 375368

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

- ၉ သိန်း (၁၄ ည / ၁၅ ရက်) ခရီးစဉ်
- ၈ သိန်း (၇ ည / ၈ ရက်) ခရီးစဉ်

▪Oct 5,19,26 ▪Nov 2,9,16,23,30 ▪Dec 7,14,21,28 ▪Jan 18,25 ▪Feb 1,8,15,22 ▪Mar 1,8,15,22,29 ▪Apr 5,11,12

ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664

ဖုန်း - 545215, 545216, 555173

ဖုန်း - 542236

ဖုန်း - 09 402 64 8989, 09 5300305

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

India GSM Sim Card

GAYA Office- Rajapur Buddha Gaya Pin-824231, Mobile: +918292790371

သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Diploma သင်တန်းများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

- Business Management Higher Diploma
- Business Management Advanced Diploma

(၁) Business Management Higher Diploma

(၂) Business Management Advanced Diploma / Business Management Higher Diploma

(၃) WISE College / Diploma

(၄) Diploma / England / ABE Management Diploma / ABE Management Diploma / B.A Final Year / MBA First Year

(၅) Management / Management Foundation Course / On Job Training (OJT)

WISE College

CAMPUS(1) WISE College (1009 A-B, Yuzana Tower, Shwe Gone Dine, Bahan Tsp).
CAMPUS(2) CO-OPERATIVE UNIVERSITY (THANLYIN)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

Certificate TH14/7986

## Kyaw Tha Construction Group Co., Ltd. သည်

အင်္ဂလန်နိုင်ငံ (UKAS) အဖွဲ့မှ အသိအမှတ်ပြုချီးမြှင့်သည့် **ISO 9001 : 2008**

( Construction Provision of **High Rise Building, Harbour Jetty, Factory** )

လက်မှတ်ရရှိခြင်းအတွက် MD ဦးမောင်အေး နှင့် ဝန်ထမ်းများကိုယ်စား အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်

လုပ်ငန်းများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ဦးအောင်ညွန့်သောင်း | ဦးကျော်လင်း | ဒေါက်တာမောင်မောင်စော |
| ဦးကျော်လှိုင် | ဦးအောင်မြင့်ဝင်း | ဒေါက်တာမြတ်လွင် |
| ဦးအောင်နိုင်ထွန်း | ဦးစင်မောင်လွင် | ဒေါက်တာမြင့်သိမ်း |
| ဦးဝင်းနိုင်ထွန်း | ဦးသန်းဝင်း | ဦးဆန်းထွန်း |